မြဝတီ

နေ့စဉ်

သတင်းထူး၊ သတင်းဦး နေ့စဉ်ဖြန့်ချီ မြဝတီ

www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၄)၊ အမှတ်(၁၉၄)

၁၃၈၆ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁၂ ရက်
၂၀၂၄ ခုနှစ်၊ အောက်တိုဘာ ၂၉ ရက်၊ အင်္ဂါနေ့


**မြတ်ဗုဒ္ဓ၏အဆုံးအမတရား**

တစ်ခဲနက်ဖြစ်သော ကျောက်တောင်သည် အရပ်လေးမျက်နှာမှလာသောလေကြောင့် မတုန်မလှုပ်သကဲ့သို့ ပညာရှိတို့သည် ကဲ့ရဲ့ခြင်း၊ ချီးမွမ်းခြင်းတို့ကြောင့် မတုန်လှုပ်ကုန်။

ဓမ္မပဒ

**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များတည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

**ဆောင်းပါး**

## အနာဂတ်ကို ပခုံးပြောင်းယူကြမည့်လူငယ်များ စာပေဖတ်ရှုကြစေလို

စာ - ၁၃ သို့

# စစ်ကိုင်းမြို့နယ်၌ ယခုနှစ်မိုးသီးနှံစိုက်ပျိုးချိန်တွင် ဝါသီးနှံဧက ၁၅၀၀၀ ကျော် စိုက်ပျိုးနိုင်ခဲ့



**စစ်ကိုင်း အောက်တိုဘာ ၂၈**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့နယ်၌ ယခုနှစ်မိုးသီးနှံစိုက်ပျိုးချိန်တွင် ဝါသီးနှံဧက ၁၅၀၀၀ ကျော် စိုက်ပျိုးနိုင်ခဲ့ကြောင်း စစ်ကိုင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှသိရသည်။

၂၀၂၄-၂၀၂၅ ခုနှစ် မိုးသီးနှံစိုက်ပျိုးချိန်တွင် စစ်ကိုင်းမြို့နယ်၌ ဝါသီးနှံကို ယခုနှစ်ဇွန်လမှစတင်၍ စက်တင်ဘာလအထိ ဧက ၁၅၆၃၀ စိုက်ပျိုးနိုင်ခဲ့သည်။

စာမျက်နှာ ၁၅ ကော်လံ ၁ ⏭

## တိုက်ကြီးမြို့နယ်၊ ဥက္ကံကံကုန်းကျေးရွာရှိ ဒေသခံပြည်သူများအား ကျန်းမာရေး စောင့်ရှောက်မှုဆောင်ရွက်ပေး



ရန်ကုန်တိုင်းစစ်ဌာနချုပ်မှ နယ်လှည့်ဆေးကုသရေးအဖွဲ့က ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

**နေပြည်တော် အောက်တိုဘာ ၂၈**

ရန်ကုန်တိုင်းဒေသကြီး၊ တိုက်ကြီးမြို့နယ်၊ ဥက္ကံမြို့၊ ဥက္ကံကံကုန်းကျေးရွာအုပ်စု၊ ဥက္ကံကံကုန်းကျေးရွာမှ ဒေသခံပြည်သူများအား ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က အဆိုပါကျေးရွာရှိ ရွှေဟင်္သာကျောင်းတိုက်၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

စာမျက်နှာ ၁၂ ကော်လံ ၁ ⏏

## ဝါးခယ်မမြို့နယ်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် မိုးစပါးလျာထား ၂၁၃၂၁၆ ဧက စိုက်ပျိုးပြီးစီး

စာ - ၃ သို့

## တောင်ငူမြို့နယ်၊ ကေတုမတီမြို့၊ သီတဂူ ကေတုမတီဗုဒ္ဓတက္ကသိုလ် အာယုဒါန ဆေးရုံတော်၌ မျက်စိခွဲစိတ်ကုသမှုခံယူလျက်ရှိသော သံဃာတော်များနှင့် မျက်စိဝေဒနာရှင်များအား အလှူငွေများပေးအပ်

စာ - ၁၂ သို့





MWD ဗီဒီယာစင်တာ

MWD ဗီဒီယာစင်တာ ရုံ့ဝန်ဆောင်မှုများ

ဗီဒီယို/ရုပ်သံ ရိုက်ကူးထုတ်လုပ်သူများအတွက်...

အရည်အသွေးမြင့် 4K ကင်မရာများတပ်ဆင်ထားသည့် ခေတ်မီ Studio အခန်းများ အသံဖမ်း Studio များကို ရိုက်ကူးထုတ်လွှင့်သူများအတွက် ငှားရမ်းနိုင်ပါသည်။

ဖျော်ဖြေပွဲများဆောင်ရွက်လိုသူများအတွက်...

LED Screen ပါသည့်ပြဇာတ်ရုံနှင့် 11.1 Sounds System ဖြင့် 4K,3D ရုပ်ရှင်ရုံတို့အား ဖျော်ဖြေရေးပွဲများအတွက် ငှားရမ်းအသုံးပြုနိုင်ပါသည်။

No.15,Moe Kaung Road, 15th Ward, Bauk Htaw, Yankin Township. 09-680101166,01-4705990,01-4705991,01-4705992 https;//www.facebook.com/Public Media Centre

## အယ်ဒီတာ့အာဘော်

(၂၀၂၄ ခုနှစ်၊ အောက်တိုဘာ ၂၉ ရက်)

# ကြိုတင်ကာကွယ်မှုဖြင့် သဘာဝဘေးအန္တရာယ်ကိုရင်ဆိုင်

သဘာဝဘေးအန္တရာယ်ဆိုသည်မှာ ရှောင်လွှဲ၍မရနိုင်သော်လည်း ကြိုတင်ပြင်ဆင်ကာကွယ်မှုများကို အစိုးရ၊ ပြည်သူလက်တွဲညီစွာဆောင်ရွက်နိုင်ပါသည်။ ကမ္ဘာကြီးတွင်လူဦးရေတိုးပွားများပြားလာမှုနှင့်အတူ အသက်မွေးဝမ်းကျောင်းဆိုင်ရာ လုပ်ငန်းများချဲ့ထွင်လာမှု၊ ကမ္ဘာ့အပူချိန်မြင့်မားလာမှု၊ ရာသီဥတုပြောင်းလဲလာမှု၊ သစ်ပင်သစ်တောများ ပြုန်းတီးလာမှု စသည့်များပြားသောအခြေခံအကြောင်းများကြောင့် သဘာဝဘေးအန္တရာယ်များသည်တစ်နှစ်ထက်တစ်နှစ် တိုးတက်ဖြစ်ပွားလာလျက်ရှိသည်။ သဘာဝဘေးအန္တရာယ်ကြောင့် ဆိုးကျိုးသက်ရောက်မှုသည်လည်း ပိုမိုပြင်းထန်လာသည်ကို တွေ့မြင်နေကြရသည်။

ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်တွင် အဓိကအရေးပါသည့်သစ်ပင်သစ်တောပြုန်းတီးမှုကိုကြည့်မည်ဆိုပါက ၂၀၁၀ ပြည့်နှစ်မှ ၂၀၂၀ ပြည့်နှစ်အထိ ၁၀ နှစ်တာကာလအတွင်း နှစ်စဉ်ပျမ်းမျှအားဖြင့် တစ်နှစ်ကို သစ်ပင် ၁၀ သန်းကျော်ပြုန်းတီးနေသည်ဟု ကုလသမဂ္ဂစားနပ်ရိက္ခာအဖွဲ့၏ထုတ်ပြန်ချက်များအရ သိရှိရသည်။ သစ်ပင်များပြုန်းတီးမှုကြောင့် ကမ္ဘာ့အပူချိန်များမြင့်တက်ခဲ့သည်။ တစ်ကမ္ဘာလုံးအနေဖြင့် ၂၀၂၃ ခုနှစ်အပူချိန်သည်(၁၈၅၀-၁၉၀၀) ပြည့်နှစ်များကာလ စက်မှုခေတ်မတိုင်မီကထက် ၁ ဒသမ ၄၅ ဒီဂရီဆဲလ်စီးယပ်အထက်ပိုမိုမြင့်တက်ခဲ့သည်။ စစ်တမ်းများအရ ၂၀၂၃ ခုနှစ်သည် လွန်ခဲ့သောနှစ်ပေါင်း ၁၇၄ နှစ်အတွင်း ကမ္ဘာ့အပူဆုံးနှစ်တစ်နှစ်ဖြစ်ခဲ့ကြောင်းဖော်ပြထားသည်။

သဘာဝဘေးအန္တရာယ်ဖြစ်ပွားမှုများ များပြားလာသကဲ့သို့ ကမ္ဘာ့နိုင်ငံများ၏ ထိခိုက်ဆုံးရှုံးနိုင်ခြေကိုလည်းဆန်းစစ်လေ့လာမှုများပြုလုပ်လာကြသည်။ ၂၀၂၃ ခုနှစ် ကမ္ဘာလုံးဆိုင်ရာ ထိခိုက်ဆုံးရှုံးနိုင်ခြေညွှန်းကိန်း (World Risk Index 2023) တွင် ကမ္ဘာ့နိုင်ငံပေါင်း ၁၉၃ နိုင်ငံ၏ ထိခိုက်ဆုံးရှုံးနိုင်ခြေဆန်းစစ်မှုပြုထားပြီး ဖိလစ်ပိုင်နိုင်ငံကညွှန်းကိန်း ၄၆ ဒသမ ၈၊ အင်ဒိုနီးရှားနိုင်ငံက ညွှန်းကိန်း ၄၃ ဒသမ ၅၀၊ အိန္ဒိယနိုင်ငံက ညွှန်းကိန်း ၄၁ ဒသမ ၅၂ နှင့် သဘာဝဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေညွှန်းကိန်းအမြင့်ဆုံးနိုင်ငံများအဖြစ်တွေ့ရပြီး မြန်မာနိုင်ငံက ညွှန်းကိန်း ၃၆ ဒသမ ၂၆ နှင့်အဆင့် ၆ နေရာတွင်ရှိကြောင်း ဖော်ပြထားသည်။

၂၀၂၄ ခုနှစ်တွင် ပါကစ္စတန်၊ တရုတ်၊ အိန္ဒိယ၊ ကိုရီးယားနှင့်အာရှတိုက်နိုင်ငံများသာမက ဥရောပနိုင်ငံများမှာပါဖြစ်ပွားခဲ့သည့် များပြားပြင်းထန်လှသည့်ရေကြီး၊ ရေလျှံမှုဖြစ်စဉ်များကို ကမ္ဘာ့ရာသီဥတုပြောင်းလဲမှု၏ပြယုဂ်အဖြစ်တွေ့မြင်ကြရသည်။ ၂၀၂၃ ခုနှစ်အတွင်း ကမ္ဘာတစ်ဝန်းတွင် လူသေဆုံးမှုများပြားပြီး ထိခိုက်ပျက်စီးမှုကြီးမားသည့်သဘာဝဘေးအန္တရာယ်ပေါင်း ၃၉၉ ကြိမ်ဖြစ်ပွားခဲ့ကာ လူပေါင်း ၈၆၄၇၃ ဦးသေဆုံးခဲ့သည်။ ဘေးသင့်လူဦးရေ ၉၃ ဒသမ ၁ သန်းထိရှိခဲ့ပြီး စီးပွားရေးဆုံးရှုံးမှုအနေဖြင့် အမေရိကန်ဒေါ်လာ ၂၀၂ ဒသမ ၇ ဘီလီယံရှိခဲ့ကြောင်းသိရှိရသည်။

ကမ္ဘာပေါ်တွင် သဘာဝဘေးအန္တရာယ်ကြောင့် ထိခိုက်မှုအများဆုံးခံရသည့်နိုင်ငံများသည် အာဖရိကနိုင်ငံများဖြစ်ပြီး ကမ္ဘာ့တိုက်ကြီးများထဲတွင် အမေရိကတိုက်သည် သဘာဝဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေအမြင့်မားဆုံးဖြစ်ပြီး ၎င်း၏နောက်တွင် အာရှတိုက်၊ အာဖရိကတိုက်၊ သမုဒ္ဒရာဒေသတွင်းနိုင်ငံများနှင့် ဥရောပတိုက်တို့က အစဉ်လိုက်ရှိနေသည်ဟု (World Risk Report 2023 )အရသိရှိရသည်။ ကမ္ဘာ့နိုင်ငံအများစုတွင် ရာသီဥတုပြောင်းလဲမှုဆိုးကျိုးကြောင့် မုန်တိုင်းဘေး၊ ရေဘေး၊ လေပြင်းဘေး၊ မြေလျှောင်ဘေး စသည်များဖြစ်ပွားခံစားနေရသကဲ့သို့ မြန်မာနိုင်ငံတွင်လည်း ပြီးခဲ့သည့် ၂၀၂၃ ခုနှစ် မေလက မိုခါမုန်တိုင်းဝင်ရောက်တိုက်ခတ်မှုကိုခံစားခဲ့ရသည်။ ကြိုတင်ပြင်ဆင်မှုအားကောင်းခဲ့၍ လူသေဆုံးထိခိုက်မှုသည် ၂၀၀၈ ခုနှစ်က နာဂစ်မုန်တိုင်းနှင့်နှိုင်းယှဉ်ပါက အလွန်လျော့နည်းခဲ့သည်။ မုန်တိုင်းသင့်ဒေသများ ပြန်လည်ထူထောင်ရေးကိုလည်း အချိန်တိုအတွင်း အရှိန်အဟုန်ဖြင့်ဆောင်ရွက်နိုင်ခဲ့သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းသည် အောက်တိုဘာလ ၁၃ ရက်ကကျင်းပခဲ့သည့် ၂၀၂၄ ခုနှစ် အပြည်ပြည်ဆိုင်ရာသဘာဝဘေးအန္တရာယ်ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးနေ့အခမ်းအနားတွင် အမှာစကားပြောကြားစဉ် **“သဘာဝဘေးအန္တရာယ်၏သဘောသဘာဝအရ လုံးဝမဖြစ်အောင်ကာကွယ်တားဆီး၍မရနိုင်ခြင်းကြောင့် ဖြစ်ပွားလာသည့်အခါတွင် ထိခိုက်ဆုံးရှုံးမှုလျော့နည်းအောင် စီမံဆောင်ရွက်ကြရကြောင်း၊ ထိုသို့စီမံဆောင်ရွက်သည့်နေရာတွင်လည်း ကဏ္ဍတိုင်းတွင် ဖြစ်ပေါ်လာနိုင်မည့်ထိခိုက်ဆုံးရှုံးမှုများကို မြော်တွေးပြီး ကြိုတင်စီမံကာကွယ်ဆောင်ရွက်ကြရန်လိုအပ်ကြောင်း၊ သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်နိုင်ရန် မိမိတို့အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီအနေဖြင့်လည်း နိုင်ငံတကာ Disaster နှင့်ပတ်သက်ပြီး များစွာအတွေ့အကြုံရှိခဲ့သည့် ပြည်တွင်းပညာရှင်ကြီးများဦးစီးပြီး ဘေးအန္တရာယ်ပြမြေပုံ (Hazard Map) နှင့်ထိခိုက်ဆုံးရှုံးနိုင်ခြေပြမြေပုံ (Risk Map) ရေးဆွဲပြုစုရန်ဆောင်ရွက်နေပြီဖြစ်ကြောင်း”** ထည့်သွင်းပြောကြားခဲ့သည်။

သဘာဝဘေးအန္တရာယ်သည် နေရာအချိန်မရွေးဖြစ်ပွားတတ်ခြင်းကြောင့် တွေ့ကြုံရင်ဆိုင်ကြရသည့်အခါ လိုက်နာရမည့်လုပ်ငန်းစဉ်များ၊ ရှောင်ကြဉ်ရမည့်အချက်များကိုသိရှိပြီး အတိအကျလိုက်နာဆောင်ရွက်ကြရန်အတွက် နိုင်ငံတော်အစိုးရက ကြိုတင်ကာကွယ်မှုနှင့်အသိပညာပေးလုပ်ငန်းများ ထိထိရောက်ရောက်ဆောင်ရွက်ကြရမည်ဖြစ်သလို ပြည်သူတိုင်းကလည်း ကြိုတင်ကာကွယ်မှုဆိုင်ရာ အသိ သတိများဖြင့် သဘာဝဘေးအန္တရာယ်ကို ရင်ဆိုင်ကြရန်ဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။ ။

# ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ရွှေ့ဆိုင်းခွင့်ရသူများ

**ရွှေ့ဆိုင်းခွင့်**

၁။ ပြည်သူ့စစ်မှုထမ်းဥပဒေပုဒ်မ၊ ၁၅(က)တွင် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့သည် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဖွဲ့မှတင်ပြလာသော ဆင့်ခေါ်ခြင်းခံရသူများ၏ လျှောက်လွှာများကို စိစစ်ရာတွင် အောက်ပါအချက်များနှင့် အကျုံးဝင်သောပုဂ္ဂိုလ်များအား ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ ယာယီရွှေ့ဆိုင်းနိုင်သည်ဟု ပြဋ္ဌာန်းထားပါသည်-

(က) ယာယီအားဖြင့် စစ်မှုထမ်းနိုင်မည့်ကျန်းမာရေးအဆင့်မမီကြောင်း သက်ဆိုင်ရာတပ်မတော်ဆေးစစ်ရေးဘုတ်အဖွဲ့၏ ထောက်ခံချက်ရရှိထားသူများ။

( ခ ) နိုင်ငံ့ဝန်ထမ်းများ။

( ဂ ) ပညာသင်ကြားနေသူများ။

(ဃ) အခြားပြုစုစောင့်ရှောက်မည့်သူမရှိသော မိအိုဖအိုများကိုပြုစုလုပ်ကျွေးနေသူများ။

( င ) မူးယစ်ဆေးဝါးဖြတ်ရန်ဆေးကုသမှုခံယူနေသူများ။

( စ ) ထောင်ဒဏ်ကျခံနေသူများ။

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ ရွှေ့ဆိုင်းခွင့်ပြုသူများ

(က) ဆင့်ခေါ်ရေးအမိန့်စာလက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့်နေ့ရက်အတိုင်း သတင်းပို့ခြင်း မပြုရသေးမီကာလအတွင်း မိဘတစ်ဦးဦးသော်လည်းကောင်း၊ အိမ်ထောင်သည်အမျိုးသားဖြစ်ပါက ဇနီးသော်လည်းကောင်း ရုတ်တရက်သေဆုံးသွားခြင်း။

( ခ ) ဆင့်ခေါ်ရေးအမိန့်စာလက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့်နေ့ရက်အတိုင်း သတင်းပို့ခြင်း မပြုရသေးမီကာလအတွင်း မတော်တဆဖြစ်ရပ်တစ်ခုခုကြောင့်ဖြစ်စေ၊ အခြားသူ၏ပယောဂတစ်ခုခုကြောင့်ဖြစ်စေ ကိုယ်လက်အင်္ဂါအစိတ်အပိုင်းတစ်ခုခု အပြင်းအထန်ဒဏ်ရာရရှိသူဖြစ်ခြင်း။

( ဂ ) ဥပဒေနှင့်အညီ ချုပ်နှောင်ခံနေရသူ၊ သို့မဟုတ် တရားရုံးတစ်ခုခုတွင် အမှုရင်ဆိုင်နေရသူဖြစ်ခြင်း။

(ဃ) နိုင်ငံတော်၏လိုအပ်ချက်အရ ပညာရပ်များကို လေ့လာသင်ယူနေသူဖြစ်ခြင်း။

( င ) ပြည်သူ့စစ်မှုထမ်းရမည့်တာဝန်မှယာယီရွှေ့ဆိုင်းပေးရန်မဖြစ်မနေလိုအပ်နေသူဖြစ်ခြင်း။

# တပ်ကုန်းမြို့နယ်အတွင်း ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ဆီထွက်သီးနှံစုံ ၂၃၁၉၈ ဧက လျာထားစိုက်ပျိုးမည်

နေပြည်တော် အောက်တိုဘာ ၂၈

နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ်အတွင်း ယခုနှစ်ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ဆီထွက်သီးနှံများဖြစ်သည့် မြေပဲ၊ နှမ်းနှင့်နေကြာစသည့်သီးနှံမျိုးစုံ ၂၃၁၉၈ ဧက လျာထားစိုက်ပျိုးမည်ဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှသိရသည်။

တပ်ကုန်းမြို့နယ်အတွင်းရှိ ဒေသခံတောင်သူများ ဆီထွက်သီးနှံစိုက်ပျိုးထုတ်လုပ်မှု တိုးတက်ရေးအတွက် ဆီထွက်သီးနှံမျိုးစုံအထွက်နှုန်းကောင်း၊ မျိုးကောင်း၊ မျိုးသန့်များသုံးစွဲရေးနှင့် စိုက်စနစ်မှန်ကန်ရေး၊ သဘာဝမြေဩဇာနှင့် ဓာတ်မြေဩဇာ အချိုးကျသုံးစွဲနိုင်ရေး၊ ဆီထွက်သီးနှံများစီးပွားဖြစ်စိုက်ပျိုးနိုင်ရေး၊ ဆီထွက်သီးနှံများအရည်အသွေးကောင်းရရှိရေး၊ နောက်ဆုံးပေါ်နည်းပညာများရယူသုံးစွဲနိုင်ရေးနှင့် ဈေးကွက်ဝင်ဆီထွက်သီးနှံများ စိုက်ပျိုးကြရေးကိုလည်း စည်းရုံးဆောင်ရွက်လျက်ရှိကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

တပ်ကုန်းမြို့နယ်၌ ယခုနှစ်ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ဆီထွက်သီးနှံများလျာထားစိုက်ပျိုးမှုအနေဖြင့် မြေပဲ ၁၀၇၉၄ ဧက၊ နှမ်း ၁၁၃၆၇ ဧကနှင့် နေကြာ ၁၀၃၇ ဧက စုစုပေါင်း ၂၃၁၉၈ ဧက စိုက်ပျိုးမည်ဖြစ်ပြီး မြို့နယ်အတွင်းသာမက ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဒေသခံတောင်သူများနှင့်ပူးပေါင်း၍ အောင်မြင်အောင် အကောင်အထည်ဖော်စိုက်ပျိုးမည်ဖြစ်ကြောင်းသိရသည်။

(၄၁၃)


the Myawady Daily မြဝတီ နေ့စဉ်

စာတည်းမှူးချုပ် - ဦးမျိုးဝင်းရှိန်
စာတည်းမှူး(မြန်မာ) - ဦးရာဇာအောင်
စာတည်းမှူး(အင်္ဂလိပ်) - ဦးရဲမင်းတင်
စာတည်း(ကျွမ်းကျင်)အင်္ဂလိပ် - ဦးတင်မောင်သန်း

စာတည်းအဖွဲ့(မြန်မာ) - ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်ဖြူဖြူမောင်
စာတည်းအဖွဲ့(အင်္ဂလိပ်) - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
သတင်းအဖွဲ့(နေပြည်တော်) - ဦးဇော်မင်းပိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့(ရန်ကုန်) - ဦးစံမင်းသူ

**နေပြည်တော်**
စာတည်းအဖွဲ့ ၀၃၁-၇၃၉၉၈၊ ဖက်စ် ၀၃၁-၇၃၉၉၉/၀၃၂-၃၀၂၆၂၊
ဖြန့်ချိရေး/ကြော်ငြာ ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။

**ရန်ကုန်(ရုံးခွဲ)**
စာတည်းအဖွဲ့ ၀၃၁-၇၄၀၂၁၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၃၁-၇၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

**မန္တလေး(ရုံးခွဲ)**
တာဝန်ခံ ၀၉-၆၈၈၈၃၅၅၈၊ ၈၄ လမ်း၊
၂၉x၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

**ကျိုင်းတုံ(ရုံးခွဲ)**
တာဝန်ခံ ၀၉-၂၅၀၅၅၆၆၃၈၊ ၀၃၄-၇၃၆၀၁
လှိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

**ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ်** - ၀၀၃၇၈/၀၀၄၉၄
**စတင်ထုတ်ဝေသည့်ရက်** - ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website - www.myawady.net.mm

# ရေကြီးနစ်မြုပ်ထိခိုက်ပျက်စီးကေများအား အစားထိုးစိုက်ပျိုးနိုင်ရေးအတွက် မတ်ပဲ ပဲတီစိမ်းမျိုးစေ့နှင့် ချည်မျှင်ရှည်ဝါ ပန်းတိုင်အထွက်နှုန်းရရှိရေး သွင်းအားစုပေးအပ်ပွဲကျင်းပ



ကျောက်ဆည် အောက်တိုဘာ ၂၈

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် ကျောက်ဆည်မြို့နယ်အတွင်း ရေကြီးနစ်မြုပ်ထိခိုက်ပျက်စီးကေများအား အစားထိုးစိုက်ပျိုးနိုင်ရေးအတွက် မတ်ပဲ၊ ပဲတီစိမ်းမျိုးစေ့နှင့်ချည်မျှင်ရှည်ဝါများ ပန်းတိုင်အထွက်နှုန်းရရှိရေး သွင်းအားစုပေးအပ်ပွဲကို အောက်တိုဘာလ ၂၈ ရက်တွင် မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပကြောင်း သိရသည်။

ရှေးဦးစွာ ကျောက်ဆည်ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးကောင်းမြတ်နိုင်က စပါး၊ ဆီထွက်သီးနှံနှင့် ချည်မျှင်ရှည်ဝါစိုက်ကေများ တိုးချဲ့နိုင်ရေးနှင့် ပန်းတိုင်အထွက်နှုန်းရရှိရေးအတွက် လိုအပ်သည့် မျိုးကောင်းမျိုးသန့်၊ မျိုးစေ့များနှင့်သွင်းအားစုများ ပံ့ပိုးကူညီမှုများ ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ တောင်သူများအနေဖြင့် သီးနှံအထွက်နှုန်းတိုးပွားရေးဆောင်ရွက်ကြရန်လိုကြောင်း အဖွင့်အမှာစကားပြောကြားသည်။

ဆက်လက်၍ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးမြင့်အောင်က မြို့နယ်အတွင်း အဓိက ပန်းတိုင်သီးနှံ ၁၀ မျိုး စိုက်ပျိုးထားပြီး မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ကျေးရွာအုပ်စု ၅၉ အုပ်စု၌ စိုက်ပျိုးထားသည့် မိုးသီးနှံ ၂၄၀၄၁ ဧက ထိခိုက်ခဲ့ကာ ၁၆၃၈၄ ဧက ပျက်စီးခဲ့ကြောင်း၊ အဆိုပါ ပျက်စီးကေများအားပြန်လည်စိုက်ပျိုးနိုင်ရန် မြန်မာနိုင်ငံပဲမျိုးစုံ၊ မြေပဲ၊ နှမ်းကုန်သည်ကြီးများအသင်းမှ ကုမ္ပဏီများက ရေကြီးနစ်မြုပ်ခဲ့သည့် စိုက်ကေများ ပြန်လည်စိုက်ပျိုးနိုင်ရေး မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့နှင့်ပူးပေါင်း၍ မတ်ပဲ၊ ပဲတီစိမ်းမျိုးစေ့များနှင့် ချည်မျှင်ရှည်ဝါသီးနှံအတွက် ရွက်ဖျန်းမြေဩဇာနှင့် ပိုးသတ်ဆေးများကို တစ်ဧကအထွက်နှုန်းတိုးရန်၊ ဝင်ငွေအကျိုးအမြတ်များရရှိစေရန် သက်ဆိုင်ရာဌာနဆိုင်ရာများနှင့်ပူးပေါင်းကာ လိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ တောင်သူများအနေဖြင့် စားရေရိက္ခာဖူလုံရေးနည်းပညာများကို တိကျစွာလိုက်နာ၍ ပန်းတိုင်အထွက်နှုန်းရရှိရေးအတွက် ကြိုးစားဆောင်ရွက်ကြစေလိုကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးကောင်းမြတ်နိုင်၊ ခရိုင်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးချစ်ဆွေဦး၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအောင်ဇော်ဦးနှင့်တာဝန်ရှိသူများက ရေကြီးနစ်မြုပ်မှုကြောင့် ထိခိုက်ပျက်စီးခဲ့သော သီးနှံကေများ အစားထိုးစိုက်ပျိုးနိုင်ရေး မတ်ပဲ၊ ပဲတီစိမ်းမျိုးစေ့များနှင့် ချည်မျှင်ရှည်ဝါ ပန်းတိုင်အထွက်နှုန်းရရှိရေး သွင်းအားစုများကို မကျီးတောကျေးရွာ၊ ကြောင်ပန်းကုန်းကျေးရွာနှင့် ရဲဘော်ကြီးကျေးရွာတို့မှ တောင်သူများအား အခမဲ့ပံ့ပိုးပေးအပ်ခဲ့ကြောင်း သိရသည်။

**သက်မောင်(ကျောက်ဆည်)**

# ဝါးခယ်မမြို့နယ်၌ ယခုနှစ်မိုးသီးနှံစိုက်ပျိုးရာသီတွင် မိုးစပါးလျာထား ၂၁၃၂၁၆ ဧကစိုက်ပျိုးပြီးစီး

ဝါးခယ်မ အောက်တိုဘာ ၂၈

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် ဝါးခယ်မမြို့နယ်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် မိုးစပါးလျာထား ၂၁၃၂၁၆ ဧကအားလုံးစိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်မိုးဝင်း၏ ပြောကြားချက်အရ သိရသည်။

ဝါးခယ်မမြို့နယ်၌ မိုးစပါးလျာထား ၂၁၃၂၁၆ ဧကကို ဇူလိုင်လပထမပတ်က စတင်စိုက်ပျိုးခဲ့ရာ လက်ရှိတွင် လျာထားကေအားလုံး စိုက်ပျိုးပြီးဖြစ်သည်။ အဆိုပါ မိုးစပါးများ လျာထားချက်အတိုင်း ရာနှုန်းပြည့်စိုက်ပျိုးနိုင်ရန် စိုက်ပျိုးရေးနည်းပညာပေးလုပ်ငန်းများကို စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက ကွင်းဆင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

"ဝါးခယ်မမြို့နယ်မှာ ဒီနှစ်မိုးစပါးလျာထားကေ ၂၁၃၀၀၀ ကျော် စိုက်ပျိုးခဲ့ပါတယ်။ လက်ရှိမိုးစပါးလျာထားကေအားလုံးစိုက်ပျိုးပြီးဖြစ်ပါတယ်။ မိုးစပါးစိုက်ပျိုးဖို့အတွက် စပါးစတင်မစိုက်မီအချိန်ကတည်းက စိုက်ပျိုးရေးနည်းပညာတွေကို ကြိုတင်ဆောင်ရွက်ပေးခဲ့ပါတယ်။ ဒ့ါပြင် တောင်သူတွေစိုက်ပျိုးတဲ့မိုးစပါး အထွက်နှုန်း ကောင်းမွန်စေဖို့အတွက် လိုအပ်တဲ့ ဓာတ်မြေဩဇာတွေကိုလည်း ပံ့ပိုးပေးဖို့ သက်ဆိုင်ရာအဖွဲ့အစည်းတွေနဲ့ ချိတ်ဆက်စီစဉ်ပေးခဲ့ပါတယ်။ ဓာတ်မြေဩဇာတွေကိုလည်း စိုက်ပျိုးရေးနည်းလမ်းတွေအတိုင်း အသုံးပြုနိုင်ဖို့ နည်းပညာပေးလုပ်ငန်းတွေကို ကွင်းဆင်းလုပ်ဆောင်ပေးခဲ့တယ်။ အထွက်နှုန်းနဲ့ စပါးအရည်အသွေးပြည့်မီစေဖို့ကိုလည်း ဆောင်ရွက်ပေးထားပါတယ်"ဟု ဦးကျော်မိုးဝင်းကပြောသည်။

ဝါးခယ်မမြို့နယ်၌ စိုက်ပျိုးထားသော မိုးစပါးလျာထား ၂၁၃၂၁၆ ဧကတွင် ဆင်းသုခ၊ သီးထပ်ရင်၊ ရက် ၉၀၊ GW-11၊ GW-1 စသည့် စပါးအမျိုးအစားများကို အများဆုံးစိုက်ပျိုးထားကြောင်း၊ အဆိုပါစပါးအမျိုးအစားများသည် ဒေသရေမြေရာသီဥတုနှင့်ကိုက်ညီသည့်အတွက် အဓိကထားစိုက်ပျိုးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**သုတကျော်**

# မန္တလေးဈေးကွက်အတွင်း ကြောင်ပန်းစေ့များ ဝယ်လိုအားမြင့်တက်လာသဖြင့် အရောင်းအဝယ်သွက်လျက်ရှိ

မန္တလေး အောက်တိုဘာ ၂၈

မြန်မာနိုင်ငံ အလယ်ပိုင်းဒေသများ၌ သဘာဝအလျောက် ပေါက်ရောက်လေ့ရှိသော ကြောင်ပန်းပင်မှရရှိသည့် ကြောင်ပန်းစေ့များကို မန္တလေးဈေးကွက်အတွင်း ဝယ်လိုအားမြင့်တက်နေသဖြင့် ယခုရက်ပိုင်းတွင် အရောင်းအဝယ်သွက်လျက်ရှိကြောင်း မန္တလေးမြို့ရှိ ပဲ၊ နှမ်းကုန်သည်များ၏ပြောပြချက်အရ သိရသည်။

ကြောင်ပန်းစေ့ကို ရှေးယခင်ကတည်းက မြန်မာတိုင်းရင်းဆေးများ ဖော်စပ်ရာတွင် ထည့်သွင်းအသုံးပြုခဲ့ကြပြီး ယခုအခါ ဆေးဝါးထုတ်လုပ်ရာတွင် အရေးပါသော ပါဝင်ပစ္စည်းတစ်မျိုးအနေဖြင့် သုံးစွဲလာကြခြင်းကြောင့် ဈေးကွက်ခိုင်မာမှုရှိကာ ကြောင်ပန်းပင်များ ပေါက်ရောက်လေ့ရှိသောဒေသများမှ ဒေသခံပြည်သူများအနေဖြင့် အပိုဝင်ငွေများရရှိလာကြသည်။

"သဘာဝအလျောက်ပေါက်ရောက်တဲ့ ကြောင်ပန်းပင်ကရတဲ့ ကြောင်ပန်းစေ့တွေက အခုချိန်မှာ ဝယ်လိုအားမြင့်တက်နေတာကြောင့် ဈေးရရှိပြီး အရောင်းအဝယ်သွက်နေပါတယ်။ ဈေးကွက်အနေနဲ့ မန္တလေးမြို့ကိုအခြေပြုပြီး အရောင်းအဝယ်ပြုလုပ်ကြပါတယ်။ လာရောင်းရင် ဝယ်မယ့်သူတွေက အဆင်သင့်ရှိပြီးတော့ ဈေးကွက်အခိုင်အမာရှိနေပါတယ်" ဟု မန္တလေးမြို့မှ စိုးဝင်းမြင့်ပွဲရုံပိုင်ရှင် ဦးစိုးဝင်းမြင့်ကပြောသည်။

ကြောင်ပန်းပင်များသည် မြန်မာနိုင်ငံ အလယ်ပိုင်းဒေသများ၌ သဘာဝအလျောက်ပေါက်ရောက်သော အပင်အမျိုးအစားဖြစ်ပြီး ကုန်းတွင်းကျသော နေရာများထက် မြစ်၊ ချောင်းကမ်းနားနှင့် သဲချောင်းကမ်းစပ်များတွင် ပိုမိုပေါက်ရောက်လေ့ရှိကာ ရေနံချောင်း၊ ချောက်၊ ကျောက်ပန်းတောင်း စသည့် ဒေသများ၌ ကြောင်ပန်းပင်များကို အများအပြားတွေ့ရသည်။

ထို့အတူ မန္တလေးတိုင်းဒေသကြီးရှိ သဲတော၊ ဝမ်းတွင်း၊ ကျောက်ဆည်၊ မြစ်သား စသည့်ဒေသများနှင့် ဇော်ဂျီ၊ ပန်းလောင်၊ ဒုဋ္ဌဝတီ စသည့်မြစ်ကမ်းဘေးများတွင်လည်း သဘာဝအလျောက်ပေါက်ရောက်ပြီး စစ်ကိုင်းတိုင်းဒေသကြီးရှိ ပုလဲ၊ ယင်းမာပင်နှင့် မကွေးတိုင်းဒေသကြီးအနောက်ဘက်ခြမ်းရှိ ဒေသတချို့တွင်လည်း သဘာဝအလျောက်ပေါက်ရောက်ကြောင်း သိရသည်။

**ဆောင်းဦး**

မဇ္ဈိမ ကာတွန်း



## (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးမှ

# ပထမဆုရှင်တို့၏ ပြိုင်ပွဲဝင်ပုံရိပ်များ




ဝါသနာရှင် ဒုတိယတန်းအဆင့် (အမျိုးသမီး)ဆိုင်းအဖွဲ့လိုက်အတီးပြိုင်ပွဲတွင် ပထမဆုရ ရန်ကုန်တိုင်းဒေသကြီးမှ ဒေါ်ဝင့်ရွှေရည်မိုး(ခ)စတားရွှေရည်ဖိုးဇော်နှင့်အဖွဲ့ မြိုင်မြိုင်ဆိုင်ဆိုင်တီးခတ်ယှဉ်ပြိုင်စဉ်။




ဝါသနာရှင် ပထမတန်းအဆင့် (အမျိုးသား)တယောအတီးပြိုင်ပွဲတွင် ပထမဆုရ ကယားပြည်နယ်မှ ဦးရဲထွဋ်အောင် "စိန်ကြောင်နီလာ" (ပတ်ပျိုး) သီချင်းဖြင့် ယှဉ်ပြိုင်စဉ်။



ဝါသနာရှင် ပထမတန်းအဆင့် (အမျိုးသမီး)စန္ဒရားအတီးပြိုင်ပွဲတွင် ပထမဆုရ ရန်ကုန်တိုင်းဒေသကြီးမှ ဒေါ်တင်ဇာအေးလွင် "ယမုန်နာ"(ပတ်ပျိုး) သီချင်းဖြင့် ယှဉ်ပြိုင်စဉ်။



စောင်းအတီးပြိုင်ပွဲအခြေခံပညာအဆင့်(အမျိုးသမီး အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း)၌ ပထမဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးမှ မသိမ့်သိမ့်ဇော် "တောဟေဝန်လယ်" (ယိုးဒယား)သီချင်းဖြင့် တီးခတ်ယှဉ်ပြိုင်စဉ်။



ဝါသနာရှင် ပထမတန်းအဆင့်(အမျိုးသား)အကပြိုင်ပွဲတွင် ပထမဆုရ တနင်္သာရီတိုင်းဒေသကြီးမှ ဦးဇော်ထွေး(ခ)မိုးထက်အောင် စည်းဝါးနရီ ပိုင်ပိုင်နိုင်နိုင် ကပြယှဉ်ပြိုင်စဉ်။




မဟာဂီတဝါသနာရှင် ဒုတိယတန်းအဆင့်(အမျိုးသမီး) အဆိုပြိုင်ပွဲတွင် ပထမဆုရ မန္တလေးတိုင်းဒေသကြီးမှ မလင်းလက်နွယ် "တောတောင်စွယ်"(ယိုးဒယား)သီချင်းဖြင့် ယှဉ်ပြိုင်စဉ်။

# (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးမှ ပထမဆုရှင်တို့၏ ပြိုင်ပွဲဝင်ပုံရိပ်များ



အခြေခံပညာ(၁၀-၁၅) (အမျိုးသား)ပတ္တလားအတီးပြိုင်ပွဲတွင် ပထမဆုရ မန္တလေးတိုင်းဒေသကြီးမှ မောင်ကောင်းခန့်ဇော် “မင်္ဂလာသီရိ” (ဘွဲ့)သီချင်းဖြင့် တီးခတ်ယှဉ်ပြိုင်စဉ်။




အခြေခံပညာ(၁၅-၂၀)(အမျိုးသား)ဒုံမင်းအတီးပြိုင်ပွဲတွင် ပထမဆုရ မန္တလေးတိုင်းဒေသကြီးမှ မောင်လင်းလက်အောင် “ဇေယျာမြို့” (ကြိုး)သီချင်းဖြင့် တီးခတ်ယှဉ်ပြိုင်စဉ်။




မဟာဂီတ ဝါသနာရှင် ဒုတိယတန်းအဆင့်(အမျိုးသမီး) အဆိုပြိုင်ပွဲတွင် ပထမဆုရ ရန်ကုန်တိုင်းဒေသကြီးမှ မအေးစုလှိုင် “တောတောင်စွယ်” (ယိုးဒယား)သီချင်းဖြင့် ယှဉ်ပြိုင်စဉ်။



ကာလပေါ်/ခေတ်ဟောင်းတေးအဆိုပြိုင်ပွဲတွင် အဆင့်မြင့်ပညာ(အမျိုးသား)၌ ပထမဆုရရှိသည့် မန္တလေးတိုင်းဒေသကြီးမှ မောင်ရဲရင့်ကျော် “ဂုဏ်တော်ကိုးသွယ်”သီချင်းဖြင့် သီဆိုယှဉ်ပြိုင်စဉ်။



အခြေခံပညာ(၁၀-၁၅) (အမျိုးသမီး)အကပြိုင်ပွဲတွင် ပထမဆုရ မန္တလေးတိုင်းဒေသကြီးမှ မသြလင်းဖြူ စည်းဝါးနရီပိုင်ပိုင်နိုင်နိုင် ကပြယှဉ်ပြိုင်စဉ်။




ဝါသနာရှင် ဒုတိယတန်းအဆင့်(အမျိုးသား)အကပြိုင်ပွဲတွင် ပထမဆုရ မွန်ပြည်နယ်မှ မောင်လင်းညီညီခန့်စည်းဝါးနရီ ပိုင်ပိုင်နိုင်နိုင်ကပြစဉ်။



မဟာဂီတအဆိုပြိုင်ပွဲ အဆင့်မြင့်ပညာ(အမျိုးသမီး)၌ ပထမဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးမှ မအေးသက်ထားဇော် “သီလာဝေယံ” (ပတ်ပျိုး)သီချင်းဖြင့် သီဆိုယှဉ်ပြိုင်စဉ်။

# ဝေါမြို့နယ် အင်းတိုင်စုကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်း ဂဝံမြေခင်းလုပ်ငန်း ဆောင်ရွက်နေမှုစစ်ဆေး

**ဝေါ အောက်တိုဘာ ၂၈**

ပဲခူးတိုင်းဒေသကြီး ဝေါမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် အင်းတိုင်စုကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်းဂဝံမြေခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို အောက်တိုဘာလ ၂၈ ရက်တွင် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးကြကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဝေါမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဦးစီးမှူး ဒေါ်ငြိမ်းငြိမ်းအိနှင့်ဝန်ထမ်းများက ကျေးရွာကုန်ထုတ်လမ်းဖြစ်မြောက်ရေးကော်မတီဝင်များနှင့်အတူ အင်းတိုင်စုကျေးရွာ၌ လမ်းအရှည် ၂ မိုင်၊ အကျယ် ၁၂ ပေ၊ အမြင့် ၉ လက်မရှိသော ကျေးလက်ကုန်ထုတ်လမ်းဂဝံမြေခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးကြပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာတာဝန်ရှိသူများ၊ ကျေးရွာကော်မတီဝင်များ၊ တင်ဒါရကုမ္ပဏီမှ တာဝန်ရှိသူများနှင့်တွေ့ဆုံပြီး သတ်မှတ်ကာလအတွင်း စံချိန်စံညွှန်းပြည့်မီစွာ အချိန်မီပြီးစီးရေးနှင့်လုပ်ငန်းအရည်အသွေးပြည့်မီအောင်ဆောင်ရွက်ကြရန်ဆွေးနွေးမှာကြားသည်။

ဝေါမြို့နယ် အင်းတိုင်စုကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်းဂဝံမြေခင်းခြင်းလုပ်ငန်းကို ပြည်ထောင်စုရန်ပုံငွေကျပ်သန်း ၁၆၀ ဖြင့် ခနတိုးပွားကုမ္ပဏီက တာဝန်ယူ၍ ဆောင်ရွက်ရာ ယခုအခါ ၄၅ ရာခိုင်နှုန်းကျော် ဆောင်ရွက်ပြီးစီးနေပြီဖြစ်သည်။ အဆိုပါလုပ်ငန်းများအားလုံး ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပါက အင်းတိုင်စုကျေးရွာရှိ တောင်သူများပိုင်ဆိုင်သော စိုက်ပျိုးမြေဧက ၂၀၀၀ မှထွက်ရှိသည့် လယ်ယာထွက်ကုန်သီးနှံများဈေးကွက်သို့ အချိန်မီတင်ပို့ရောင်းချနိုင်မည်ဖြစ်ကြောင်း သိရသည်။

**ကိုညို(ကျေးလက်)**

# ပွင့်ဖြူမြို့နယ်၌ ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ပန်းနှမ်း ၁၁၅ ဧက လျာထားစိုက်ပျိုးမည်



**ပွင့်ဖြူ အောက်တိုဘာ ၂၈**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်၌ ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ဒေသခံတောင်သူများက ဆီစားသုံးမှုဖူလုံစေရန်နှင့် သီးနှံဝင်ငွေတိုးပွားစေရန် ရည်ရွယ်၍ ပန်းနှမ်း ၁၁၅ ဧက လျာထားစိုက်ပျိုးမည်ဖြစ်ကြောင်း ပွင့်ဖြူမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ပွင့်ဖြူမြို့နယ်၌ ဒေသခံတောင်သူများက ပန်းနှမ်းသီးနှံကို သတ်မှတ်စိုက်ဧကပြည့်မီစေရေးအတွက် နိုဝင်ဘာလ ပထမပတ်တွင် စိုက်ပျိုးနိုင်ရန် လယ်ယာမြေထွန်ယက်ပြုပြင်ခြင်း၊ သီးနှံအထွက်နှုန်းကောင်းမွန်စေရေးဒေသနှင့်ကိုက်ညီသော မျိုးကောင်းမျိုးသန့်များရရှိရေး သက်ဆိုင်ရာဌာနများနှင့် ချိတ်ဆက်၍ ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

“ဒီနှစ် ဆောင်းရာသီမှာ ဒေသတွင်းစားသုံးဆီဖူလုံပိုလျှံစေဖို့၊ ဆီထွက်သီးနှံစိုက်ပျိုးစွမ်းအားတိုးတက်စေဖို့နဲ့ တောင်သူတွေ သီးနှံဝင်ငွေတိုးပွားစေဖို့ ရည်ရွယ်ပြီး ပန်းနှမ်းသီးနှံ ၁၁၅ ဧက စိုက်ပျိုးဖို့ လျာထားပါတယ်။ ပန်းနှမ်းသီးနှံက ဒီဒေသမှာ အောင်မြင်ဖြစ်ထွန်းမှုရှိတဲ့အတွက် နှစ်စဉ်ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ တောင်သူတွေက အားထားစိုက်ပျိုးကြပါတယ်။ ပန်းနှမ်းစိုက်ပျိုးရေးနဲ့ပတ်သက်ပြီး တောင်သူတွေကိုအခက်အခဲမရှိ အဆင်ပြေစွာ စိုက်ပျိုးနိုင်အောင် စိုက်နည်းစနစ်နဲ့ ဒေသနဲ့ကိုက်ညီတဲ့ မျိုးကောင်းမျိုးသန့်တွေ ရရှိအောင် ကူညီဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်” ဟု ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောသည်။

ပွင့်ဖြူမြို့နယ်၌ စိုက်ပျိုးရေဖူလုံမှုနှင့် စိုက်ပျိုးမြေကောင်းမွန်မှုကြောင့် ဒေသခံတောင်သူများက နှစ်စဉ်ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ဒေသတွင်းစားသုံးဆီဖူလုံပိုလျှံစေရန်အတွက် ပန်းနှမ်းသီးနှံကို အားထားစိုက်ပျိုးလုပ်ကိုင်ကြကြောင်း၊ ယခုနှစ်တွင် ပန်းနှမ်း ၁၁၅ ဧက စိုက်ပျိုးရန်လျာထားရာ သတ်မှတ်စိုက်ဧကပြည့်မီရေးအတွက် စိုက်ပျိုးရေးဦးစီးဌာနက ဒေသခံတောင်သူများနှင့် ပူးပေါင်းကြိုးပမ်းဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

**လှိုင်ဝင်းလေး(ပွင့်ဖြူမြေ)**

# လယ်ဝေးမြို့နယ် စာအုပ်စာစောင်ချစ်မြတ်နိုးသူများအသင်း စာဖတ်ဝိုင်းဆွေးနွေးပွဲကျင်းပ

**နေပြည်တော် အောက်တိုဘာ ၂၈**

နေပြည်တော်ကောင်စီနယ်မြေ လယ်ဝေးမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနစုပေါင်းခန်းမ၌ စာအုပ်စာစောင်ချစ်မြတ်နိုးသူများအသင်းနှင့် စာပေဝါသနာရှင်ကျောင်းသား၊ ကျောင်းသူများ၏စာဖတ်ဝိုင်းဆွေးနွေးပွဲကို အောက်တိုဘာလ ၂၈ ရက်တွင် ကျင်းပသည်။

ရှေးဦးစွာ လယ်ဝေးမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိဒေါ်ဝေကြည်စန်းအောင်က စာပေဖတ်ရှုသည့် အလေ့အထကောင်းများတိုးပွားရရှိကာ စာဖတ်ရှိန်မြင့်မားပြီး အသိပညာဗဟုသုတများ အပြန်အလှန်ဖလှယ်ဆွေးနွေးနိုင်ရေးနှင့်စာပေမြတ်နိုးသူများအချင်းချင်း ချစ်ခင်စည်းလုံးမှုပိုမိုရရှိစေရေးရည်ရွယ်ကာ စာဖတ်ဝိုင်းပြုလုပ်ခြင်းဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် Book Club အသင်းဝင်များနှင့်စာပေဝါသနာရှင်ကျောင်းသား၊ကျောင်းသူများက စာရေးဆရာ အောင်ကိုဦးရေးသားသည့် လူငယ်များကိုလမ်းဖွင့်ပေးပါ စာအုပ်ကိုဖတ်ရှု၍ မိမိတို့၏အမြင်များကို ဆွေးနွေးကြကြောင်း သိရသည်။

**(၄၁၃)**



# ရှေးဦးပြုစုခြင်း အခြေခံသင်တန်းဆင်း

**ကျွန်းစု အောက်တိုဘာ ၂၈**

တနင်္သာရီတိုင်းဒေသကြီး ကျွန်းစုမြို့နယ်တွင် အရေးပေါ်အသက်ကယ်ဆယ်နိုင်ရေး ပညာရပ်တတ်မြောက်စေရန် အတွက်ရှေးဦးပြုစုခြင်းအခြေခံသင်တန်းဆင်းပွဲအခမ်းအနားကို အောက်တိုဘာလ ၂၇ ရက် မွန်းလွဲပိုင်းတွင် ကျွန်းစုမြို့ အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။

အခမ်းအနားတွင် မြိတ်ခရိုင် ကြက်ခြေနီသူနာပြုတပ်ဖွဲ့ တပ်ဖွဲ့မှူး ဦးထက်မြက်စိုးက ကြက်ခြေနီတပ်ဖွဲ့၏ဖွဲ့စည်းပုံများနှင့် ဆောင်ရွက်လျက်ရှိသည့် ကူညီကယ်ဆယ်ရေးလုပ်ငန်းများကို ပြောကြားပြီး တိုင်းနည်းပြမှူး ဒေါ်စန္ဒာဝင်းက ဆေးအိတ်များပေးအပ်ရာ ကျောင်းအုပ်ကြီး ဒေါ်ငွေငွေဝင်းက လက်ခံရယူသည်။

ထို့နောက် မြို့နယ်ပညာရေးမှူး ဒေါ်ဝင်းမာနှင့်တာဝန်ရှိသူများက သင်တန်းဆင်း အောင်လက်မှတ်များကိုလည်းကောင်း၊ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ကိုကိုနှင့် တာဝန်ရှိသူများက ထူးချွန်ဆုများကိုလည်းကောင်း အသီးသီးပေးအပ်သည်။

သင်တန်းတွင် သင်တန်းသား၊ သင်တန်းသူ ၃၁ ဦး တက်ရောက်ပြီး ကြက်ခြေနီအကြောင်း သိကောင်းစရာများ၊ လူနာသယ်ဆောင်နည်း၊ ပတ်တီးစည်းနည်းများ၊ ရုတ်တရက် အသက်ကယ်ပြုစုနည်းများ စသည့်ပညာရပ်များကို အောက်တိုဘာလ ၂၅ ရက်မှ ၂၇ ရက်အထိ စာတွေ့လက်တွေ့သင်ကြားပေးကြောင်း သိရသည်။

**ထက်မြင့်(ကျွန်းစု)**

# မိတ္ထီလာမြို့နယ်စက်မှုဇုန်၌ စက်မှုဇုန်စီမံခန့်ခွဲရေးကော်မတီရွေးချယ်

**မိတ္ထီလာ အောက်တိုဘာ ၂၈**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ်တွင် စက်မှုဇုန်စီမံခန့်ခွဲရေးကော်မတီရွေးချယ်ပွဲကို အောက်တိုဘာလ ၂၇ ရက် မွန်းလွဲပိုင်းတွင် စက်မှုဇုန်ခန်းမ၌ ကျင်းပသည်။

မိတ္ထီလာစက်မှုဇုန်စီမံခန့်ခွဲရေးကော်မတီ စိစစ်ရွေးချယ်ရေးကြီးကြပ်ရေးအဖွဲ့ခေါင်းဆောင်ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ အုပ်ချုပ်ရေးမှူး ဦးဇော်တင်မိုးက စက်မှုဇုန်အသီးသီးတွင် လုပ်ငန်းတာဝန်များအား အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် စက်မှုဇုန်နည်းဥပဒေ (၇)နှင့် နည်းဥပဒေ (၈)တို့နှင့်အညီ မိတ္ထီလာစက်မှုဇုန်စီမံခန့်ခွဲရေးကော်မတီများအား စက်မှုဇုန်ရှိရင်းနှီးမြှုပ်နှံသူ လုပ်ငန်းရှင်များထဲမှ ရွေးချယ်သွားရန် အစုအဖွဲ့အလိုက် ဆန်ခါတင် ကိုယ်စားလှယ်လောင်း ၃၀ ဦး ရွေးချယ်ထားပြီး ယင်းတို့အနက်မှ ၁၄ ဦး အတည်ပြုရွေးချယ်နိုင်ရန်အတွက် စက်မှုဇုန်ဥပဒေ၊ နည်းဥပဒေတို့နှင့်အညီ ရွေးချယ်သွားမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မိတ္ထီလာခရိုင်စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန ဦးစီးအရာရှိ ဦးဝင်းကြိုင်က မိတ္ထီလာစက်မှုဇုန်စီမံခန့်ခွဲရေးကော်မတီရွေးချယ်ပွဲနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ကော်မတီအတည်ပြု ၁၄ ဦး အပြီးသတ်ရွေးချယ်ဆောင်ရွက်ခြင်းလုပ်ငန်းများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ရွေးချယ်ပွဲသို့ တက်ရောက်လာသော လုပ်ငန်းရှင်များက ရွေးချယ်ထားသည့် စီမံခန့်ခွဲရေးကော်မတီ ပဏာမကိုယ်စားလှယ်၃၀ဦးအနက်မှ ကော်မတီဝင် ၁၄ ဦးကို မဲပေး၍ အပြီးသတ်ရွေးချယ်သည်။

ယင်းနောက် ရွေးချယ်ပြီး ကော်မတီဝင် ၁၄ ဦးနှင့် ဌာနဆိုင်ရာ ခုနစ်ဦး စုစုပေါင်း ၂၁ ဦးအား စီမံခန့်ခွဲရေးကော်မတီဝင်အဖြစ် အတည်ပြုကြောင်း သိရသည်။

**(၆၀၂)**

# လေဖြတ်ရောဂါစိန်ခေါ်ဖို့ နေ့စဉ်ဘဝကို တက်ကြွလှုပ်ရှားစွာနေထိုင်ကြစို့

ဒေါက်တာဥမ္မာစော

လေဖြတ်ရောဂါသည် နာတာရှည် မသန်စွမ်းအဖြစ်ကျန်ရှိသော ရောဂါဖြစ်ပြီး ဒုတိယမြောက်အသေအပျောက်အများဆုံးသောရောဂါလည်းဖြစ်သည်။ စစ်တမ်းများအရ ကမ္ဘာပေါ်တွင် လေဖြတ်ရောဂါခံစားရသူ သန်း ၁၀၀ ကျော်ရှိပြီး နှစ်စဉ် လူဦးရေ ၁၂ သန်းကျော်သည် လေဖြတ်ဝေဒနာခံစားကြရသည်။ ဖြ ဒသမ ၅ သန်းမှာ လေဖြတ်ရောဂါနှင့် သေဆုံးကြရသည်။ အသက် ၂၅ နှစ်အထက် လူလေးဦးတွင် တစ်ဦးမှာ လေဖြတ်နိုင်ခြေရှိသည်။

လေဖြတ်သူများ၏ ၈၅ ရာခိုင်နှုန်းသည် ဦးနှောက်သွေးကြောပိတ်၍ဖြစ်ရပြီး ကျန် ၁၅ ရာခိုင်နှုန်းမှာ ဦးနှောက်တွင်းသွေးကြောပေါက်၍ဖြစ်ရသည်။ အသက် ၅၀ နှစ်အထက်အမျိုးသားများတွင် အဖြစ်များပြီး လေဖြတ်မျိုးရိုးရှိသူ၊ နှလုံးရောဂါ၊ သွေးတိုး၊ ဆီးချိုရောဂါရှိသူ၊ သွေးတွင်းအဆီများသူ၊ အရက်နှင့် ဆေးလိပ်သောက်သုံးသူများတွင် လေဖြတ်နိုင်ခြေများသည်။ အမျိုးသမီးများ သန္ဓေတားဆေးသုံးစွဲခြင်းသည်လည်း လေဖြတ်ရောဂါခံစားရနိုင်သည်။ ဦးနှောက်သွေးကြောပေါက်ခြင်းကို အရက်အလွန်အကျွံသောက်သုံးသူ၊ သွေးပေါင်မြင့်မားစွာဆောင့်တက်သူ၊ သွေးယိုစီးရောဂါရှိသူ၊ သွေးကျဲဆေးသောက်သုံးနေရသူများနှင့် စိတ်ကြွဆေး၊ မူးယစ်ဆေးသုံးစွဲသူလူငယ်များတွင် တွေ့ရတတ်သည်။

လေဖြတ်ရောဂါခံစားရပါက ဟန်ချက်မထိန်းနိုင်ခြင်း၊ မျက်လုံးမြင်ကွင်းအပြည့်မမြင်ရခြင်း၊ မျက်နှာတစ်ခြမ်းရွဲ့သွားခြင်း၊ ကိုယ်တခြမ်းမလှုပ်နိုင်ခြင်း၊ ခြေလက်အကြောအားနည်းခြင်း၊ ထုံကျဉ်ခြင်း၊ ခံစားမှုမသိခြင်း၊ စကားပြောလေးခြင်း၊ စကားမပြောနိုင်ခြင်းတို့သာမက အစာမျိုရခက်ခြင်း၊ ဆီးဝမ်းမထိန်းနိုင်ခြင်း၊ ဆီးသွားရခက်ခဲခြင်းနှင့် ခေါင်းမူး၊ ခေါင်းကိုက်ဝေဒနာများ ခံစားရနိုင်သည်။ ဦးနှောက်သွေးကြောပေါက်လူနာများတွင် ရုတ်တရက် ဦးနှောက်တွင်းဖိအားများလာသဖြင့် ခေါင်းကိုက်၍အန်ခြင်း၊ တက်ခြင်း၊ သတိလစ်မေ့မြောခြင်းများ ခံစားရတတ်သည်။

လေဖြတ်ခြင်းကြောင့် ပုံမှန်လှုပ်ရှားသွားလာရန် ခက်ခဲရုံသာမက လုပ်ငန်းခွင်သို့မသွားနိုင်သဖြင့် ဝင်ငွေနည်းသွားခြင်း၊ ဆေးကုသမှုစရိတ်၊ ပြုစုကုသမှုစရိတ်များလာသဖြင့် လူမှုစီးပွားအခက်အခဲများစွာတွေ့ကြုံနိုင်သည်။ မိမိစိတ်ဆန္ဒအတိုင်း မပြောနိုင်၊ မလုပ်နိုင်သဖြင့် စိတ်ပိုင်းဆိုင်ရာထိခိုက်မှု၊ စိတ်ဓာတ်ကျမှုများလည်း ခံစားရနိုင်သည်။ မိသားစုဝင်များအနေဖြင့်လည်း လူနာကိုပြုစုရသဖြင့် အလုပ်အကိုင်များထိခိုက်ရသောကြောင့် စီးပွားရေးကျဆင်းမှုများလည်း တွေ့ကြုံရနိုင်သည်။

ထို့ကြောင့် လေဖြတ်ခြင်းနှင့်ပတ်သက်၍ ဂရုပြုအလေးထားနိုင်စေရန် နှစ်စဉ်အောက်တိုဘာလ ၂၉ ရက်နေ့ကို ကမ္ဘာ့လေဖြတ်ရောဂါနေ့ဟု သတ်မှတ်ခဲ့ကြသည်။ လေဖြတ်ရောဂါ ကာကွယ်၊ ကုသရေးလုပ်ငန်းစဉ်များကို တိုးမြှင့်လုပ်ဆောင်ရန် ပြည်သူလူထုကို လေဖြတ်ရောဂါဆိုင်ရာ ကျန်းမာရေးပညာပေးမှုများ ပို၍ဆောင်ရွက်ရန်နှင့် လေဖြတ်ခြင်းဝေဒနာခံစားနေရသော လူနာများအား ပံ့ပိုးကူညီပေးနိုင်ရန် ရည်ရွယ်ဆောင်ရွက်ခဲ့ကြသည်။

ယခုနှစ်အတွက် ကမ္ဘာ့လေဖြတ်ရောဂါနေ့ဆောင်ပုဒ်မှာ Let's get active every day to be greater than stroke လေဖြတ်ရောဂါစိန်ခေါ်ဖို့ နေ့စဉ်ဘဝကို တက်ကြွလှုပ်ရှားစွာနေထိုင်ကြပါစို့ ဖြစ်ပြီး လေဖြတ်ရောဂါကာကွယ်ရေးတွင် ကိုယ်လက်လှုပ်ရှားပြုလုပ်ခြင်း၏အကျိုးကိုသိမြင်လာစေရန်နှင့် နေ့စဉ်ဘဝတွင် တက်ကြွလှုပ်ရှားစွာနေထိုင်ခြင်းဖြင့် လေဖြတ်နိုင်ခြေကိုလျှော့ချရန် ရည်ရွယ်သတ်မှတ်ခဲ့ကြသည်။ စစ်တမ်းများအရ နှစ်စဉ် လူတစ်သန်းမှာ ကိုယ်လက်လှုပ်ရှားမှုမရှိသဖြင့် လေဖြတ်ရောဂါကို ခံစားရသောကြောင့် အပတ်စဉ် ကိုယ်လက်လှုပ်ရှားလေ့ကျင့်ခန်းများ ပြုလုပ်ခြင်းဖြင့် လေဖြတ်ရောဂါကို လျှော့ချနိုင်မည်ဖြစ်သည်။

> **''တက်ကြွလှုပ်ရှားလူနေမှုပုံစံနှင့် ပုံမှန်ကိုယ်လက်လှုပ်ရှားမှု ဆောင်ရွက်ခြင်းသည် လေဖြတ်ခြင်းကိုကာကွယ်နိုင်ရုံသာမက လေဖြတ်ပြီးနောက် ပြန်လည်သန်စွမ်းသွားလာလှုပ်ရှားနိုင်ရန် အထောက်အကူများစွာပြုနိုင်သည်။ ကိုယ်လက်လှုပ်ရှားပြုလုပ်ခြင်းဖြင့် နှလုံးညှစ်အားကိုတိုးစေ၍ သွေးလှည့်ပတ်မှုကို ကောင်းမွန်စေသည်။ သွေးကြောနံရံများတွင် အဆီဖတ်များကပ်ငြိပိတ်ဆို့ခြင်းကို လျှော့ပါးစေနိုင်သည့်အတွက် လေဖြတ်ခြင်းကို ကာကွယ်နိုင်သည်။ သွေးကြောများအတွင်း သွေးဖိအားများခြင်းကို လျှော့ချနိုင်သဖြင့် သွေးတိုးရောဂါကို ထိန်းညှိပေးသည်. . .''**

တက်ကြွလှုပ်ရှားလူနေမှုပုံစံနှင့် ပုံမှန်ကိုယ်လက်လှုပ်ရှားမှု ဆောင်ရွက်ခြင်းသည် လေဖြတ်ခြင်းကိုကာကွယ်နိုင်ရုံသာမက လေဖြတ်ပြီးနောက်ပြန်လည်သန်စွမ်းသွားလာလှုပ်ရှားနိုင်ရန် အထောက်အကူများစွာပြုနိုင်သည်။ ကိုယ်လက်လှုပ်ရှားပြုလုပ်ခြင်းဖြင့် နှလုံးညှစ်အားကိုတိုးစေ၍ သွေးလှည့်ပတ်မှုကို ကောင်းမွန်စေသည်။ သွေးကြောနံရံများတွင် အဆီဖတ်များကပ်ငြိပိတ်ဆို့ခြင်းကို လျှော့ပါးစေနိုင်သည့်အတွက် လေဖြတ်ခြင်းကို ကာကွယ်နိုင်သည်။ သွေးကြောများအတွင်း သွေးဖိအားများခြင်းကို လျှော့ချနိုင်သဖြင့် သွေးတိုးရောဂါကို ထိန်းညှိပေးသည်။ သွေးတွင်းအကျိုးမပြုသည့် ကိုလက်စထရောအဆီဓာတ်များခြင်း (LDL) ကို လျှော့စေပြီး အကျိုးပြုအဆီဓာတ် (HDL) ကိုများစေနိုင်ခြင်းကြောင့် သွေးကြောပိတ်ဆို့မှုကိုနည်းစေနိုင်သည်။ သွေးတွင်းသကြားဓာတ်ကိုထိန်းညှိပေးပြီး ဆီးချိုရောဂါဖြစ်ခြင်းကိုကာကွယ်ခြင်းကြောင့် လေဖြတ်ရောဂါကာကွယ်မှုတွင် အထောက်အကူများစွာရစေနိုင်သည်။

ထို့ပြင် ကိုယ်လက်လှုပ်ရှားပြုလုပ်ခြင်းဖြင့် ခန္ဓာကိုယ်အလေးချိန်သင့်တင့်အောင်ထိန်းထားနိုင်ပြီး နှပျို့လှုပစေနိုင်သည့်အပြင် အဝလွန်ခြင်းကြောင့်ဖြစ်ရသော သွေးတိုး၊ နှလုံး၊ ဆီးချိုရောဂါများကို ကာကွယ်နိုင်သည်။ ဆေးသုတေသနစစ်တမ်းများအရ ပုံမှန်ကိုယ်လက်လှုပ်ရှားပြုလုပ်ခြင်းသည် နှလုံးသွေးကြောကျဉ်းရောဂါနှင့် လေဖြတ်ရောဂါကို ၃၅ ရာခိုင်နှုန်းခန့် လျှော့ချပေးနိုင်ပြီး ဆီးချိုရောဂါဖြစ်ခြင်းကို ၅၀ ရာခိုင်နှုန်းခန့် လျှော့ချပေးနိုင်သည်။ အရွယ်မတိုင်မီ သေဆုံးမှုကိုလည်း ၃၀ ရာခိုင်နှုန်းခန့် လျှော့ချပေးနိုင်ကြောင်း တွေ့ရှိရသည်။ စိတ်ဖိစီးမှုကို လျှော့ချနိုင်ပြီး စိတ်ပူပန်မှု၊ စိတ်ကျရောဂါဖြစ်မှုအခြေအနေများကိုလည်း သက်သာစေနိုင်သည်။ စိတ်ဓာတ်တက်ကြွမှုပါဖြစ်စေခြင်းကြောင့် နှလုံးနှင့်ဦးနှောက်သာမက အထွေထွေကျန်းမာရေးပါကောင်းမွန်လာစေသည်။

လေဖြတ်ရောဂါခံစားရသောသူများကို ပြန်လည်သန်စွမ်းရေးဆိုင်ရာလေ့ကျင့်ခန်းများ ပြုလုပ်ခြင်းအပြင် စကားပြောလေ့ကျင့်ခန်း၊ အစာမျိုလေ့ကျင့်ခန်း၊ ဆီးထိန်း၊ ဝမ်းထိန်းခြင်းဆိုင်ရာလေ့ကျင့်ခန်းများ ဆောင်ရွက်ပေးရသည်။ နေ့စဉ်ဘဝကိုအမှီအခိုကင်းစွာ ရပ်တည်နိုင်ရေးအတွက်လည်း လေ့ကျင့်သင်ကြားပေးကြရသည်။ အထူးသဖြင့် လေဖြတ်ရောဂါခံစားရပြီးနောက် ခန္ဓာကိုယ်တစ်ခြမ်းကြွက်သားများအားနည်းခြင်းကို ပုံမှန်ကိုယ်လက်အင်္ဂါပြန်လည်သန်စွမ်းရေးလေ့ကျင့်ခန်းများ ပြုလုပ်ခြင်းဖြင့် ပြန်လည်သန်စွမ်းလာနိုင်မည်ဖြစ်သည်။

ဟန်ချက်ထိန်းနိုင်လာပြီး နေ့စဉ်ဘဝကို ပုံမှန်လှုပ်ရှားသွားလာနိုင်မည်ဖြစ်သည်။ လေ့ကျင့်ခန်းများပြုလုပ်ခြင်းဖြင့် လဲကျနိုင်မှုကို ၃၀ ရာခိုင်နှုန်းခန့် လျှော့ချပေးနိုင်ကြောင်း တွေ့ရှိရသည်။

လေ့ကျင့်ခန်းများ ပြုလုပ်ခြင်းဖြင့် ဦးနှောက်တွင်းအာရုံကြောကွန်ရက်သစ်များဖြစ်ထွန်းလာခြင်း၊ နာ့ဗ်ဆဲလ်အသစ်များဖြစ်လာခြင်းကြောင့် ဦးနှောက်ထိခိုက်မှုအပိုင်းကိုပြန်လည် ပြုပြင်ဆောင်ရွက်နိုင်စေသည်။ မူလဆုံးရှုံးသွားသောလှုပ်ရှားနိုင်မှုများကို ပြန်လည်ရရှိစေနိုင်သည်။ လေဖြတ်ရောဂါခံစားရသော လူနာများတွင်တွေ့ရသော စိတ်အလိုမကျ၊ စိတ်ဓာတ်ကျ၊ စိတ်ပူပန်မှုများကိုလည်း ပုံမှန်ကိုယ်လက်လှုပ်ရှားမှုလေ့ကျင့်ခန်းများ ပြုလုပ်ခြင်းဖြင့် သက်သာစေနိုင်ကြောင်း တွေ့ရှိရသည်။ စိတ်ကျဝေဒနာခံစားရနိုင်မှုကို ၃၀ ရာခိုင်နှုန်းအထိ လျှော့ချပေးနိုင်သည်ဟုဆိုသည်။ လေဖြတ်ထားသောလူနာများတွင် တစ်နှစ်အတွင်း ထပ်မံလေဖြတ်နိုင်ခြေ ၂၃ ရာခိုင်နှုန်းခန့်ရှိသည့်အတွက် ပေါ့ပါးသောလေ့ကျင့်ခန်းများ (light aerobic exercise) ပြုလုပ်ခြင်းဖြင့် နှလုံးကျန်းမာရေးပိုမိုကောင်းမွန်လာကာ သွေးတိုး၊ ဆီးချိုရောဂါ၊ သွေးတွင်းအဆီများခြင်းကို လျှော့ချပေးနိုင်သဖြင့် နောက်တစ်ကြိမ်ထပ်မံလေဖြတ်ခြင်းကို ကာကွယ်နိုင်သည်။

လေဖြတ်ခြင်းမဖြစ်စေရန်နှင့် လေဖြတ်ပြီးနောက်ပြန်လည်သန်စွမ်းနိုင်ရန် အထိုင်များသောအလေ့အထကို ရှောင်ကြဉ်ရမည်။ တတ်နိုင်သမျှ လမ်းလျှောက်၊ လှုပ်လှုပ်ရှားရှားနေထိုင်သင့်သည်။ အိမ်မှုကိစ္စများဆောင်ရွက်ခြင်း၊ ခြံတွင်းသန့်ရှင်းခြင်း၊ အပင်များပျိုးထောင်ရေးဆောင်ရွက်ခြင်း၊ ဈေးသို့ လမ်းလျှောက်သွားခြင်း၊ ခရီးနီးများကို ကားမစီးဘဲလမ်းလျှောက်သွားခြင်း၊ အလုပ်ခွင်အတွင်း နေ့လယ်စာကို လမ်းလျှောက်သွားစားခြင်း၊ အိမ်အပြန်ဘတ်စကားတစ်မှတ်တိုင်ကြိုဆင်း၍ လမ်းလျှောက်ခြင်း၊ ဓာတ်လှေကားစီးမည့်အစား လှေကားဖြင့် အတက်အဆင်းပြုလုပ်ခြင်းစသည်ဖြင့် နေ့စဉ်ဘဝ၌ လှုပ်ရှားသွားလာနေထိုင်သင့်သည်။ ကိုယ်လက်လှုပ်ရှားအားကစားပြုလုပ်ခြင်းကိုလည်း အချိန်ယူ၍ လုပ်ဆောင်သင့်သည်။ တစ်ရက်လျှင်နာရီဝက်၊ တစ်ပတ်လျှင်ငါးရက် လမ်းလျှောက်ခြင်းသည် ကျန်းမာရေးကို များစွာအထောက်အကူပြုသည်။ တစ်ပတ်လျှင်ငါးကြိမ်၊ တစ်ကြိမ်လျှင်နာရီဝက် လေ့ကျင့်ခန်းပြုလုပ်ခြင်းသည် လေဖြတ်ခြင်းကို ၂၅ ရာခိုင်နှုန်းခန့် လျှော့ချပေးနိုင်ကြောင်း တွေ့ရှိရသည်။

လမ်းလျှောက်ခြင်း၊ ရေကူးခြင်း၊ စက်ဘီးစီးခြင်း၊ ခပ်ရွရွပြေးခြင်းတို့သည် နှလုံးသွေးကြောဆိုင်ရာကျန်းမာရေးကို များစွာအထောက်အကူပြုသည်။ အလေးမခြင်း၊ အလေးတုံးအသုံးပြု၍ လေ့ကျင့်ခန်းများဆောင်ရွက်ခြင်းသည် ကြွက်သားများကြံ့ခိုင်ကောင်းမွန်စေပြီး အင်အားကိုတိုးစေနိုင်သည်။ ယောဂ၊ ထိုက်ချီ စသောအကြောလျှော့လေ့ကျင့်ခန်းများသည် ကြွက်သားများ၊ အဆစ်များ၊ အရွတ်များကို ပျော့ပျောင်းစေပြီး ဟန်ချက်ကိုပိုမိုထိန်းညှိစေနိုင်သောကြောင့် လဲကျထိခိုက်ဒဏ်ရာရမှုများကို လျှော့ကျစေနိုင်သည်။ နေ့စဉ်ဘဝအတွက် ပုံမှန်လုပ်ဆောင်မှုများလုပ်နိုင်စေရန် လေ့ကျင့်သင်ကြားပေးခြင်း(occupational ther–apy exercise ) ဖြင့် လေဖြတ်ပြီးနောက် မိမိကိုယ်ကိုယုံကြည်မှုရှိစွာ တစ်ကိုယ်ရည်လုပ်ဆောင်မှုများဆောင်ရွက်လာနိုင်မည်ဖြစ်သည်။

ပြည်သူများအနေဖြင့် လေဖြတ်ရောဂါနှင့် လေဖြတ်ခြင်းကြောင့်ဖြစ်ရသော လူမှုစီးပွားဆိုင်ရာ ဆုံးရှုံးထိခိုက်မှုများ မခံစားရအောင် လေဖြတ်ရောဂါဖြစ်စေသည့်အကြောင်းရင်းများကို ကြိုတင်သတိပြုရှောင်ကြဉ်ကြရမည်။ လေဖြတ်ရောဂါသည် ကာကွယ်နိုင်သောရောဂါဖြစ်သောကြောင့် ဆေးလိပ်၊ အရက်သောက်ခြင်းကို လုံးဝရှောင်ကြဉ်သင့်သကဲ့သို့ အဆီများသောအစားအစာ၊ အငန်နှင့် ချိုလွန်းသည့်အစားအစာများကို လျှော့စားသင့်သည်။ သွေးတိုး၊ နှလုံး၊ ဆီးချိုရောဂါနှင့် သွေးတွင်းအဆီများခြင်း ရှိ၊ မရှိကိုလည်း ကြိုတင်စစ်ဆေးသင့်သည်။ အဝလွန်ခြင်းမဖြစ်အောင် မိမိကိုယ်ကို အစားအသောက်၊ အနေအထိုင်ဆင်ခြင်သင့်သည်။ လူငယ်များအနေဖြင့် မူးယစ်ဆေးနှင့် စိတ်ကြွဆေးများသုံးစွဲခြင်းကို ရှောင်ကြဉ်ရမည်။

နေ့စဉ်ဘဝကို စိတ်ရောကိုယ်ပါ တက်ကြွစွာနေထိုင်ခြင်း၊ ပုံမှန်ကိုယ်လက်လှုပ်ရှားအားကစားကို အချိန်ယူ၍ပြုလုပ်ခြင်းဖြင့် လေဖြတ်ရောဂါကိုကာကွယ်နိုင်မည်သာမက ကျန်းမာသက်ရှည်စွာနေထိုင်နိုင်မည်ဖြစ်ကြောင်း ကမ္ဘာ့လေဖြတ်ရောဂါနေ့အထိမ်းအမှတ်အဖြစ် ရေးသားဖော်ပြလိုက်ရပါသည်။ ။

# ကျောင်းစာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်ကျင်းပ



ထားဝယ်   အောက်တိုဘာ ၂၈

တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့၊ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့်အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းကျင်းပသော ကျောင်းစာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်ကို ယနေ့နံနက်၉နာရီတွင် ထားဝယ်မြို့ အမှတ်(၈) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။

ရှေးဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကိုနှင့်တာဝန်ရှိသူများက ကျောင်းစာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့်စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်အားဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ ထို့နောက် ကျောင်းသား၊ ကျောင်းသူများက ကဗျာလွတ်အက၊ ဘင်ခရာ၊ ပန်းဖွားအကများနှင့် Fitness Dance အကများ သီဆိုကပြဖျော်ဖြေကြသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က ကျောင်းစာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်အတွင်း ခင်းကျင်းပြသထားသည့် ကျောင်းစာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်မှတ်တမ်းဓာတ်ပုံများ၊စကားရည်လုပြိုင်ပွဲ၊ အထက်တန်းအဆင့်နှင့် အလယ်တန်းအဆင့် ကျပန်းစကားပြောပြိုင်ပွဲများ၊ အထက်တန်းအဆင့်နှင့် အလယ်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲများ၊အလယ်တန်းအဆင့် ကဗျာရွတ်ဆိုပြိုင်ပွဲနှင့် ပုံပြင်ပြောပြိုင်ပွဲများ၊ ဆေးရောင်ခြယ်ပြိုင်ပွဲ၊မြန်မာသတ်ပုံအမှန်ရွေးပြိုင်ပွဲ၊ စကားပုံဆက်ပြိုင်ပွဲ၊ အရုပ်ဆက်ပြိုင်ပွဲ၊ ခါးကွင်းလှည့်ကစားနည်းနှင့် စာအုပ်များ ခင်းကျင်းပြသထားမှုကို လှည့်လည်ကြည့်ရှုအားပေးသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ကျောင်းသား၊ ကျောင်းသူများ စာကြည့်တိုက်မှတစ်ဆင့် အမျိုးသားယဉ်ကျေးမှုမြတ်နိုးစေရန်၊ အမျိုးဂုဏ်ဇာတိမာန်ထက်သန်စေရန်စသည့်ရည်ရွယ်ချက်များဖြင့် ဖွင့်လှစ်ထားရှိသည့် ကျောင်းစာကြည့်တိုက်နှင့် ကွန်ပျူတာစာစီစာရိုက်လေ့လာသင်ယူနေမှုကို ကြည့်ရှုအားပေးခဲ့ကြောင်းသိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# အဆင့်မြင့်အိမ်တွင်းမှုစက်ချုပ်သင်တန်း ဖွင့်ပွဲကျင်းပ



**ပခုက္ကူ   အောက်တိုဘာ ၂၈**

မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့ အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း၌ အောက်တိုဘာလ၂၈ ရက် နံနက် ၉ နာရီတွင် အဆင့်မြင့် အိမ်တွင်းမှုစက်ချုပ် သင်တန်း အမှတ်စဉ် (၉) သင်တန်းဖွင့်ပွဲ ကျင်းပသည်။

သင်တန်းဖွင့်ပွဲတွင် ပခုက္ကူခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးနေမျိုးအောင်က အဖွင့်အမှာစကားပြောကြားပြီး ပခုက္ကူမြို့ အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း ကျောင်းအုပ်ကြီး ဒေါ်ခင်မိုးမြင့်က သင်တန်းကျောင်းသမိုင်းအကျဉ်း၊ သင်တန်းဖွင့်လှစ်ရသည့် ရည်ရွယ်ချက်များ၊ သင်တန်းအမျိုးအစားများ၊ သင်တန်းကာလအတွင်း အသိပညာပေးဟောပြောပွဲဆောင်ရွက်ပေးမည့် အခြေအနေများ၊ ဖွင့်လှစ်ပြီးစီးသည့်သင်တန်းများအကြောင်းတို့ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် တာဝန်ရှိသူများက သင်တန်းသူများအား တွေ့ဆုံအားပေးစကားပြောကြားပြီး သင်တန်းကာလအတွင်း အသုံးပြုမည့်ပစ္စည်းများ၊ သင်ကြားပို့ချပေးမည့်လူသုံးကုန်ပစ္စည်းများနှင့် အဝတ်အထည်ဒီဇိုင်းများအား လှည့်လည်ကြည့်ရှုအားပေးကြသည်။

အဆိုပါသင်တန်းတွင် သင်တန်းသူ ၃၀ ဦးတက်ရောက်မည်ဖြစ်ပြီး ၂၀၂၄ ခုနှစ် အောက်တိုဘာလ ၂၈ ရက်မှ ၂၀၂၅ ခုနှစ်မတ်လ ၂၈ ရက်အထိ အဆင့်မြင့် အိမ်တွင်းမှု စက်ချုပ်ပညာရပ်များကို အခြေခံမှစတင်ကာ ကိုယ်တိုင်ဒီဇိုင်းရေးဆွဲချုပ်တတ်သည်အထိ စာတွေ့လက်တွေ့စနစ်တကျ သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **ဘာမီသာ(ပခုက္ကူ)**

# VDP စီမံကိန်းဖြင့် ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီး

**မိုင်းရှူး   အောက်တိုဘာ ၂၈**

ရှမ်းပြည်နယ်(တောင်ပိုင်း) မိုင်းရှူးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ဖြင့် နမ့်ဖတ်ကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို အောက်တိုဘာလ ၂၈ ရက် နံနက်ပိုင်းတွင် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့စစ်ဆေးရာတွင် မိုင်းရှူးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးလှခေး၊ မြို့နယ်ဦးစီးမှူး ဦးမင်းဦးနှင့် အင်ဂျင်နီယာဝန်ထမ်းများသည် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း ကော်မတီဝင်များနှင့်အတူ နမ့်ဖတ်ကျေးရွာတွင် ကျေးရွာတွင်းကွန်ကရစ်လမ်းခင်းခြင်းနှင့် ဆက်စပ်လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။ ဆက်လက်၍ လက်ထောက်ညွှန်ကြားရေးမှူးက ကျေးရွာရိုးရပ်မိရပ်ဖများ ကျေးရွာသူ/ ကျေးရွာသားများနှင့်တွေ့ဆုံကာ ဆောင်ရွက်ပြီးဖွံ့ဖြိုးရေးလုပ်ငန်းများကို ရေရှည်တည်တံ့အောင် ဝိုင်းဝန်းထိန်းသိမ်းကြိုးစား ဆောင်ရွက်သွားကြရန် ဆွေးနွေးမှာကြားသည်။

အဆိုပါ ကွန်ကရစ်လမ်းသည် အရှည်ပေ ၅၅၀၊ အကျယ် ၁၂ ပေ၊ ထု ၆ လက်မရှိပြီး ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း ပံ့ပိုးရန်ပုံငွေကျပ်သိန်း ၁၅၀ ကို အသုံးပြုကာ ယခုနှစ် စက်တင်ဘာလ တတိယပတ်မှ စတင် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းအားလုံး ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပြီဖြစ်သည့်အတွက် ကျေးရွာရှိ ကျေးလက်နေပြည်သူများ ရာသီမရွေး လမ်းပန်းဆက်သွယ်ရေး အဆင်ပြေလွယ်ကူစွာ သွားလာနိုင်ပြီဖြစ်ကြောင်း သိရသည်။

**ကာရံ (ကျေးလက်)**

## တောင်သူဦးကြီးတို့၏ အပြုံး

❖ မြူငွေမင် သိုင်းပါရော့
မှိုင်းလဲ့လဲ့ ပြာမှုန်။
ဟေမန်ခါ
လေပြန်မှာ နောက်ချေသေးမှ
မြောက်လေအေး သုန်။
နွေတစ်ဖုံ
ရေယမုန် ကြည်ကြည်ပြောင်း။
တစ်ဆန့်ဖြာ
ပျံ့ကာသာ နှင်းပုလဲဥတွေက
ကြဲစုပြီဆောင်း။

❖ ဝသန်တစ်ဖန် ဟေမန်ပြောင်းတော့
ရွက်ညောင်းတွေ မြေခပြီ။
မြက်မြေစာ စိမ်းမြမြ
ယိမ်းကလို့ ချီ။
တက်သစ်စ နေခြည်
ရွှေရည်ဖြာ နံနက်ခင်း။
တစ်ခိုတွယ်တွယ်
ညိုပြပြယ်ပြယ် မြူအခိုးတွေက
နှင်းမိုးလိုဆင်း။

❖ ကောက်ပင်ပျို ဝတီအောက်မှ
ထိန်ထောက်လို့ ဝါရည်။
စပါးနံ့
အားမာန် ဖြာဖြာမောက်လို့
တစ်ထွာလောက်ရှည်။
ဦးကြီးတို့ လှုံ့လတည်
ဝစည်ခဲ့ လယ်တော။
ပန်းရစ္စာ
တစ်ဖြာခလာ စပါးအသီးတွေကြောင့်
ဦးကြီးတို့ဝပြော။

❖ စည်ဖြောသံ ငြိမ့်ငြိမ့်ညောင်းနှင့်
ရွာကျောင်းမှာ အသံဆူ။
ရင်သွေးငယ် သားရာဟုကို
ရှင်ပြုအလှူ။
ရှင်မလည်း ကြည်ဖြူ
ရည်တူတူ အလှူပေး။
လာကြပါအဆွေ
သာစွဌာနေ ဒါနအစုစု
ကောင်းမှုမနှေး။ ။

**မိုးမြင့်မေ(သ.က.ဟ.အ)**

**သဇင်(FM)အသံလွှင့်အစီအစဉ်** ၂၉-၁၀-၂၀၂၄ (အင်္ဂါနေ့)

| | | | | | |
|---|---|---|---|---|---|
| ၁။ | ၀၈:၀၀ | နှလုံးသားဝယ် ဘုရားတည် | ၄။ | ၁၆:၀၀ | တပ်မတော် စာတိုက်ခန်း |
| ၂။ | ၁၁:၅၀ | လှပကျန်းမာ | ၅။ | ၁၇:၀၀ | ထင်ရှားကျော်ကြား ပုဂ္ဂိုလ်များ |
| ၃။ | ၁၄:၅၀ | Speech On Air | ၆။ | ၂၁:၂၀ | Memory Box |

# ကျောက်ပန်းတောင်းမြို့နယ်၌ မိုးကောင်းသောက်စပါးများ အောင်မြင်ဖြစ်ထွန်း



ညောင်ဦး အောက်တိုဘာ ၂၈

မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ကျောက်ပန်းတောင်းမြို့နယ်၌ ရာသီဥတုကောင်းမွန်ခြင်းနှင့်အတူ မိုးကောင်းသောက်စပါးများ အောင်မြင်ဖြစ်ထွန်းနေပြီး အထွက်နှုန်းကောင်းမွန်နိုင်ကြောင်း ကျောက်ပန်းတောင်းမြို့နယ် လဲ့ဂွကျေးရွာမှ မိုးကောင်းသောက်စပါးစိုက်ပျိုးသူ ဦးမောင်ပိုက်၏ပြောပြချက်အရ သိရသည်။

ကျောက်ပန်းတောင်းမြို့နယ်၌ မိုးကောင်းသောက်စပါးကို ဝါခေါင်လတွင် စတင်စိုက်ပျိုးကြပြီး စပါးပျိုးထောင်ခြင်းကို နယုန်လနှင့်ဝါဆိုလတို့တွင် စတင်ပျိုးထောင်ကာ ၂၁ ရက်မှ ၄၅ ရက်သားတွင် ပျိုးပင်များကိုရွှေ့ပြောင်းစိုက်ပျိုးကြကြောင်း သိရသည်။

ကျောက်ပန်းတောင်းမြို့နယ်၌ ရွာသွန်းမိုးရေ တိုက်ရိုက်ကျရောက်ခြင်းနှင့် မိုးရေကို စပါးစိုက်ခင်းများအတွင်း ရေမြောင်းသွယ်ယူ၍ ရေဝင်စေခြင်းကို မိုးကောင်းသောက်စပါးစိုက်ပျိုးခြင်းဟု ခေါ်သည်။

မိုးစပါးစိုက်ပျိုးရာတွင် မနေသုခ၊ ရာငါး၊ စီသွယ်ရင်၊ ရေမင်းစပါးမျိုးများကို ပျိုးထောင်စိုက်ပျိုးကြကာ တစ်တင်းခွဲမျိုးစပါးတစ်အိတ်လျှင် ငွေကျပ် ၃၅၀၀၀ မှ ၅၀၀၀၀ အထိရှိကြောင်း၊ ထို့ပြင် ယခုနှစ်တွင် ပုလဲသွယ်စပါးမျိုးများလည်း စမ်းသပ်စိုက်ပျိုးနေပြီဖြစ်ကာ တစ်ပြည်လျှင် ငွေကျပ် ၈၀၀၀ ဖြင့်ဝယ်ယူစိုက်ပျိုးရကြောင်း သိရသည်။

မိုးကောင်းသောက်စပါး စိုက်ပျိုးချိန်တွင် ကောက်စိုက်သမတစ်ဦးလျှင် ငွေကျပ် ၅၀၀၀၊ လယ်လုပ်သားတစ်ဦးလျှင် ငွေကျပ် ၁၀၀၀၀၊ ထွန်စက်ထွန်ခ တစ်နာရီလျှင် ငွေကျပ် ၄၁၀၀၀ ၊ နွားရှည်းထွန်ခ တစ်နံနက်လျှင် ငွေကျပ် ၁၀၀၀၀ ပေးရပြီး စပါးခင်းများထဲသို့ သဘာဝမြေဆီမြေနှစ်ဖြစ်သည့် နွားချေး၊ ကြက်ချေး၊ ဆိတ်ချေးများ ကြဲပက်စိုက်ပျိုးကာ တော်သလင်းလ၊ သီတင်းကျွတ်လတို့တွင် စပါးများရိတ်သိမ်းလေ့ရှိကြောင်း၊ စပါးအထွက်နှုန်းကောင်းမွန်ပြီး တစ်ဧကလျှင်တင်း ၉၀ မှ ၁၂၀ အထိထွက်ရှိကြောင်း၊ မိုးလေဝသမှန်ကန်သည့်နှစ်များတွင် မိုးစပါးများ စောစောစိုက်ပျိုးလေ့ရှိပြီး မိုးရွာသွန်းမှုနောက်ကျလျှင် မြေအောက်ရေသွင်း၍စိုက်ပျိုးကြကြောင်း သိရသည်။

ဒီပါလင်း

# တောင်တွင်းကြီးမြို့နယ် မြို့မဈေးအတွင်း ပလတ်စတစ်အိတ်သုံးစွဲမှုလျှော့ချရေးနှင့် ပလတ်စတစ်ညစ်ညမ်းမှုလျှော့ချရေး အသိပညာပေးလက်ကမ်းစာစောင်များဖြန့်ဝေ

တောင်တွင်းကြီး အောက်တိုဘာ ၂၈

မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ်၌ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ပလတ်စတစ်အိတ်သုံးစွဲမှုလျှော့ချရေးအတွက် မြို့နယ်စည်ပင်သာယာ မြို့မဈေးအတွင်း ဈေးရောင်း၊ ဈေးဝယ်ပြည်သူများအား ပလတ်စတစ်အိတ်အစား ငှက်ပျောဖက်၊ အင်ဖက်၊ စက္ကူအိတ်များအသုံးပြုနိုင်ရေး အသိပညာပေးခြင်းနှင့် ပလတ်စတစ်ညစ်ညမ်းမှုလျှော့ချရေး အသိပညာပေးလက်ကမ်းစာစောင်များဖြန့်ဝေခြင်းကို အောက်တိုဘာလ ၂၈ ရက်တွင် ဆောင်ရွက်ကြောင်း သိရသည်။

အဆိုပါလုပ်ငန်းများဆောင်ရွက်ရာတွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိနှင့် ဝန်ထမ်းများ၊ မြို့မဈေးအကျိုးဆောင်အဖွဲ့ဝင်များ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ ဝန်ထမ်းများပူးပေါင်း၍ ဈေးရောင်း၊ ဈေးဝယ်ပြည်သူများအား ဈေးဝယ်ယူရာတွင် လက်ဆွဲခြင်းများ၊ ထည့်စရာများယူဆောင်လာရန် အသိပညာပေးခြင်း၊ လက်ကမ်းစာစောင်ဖြန့်ဝေပေးခြင်းများဆောင်ရွက်ပြီး အင်ဖက်၊ စက္ကူအိတ်များအခမဲ့ဖြန့်ဝေခဲ့ကာ ပလတ်စတစ်အိတ်အသုံးပြုမှုလျှော့ချရေးအတွက် အသိပညာပေးခြင်းကို အပတ်စဉ်တနင်္လာနေ့တိုင်း ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

ရန်နောင် (ဗိသနိုးမြေ)



# မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ ကြက်ဘဲဈေးသို့ ကြက်ဘဲပိဿာ ကိုးသောင်းကျော် ဝင်ရောက်

ရန်ကုန် အောက်တိုဘာ ၂၈

ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ ကြက်ဘဲဈေးသို့ အောက်တိုဘာလဆန်းပိုင်းက ကြက်၊ ဘဲများ အဝင်နည်းခဲ့သော်လည်း အောက်တိုဘာလနောက်ဆုံးပတ်တွင် တစ်ရက်လျှင် ပိဿာကိုးသောင်းကျော်အထိ ပုံမှန်အတိုင်း ပြန်လည်ဝင်ရောက်လျက်ရှိကြောင်း မင်္ဂလာတောင်ညွန့်ကြက်ဘဲဈေးမှ တာဝန်ရှိသူတစ်ဦး၏ပြောကြားချက်အရ သိရသည်။

အဆိုပါကြက်ဘဲဈေးသို့ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့မှ ကြက်၊ ဘဲများတင်သွင်းလျက်ရှိရာ ကြက်မွေးမြူသူများက ကြက်ပေါက်ရရှိမှုနည်းသည့်အတွက် အောက်တိုဘာလဆန်းပိုင်းက ကြက်အဝင်လျော့နည်းခဲ့ပြီး အောက်တိုဘာလနောက်ဆုံးပတ်မှသာ ပုံမှန်အတိုင်း ပြန်လည်ဝင်ရောက်ခြင်းဖြစ်သည်။

"ကြက်ဘဲဈေးကို ဒီလ လဆန်းပိုင်းက ကြက်၊ ဘဲပိဿာ ခြောက်သောင်းကျော်လောက်ပဲဝင်ရာကနေ အခုနောက်ဆုံးပတ်မှာ ပိဿာကိုးသောင်းကျော်လောက် ပုံမှန်ဝင်ရောက်နေပါတယ်" ဟု ၎င်းက ပြောသည်။

မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ ကြက်ဘဲဈေးသို့ တစ်ရက်လျှင် ကြက်၊ ဘဲပိဿာ ကိုးသောင်းကျော်ဝင်ရောက်ရာတွင်အသားတိုးကြက်ပိဿာ ၅၅၀၀၀၊ ဆီမီးကြက်ပိဿာ ၂၃၀၀၀ ဝင်ရောက်ပြီး ကြက်နီမပိဿာ ၇၁၀၀ နှင့် ဗမာကြက်ပိဿာ ၄၈၀၀ ဝင်ရောက်ခဲ့ကာ ဘဲပိဿာ ၁၅၀၀ ဝင်ရောက်ကြောင်း သိရသည်။

မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ ကြက်ဘဲဈေးသို့ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့မှ ကြက်၊ ဘဲများဝင်ရောက်ပြီး ရန်ကုန်တိုင်းဒေသကြီးရှိ မြို့နယ်တချို့သို့ ပြန်လည်ဖြန့်ဖြူးရောင်းချလျက်ရှိကြောင်း သိရသည်။

စောယု

# မလှိုင်မြို့နယ် ခြောက်ခွဲကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများဆောင်ရွက်ထားရှိမှုအခြေအနေကို ကွင်းဆင်းစစ်ဆေး

မလှိုင် အောက်တိုဘာ ၂၈

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေများတိုးပွားလာပြီး ဆင်းရဲမှုလျော့ကျစေရန် ရည်ရွယ်၍ ခြောက်ခွဲကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုအခြေအနေကို အောက်တိုဘာလ ၂၈ ရက်တွင် တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးကြသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်စုစု၊ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်အေးမိုးခိုင်နှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ငွေကျပ် ၃၄ ဒသမ ၅ သန်းဖြင့် စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းနှင့် အရောင်းအဝယ်လုပ်ငန်းများ ဆောင်ရွက်ထားရှိမှုအခြေအနေများနှင့် လအလိုက် ဖြည့်သွင်းရမည့် စာရင်းပုံစံများပြည့်စုံမှု ရှိ၊ မရှိစစ်ဆေးပြီး မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်စုစုက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ခြောက်ခွဲကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၂၄ ဦးအတွက် ငွေကျပ် ၇ ဒသမ ၈ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၆၀ ဦးအတွက် ငွေကျပ် ၂၂ ဒသမ ၅ သန်းနှင့် အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၁၁ ဦးအတွက် ငွေကျပ် ၄ ဒသမ ၂ သန်း စုစုပေါင်းအသင်းသား ၉၅ ဦးအတွက် ငွေကျပ် ၃၄ ဒသမ ၅ သန်းထုတ်ချေးပေးထားကြောင်း သိရသည်။

ဟိန်းထက်စိုး(မလှိုင်)

# ကော့ကရိတ်မြို့နယ် နောင်ထပွဲကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ နဝမအကြိမ်ထုတ်ချေး

ကော့ကရိတ် အောက်တိုဘာ ၂၈

ကရင်ပြည်နယ် ကော့ကရိတ်ခရိုင် ကော့ကရိတ်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြစိမ်းရောင်ကျေးရွာစီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် နောင်ထပွဲကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ နဝမအကြိမ်ထုတ်ချေးခြင်းကို အောက်တိုဘာလ ၂၈ ရက်တွင် ဆောင်ရွက်သည်။

ရှေးဦးစွာ ကော့ကရိတ်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးစောဆားဒေါက်ဖော့က ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်နှင့် တစ်နိုင်တစ်ပိုင်စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ၊ တခြားမိသားစုဝင်ငွေတိုးပွားရေးလုပ်ငန်းများဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ကျေးရွာသူ၊ ကျေးရွာသားများအနေဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေဖြင့် လုပ်ငန်းများထိရောက်အောင်မြင်အောင် ဆောင်ရွက်ကြစေလိုကြောင်း ဆွေးနွေးမှာကြားသည်။

ထို့နောက် ကော့ကရိတ်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူးနှင့် ဝန်ထမ်းများက နောင်ထပွဲကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကြီးကြပ်မှုကော်မတီဝင်များနှင့်အတူ မြစိမ်းရောင်ကျေးရွာစီမံကိန်း နဝမအကြိမ်အဖြစ် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၁၄ ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူသုံးဦး၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းလုပ်ကိုင်သူ ၁၉ ဦး စုစုပေါင်း အသင်းသား ၃၆ ဦးအတွက် စီမံကိန်းရန်ပုံငွေ ငွေကျပ်သိန်း ၄၅၀ ကို အတိုးနှုန်းသက်သာစွာထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ကိုသက်**

# ကော့သောင်းမြို့၌ အဆင့်မြင့်အိမ်တွင်းမှုစက်ချုပ်သင်တန်း အမှတ်စဉ် (၇) ဖွင့်လှစ်

ကော့သောင်း အောက်တိုဘာ ၂၈




နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန ကော့သောင်းမြို့ အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း၏ အဆင့်မြင့်အိမ်တွင်းမှုစက်ချုပ်သင်တန်း အမှတ်စဉ် (၇) သင်တန်းဖွင့်ပွဲအခမ်းအနားကို အောက်တိုဘာလ ၂၈ ရက်တွင် တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့ အေးမြကန်သာရပ်ကွက်ရှိ အိမ်တွင်းမှုသင်တန်းကျောင်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ကော့သောင်းခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ အတွင်းရေးမှူးခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး မြတ်မင်းထွေးက နိုင်ငံတော်အနေဖြင့် တရားဥပဒေစိုးမိုး၍ အေးချမ်းတည်ငြိမ်ပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီစနစ်ဖော်ဆောင်ရေးကို အရှိန်အဟုန်မြှင့်ကြိုးပမ်းဆောင်ရွက်ရာတွင် ဖွံ့ဖြိုးတိုးတက်မှုကွာဟချက်နည်းပါးစေရန် နယ်စပ်ဒေသရှိ တိုင်းရင်းသားပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးကို အလေးထားဆောင်ရွက်လျက်ရှိကြောင်း၊ ကော့သောင်းမြို့ အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်တန်းကျောင်းကို ၁၉၉၂ ခုနှစ် မတ်လ ၁၆ ရက်က ရည်ရွယ်ချက်ငါးရပ်ဖြင့် ဖွင့်လှစ်ခဲ့ကြောင်း၊ ယခုကဲ့သို့ အဆင့်မြင့်အိမ်တွင်းမှုစက်ချုပ်သင်တန်း ဖွင့်လှစ်ပေးခြင်းဖြင့် အခြေခံအိမ်တွင်းမှုပညာနှင့် အဆင့်မြင့်စက်ချုပ်ပညာတို့ကို တတ်မြောက်၍ အသက်မွေးဝမ်းကျောင်းပြုနိုင်မည်ဖြစ်ပြီး သင်တန်းသူများအနေဖြင့် သင်တန်းကျောင်းမှ ချမှတ်ထားသော စည်းကမ်းများကိုလိုက်နာပြီး ပညာရပ်များကို စာတွေ့လက်တွေ့ကြိုးစား သင်ယူကြရန်နှင့် အမျိုးဂုဏ်၊ ဇာတိဂုဏ်ထိန်းသိမ်းစောင့်ရှောက်နိုင်သော အကျင့်စာရိတ္တကောင်းမွန်သည့် အမျိုးကောင်းသမီးများဖြစ်အောင် နေထိုင်သွားကြရန်လိုကြောင်း အမှာစကားပြောကြားသည်။

အဆိုပါသင်တန်းတွင် အပ်ချုပ်ပညာ၊ လက်မှုပညာများ၊ ခေတ်မီမော်တာစက်ချုပ်နည်းအပါအဝင် အိမ်တွင်းမှုသက်မွေးပညာများကို သင်တန်းကာလရက်သတ္တ ၂၂ ပတ်ကြာ စာတွေ့လက်တွေ့သင်ကြားပေးလျက်ရှိပြီး ကော့သောင်းမြို့ရှိ ရပ်ကွက်/ကျေးရွာအသီးသီးမှ သင်တန်းသူ ၂၀ ဦး တက်ရောက်သင်ကြားလျက်ရှိကြောင်း သိရသည်။

**ချမ်းမြေ့**

## မိုးလေဝသ သတင်း




# ပဲခူးမြို့နယ်၌ ငါးမျိုးစိတ်များ ခွဲခြားအမည်ပေးနည်းသင်တန်းဖွင့်ပွဲကျင်းပ

ပဲခူး အောက်တိုဘာ ၂၈

ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ် ငါးလုပ်ငန်းပညာပေး သင်တန်းကျောင်း၌ အောက်တိုဘာလ ၂၈ ရက်တွင် ငါးမျိုးစိတ်များ ခွဲခြားအမည်ပေးနည်းသင်တန်းဖွင့်ပွဲအခမ်းအနားကျင်းပသည်။

ရှေးဦးစွာ ပဲခူးတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဇော်လွင်ဝင်းက ယခုဖွင့်လှစ်သည့် ငါးမျိုးစိတ်များ ခွဲခြားအမည်ပေးနည်းသင်တန်းသည် ပဲခူးတိုင်းဒေသကြီးအတွင်း ဒုတိယအကြိမ် ဖွင့်လှစ်ပေးခြင်းဖြစ်ပြီး သင်တန်းသားများအနေဖြင့် ငါးလုပ်ငန်းဘာသာဆိုင်ရာများကို စိတ်ဝင်တစားလေ့လာမှတ်သားကြရန်လိုကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူးနှင့် အခမ်းအနားသို့ တက်ရောက်လာကြသည့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ သင်တန်းသား၊ သင်တန်းသူများက စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးကြသည်။

အဆိုပါသင်တန်းကို အောက်တိုဘာလ ၂၈ ရက်မှ ၃၀ ရက်အထိ ဖွင့်လှစ်သင်ကြားပေးလျက်ရှိပြီး ပဲခူးတိုင်းဒေသကြီးငါးလုပ်ငန်းဦးစီးဌာန၊ ခရိုင်၊ မြို့နယ်ငါးလုပ်ငန်းစခန်းများမှ ဦးစီးအရာရှိများနှင့် ဒုတိယဦးစီးမှူးများ စုစုပေါင်းသင်တန်းသား၊ သင်တန်းသူ ၂၂ ဦးတက်ရောက်ကာ ကြို့ကုန်းငါးလုပ်ငန်းသိပ္ပံကျောင်းမှ ငါးလုပ်ငန်းပညာရှင် ဒုတိယညွှန်ကြားရေးမှူး ဦးဝင်းကိုနှင့် ဌာနမှ ကျွမ်းကျင်သင်တန်းနည်းပြဆရာများက သင်ကြားပို့ချပေးလျက်ရှိကြောင်း သိရသည်။

**(၄၀၁)၊ တင်စိုး(ပဲခူး)**

# ညောင်တုန်းမြို့နယ်၌ ဒေသထွက်ကန်စွန်းဥများ အရောင်းအဝယ်ကောင်းမွန်နေ

ညောင်တုန်း အောက်တိုဘာ ၂၈

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ်၌ ဒေသထွက်ကန်စွန်းဥများ ဝယ်လိုအားကောင်းပြီး အရောင်းအဝယ်ကောင်းမွန်နေကြောင်း ညောင်တုန်းမြို့နယ်မှ လယ်ယာထွက်ကုန်ပစ္စည်းများရောင်းဝယ်ရေးပွဲရုံလုပ်ငန်း လုပ်ကိုင်သူ ဒေါ်ဖြူအောင်၏ပြောဆိုချက်အရ သိရသည်။

ညောင်တုန်းမြို့နယ်၌ အောက်တိုဘာလပထမပတ်မှစတင်ပြီး လက်ရှိအချိန်ထိ ဒေသထွက်ကန်စွန်းဥများ အရောင်းအဝယ်ကောင်းမွန်နေကြောင်း၊ အဆိုပါဒေသတွင် မိုးကန်စွန်းဥများပေါ်နေချိန်ဖြစ်ပြီး တစ်ရက်လျှင် ကန်စွန်းဥပိဿာ ၁၀၀ မှ ၁၇၀ အထိ အရောင်းအဝယ်ကောင်းမွန်နေကြောင်း သိရသည်။

"လက်ရှိ ဒေသထွက်ကန်စွန်းဥတွေ အရောင်းအဝယ်ကောင်းမွန်နေပါတယ်။ ဒေသကနေထွက်ရှိတဲ့ ကန်စွန်းဥတွေက မြန်မာကန်စွန်းဥနဲ့ ကိုရီးယားကန်စွန်းဥ အမျိုးအစားတွေဖြစ်ပါတယ်။ လက်ရှိကာလက တောင်သူတွေစိုက်ပျိုးထားတဲ့ ကန်စွန်းဥတွေ ပေါ်နေတဲ့အချိန်ဖြစ်ပါတယ်။ အခုလို ကန်စွန်းဥတွေပေါ်နေတဲ့အချိန် အရောင်းအဝယ်ကောင်းမွန်နေတော့ ကန်စွန်းဥစိုက်တဲ့တောင်သူတွေ ဈေးကောင်းရသလို ကုန်သည်တွေလည်း အဆင်ပြေလာတာတွေ့ရပါတယ်။ ဒီနှစ်ကန်စွန်းဥဈေးကောင်းရတာက ပြီးခဲ့တဲ့နှစ်ကထက် ကန်စွန်းဥစိုက်တဲ့သူနည်းသွားတာနဲ့ ဒေသဈေးကွက်အပြင် ရန်ကုန်ဈေးကွက်ကပါ အဝယ်လိုက်နေလို့ဖြစ်ပါတယ်" ဟု ဒေါ်ဖြူအောင်ကပြောသည်။

ညောင်တုန်းမြို့နယ်မှ ဒေသထွက်ကန်စွန်းဥများကို ဒေသဈေးကွက်အပြင် မအူပင်၊ ပန်းတနော် စသည့်ဒေသများကပါ ဝယ်ယူလျက်ရှိကြောင်း သိရသည်။

**သုတကျော်**

# တောင်ငူမြို့နယ်၊ ကေတုမတီမြို့၊ သီတဂူကေတုမတီဗုဒ္ဓတက္ကသိုလ် အာယုဒါနဆေးရုံတော်၌ မျက်စိခွဲစိတ်ကုသမှုခံယူလျက်ရှိသော သံဃာတော်များနှင့်မျက်စိဝေဒနာရှင်များအား အလှူငွေများပေးအပ်

နေပြည်တော် အောက်တိုဘာ ၂၈

ပဲခူးတိုင်းဒေသကြီး၊ တောင်ငူမြို့နယ် ကေတုမတီမြို့သစ်ရှိ သီတဂူကေတုမတီဗုဒ္ဓတက္ကသိုလ် အာယုဒါနဆေးရုံတော်၌ မျက်စိခွဲစိတ်ကုသမှုခံယူလျက်ရှိသော သံဃာတော်များနှင့် မျက်စိဝေဒနာရှင်များအား အလှူငွေများပေးအပ်လှူဒါန်းခြင်းကို ယနေ့နံနက်ပိုင်းတွင် သီတဂူကေတုမတီဗုဒ္ဓတက္ကသိုလ်ပဋ္ဌိသောတဂါမိနီဓမ္မဗိမာန်တော်၌ ကျင်းပပြုလုပ်ရာ သီတဂူကေတုမတီဗုဒ္ဓတက္ကသိုလ်ကျောင်းအုပ် ဆရာတော် ဒေါက်တာ အရှင်တိက္ခသာရ အမှူးပြုသော သံဃာတော်များ ကြွရောက်တော်မူကြပြီး တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကြည်သိုက်နှင့် တာဝန်ရှိသူများ၊ စေတနာရှင်အလှူရှင်များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးနှင့်တက်ရောက်သူများက သီတဂူကေတုမတီဗုဒ္ဓတက္ကသိုလ်ကျောင်းအုပ်ဆရာတော်ထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး မျက်စိဝေဒနာရှင်များအတွက် တောင်ပိုင်းတိုင်းစစ်ဌာနချုပ်နှင့် ကွပ်ကဲမှုအောက် တပ်ရင်း/တပ်ဖွဲ့များနှင့် ဌာနဆိုင်ရာဝန်ထမ်းများမှ လှူဒါန်းသည့် အလှူငွေကျပ်သိန်း ၂၀၀ အား ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံရယူကြသည်။

ထို့နောက် တိုင်းမှူးနှင့် တက်ရောက်လာကြသူများက သီတဂူကေတုမတီဗုဒ္ဓတက္ကသိုလ်ကျောင်းအုပ်ဆရာတော်ထံမှ အနုမောဒနာတရားတော်နာယူကြပြီး ရေစက်သွန်းချ အမျှပေးဝေကာ ဆေးရုံအတွင်း လိုက်လံကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

အဆိုပါ ကေတုမတီမြို့သစ်ရှိ သီတဂူကေတုမတီဗုဒ္ဓတက္ကသိုလ်အာယုဒါနဆေးရုံတော်သည် သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်များ၏ အဓိပတိ အဘိဇမဟာရဋ္ဌဂုရု၊ အဘိဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက၊ မဟာဓမ္မကထိကဗဟုဇနဟိတဓရ၊ ရွှေကျင်နိကာယဥက္ကဋ္ဌ ရွှေကျင်သာသနာပိုင် သီတဂူဆရာတော် ဒေါက်တာဘဒ္ဒန္တ ဉာဏိဿရတည်ထောင်တော်မူသော ဆေးရုံတော်(၄၃)ခုအနက်(၃၇)ခုမြောက်ဆေးရုံတော်ဖြစ်ပြီး မျက်စိဝေဒနာရှင်များအား အောက်တိုဘာလ ၂၀ ရက်နေ့မှ ၃၀ ရက်နေ့အထိ တစ်နေ့လျှင် ၂၅၀ ဦးခန့်ဖြင့် မျက်စိအထူးကုဆရာဝန်ကြီးများ၊ ပါရဂူများ၊ ဆရာဝန်များ၊ တပ်မတော်သားပါရဂူများ၊ ဆရာဝန်များနှင့် ကျန်းမာရေးဝန်ထမ်းများက မျက်စိစမ်းသပ်စစ်ဆေးပေးခြင်း၊ လေဆာပစ်ခြင်း၊ ခွဲစိတ်ကုသခြင်း၊ မျက်စိတိမ်များခြစ်ထုတ်ခြင်းနှင့် မျက်လုံးအစားထိုးကုသခြင်းများကို ကုသပေးလျက်ရှိကြောင်း သတင်းရရှိသည်။ (၁၀၀)



တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကြည်သိုက်နှင့် တာဝန်ရှိသူများက မျက်စိဝေဒနာရှင်တစ်ဦးအား မျက်စိစမ်းသပ်စစ်ဆေးပေးနေမှုကို ကြည့်ရှုအားပေးစဉ်။

# ကျိုင်းတုံမြို့ရှိ အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်ကျောင်း၌ အဆင့်မြင့်အိမ်တွင်းမှုစက်ချုပ်သင်တန်းဖွင့်လှစ်

နေပြည်တော် အောက်တိုဘာ ၂၈

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကျိုင်းတုံမြို့ရှိ နယ်စပ်ရေးရာဝန်ကြီးဌာန၊ ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာနမှ ဖွင့်လှစ်သည့် အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း၌ အဆင့်မြင့်အိမ်တွင်းမှုစက်ချုပ်သင်တန်းအမှတ်စဉ်(၈) ဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် ပြုလုပ်ရာ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်စိုးလှိုင်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ သင်တန်းကျောင်းမှ ကျောင်းအုပ်ဆရာမကြီးနှင့် သင်တန်းနည်းပြများ၊ သင်တန်းသူများ တက်ရောက်ကြသည်။



တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်စိုးလှိုင် အဆင့်မြင့်အိမ်တွင်းမှုစက်ချုပ်သင်တန်းအမှတ်စဉ်(၈)ဖွင့်ပွဲတွင် အမှာစကားပြောကြားစဉ်။

ဦးစွာ တိုင်းမှူးက သင်တန်းဖွင့်အမှာစကားပြောကြားပြီး သင်တန်းကျောင်းအတွက် ထောက်ပံ့ငွေများပေးအပ်ရာ ကျောင်းအုပ်ဆရာမကြီးက လက်ခံရယူသည်။ ထို့နောက်ကျောင်းအုပ်ဆရာမကြီးက သင်တန်းကျောင်းဆိုင်ရာအချက်အလက်များကို ရှင်းလင်းတင်ပြသည်။ ၎င်းနောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက သင်တန်းနည်းပြများ၊ သင်တန်းသူများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ပြီး ခန်းမအတွင်း ခင်းကျင်းပြသထားသည့် သင်တန်းတွင် သင်ကြားပေးသွားမည့် လက်မှုပညာနမူနာပုံစံများကို လိုက်လံကြည့်ရှုသည်။

အဆိုပါ အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာရပ်များကို နယ်စပ်ဒေသဖွံ့ဖြိုးရေးအစီအစဉ်အရ တိုင်းရင်းသားအမျိုးသမီးငယ်များ၏ လူနေမှုဘဝဖွံ့ဖြိုးတိုးတက်လာစေရန်၊ လူမှုစီးပွားဘဝတိုးတက်မြင့်မားလာစေရန်၊ အမျိုးသမီးများ အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာများကို တတ်မြောက်ကျွမ်းကျင်ပြီး ကိုယ်ပိုင်စီးပွားရေးလုပ်ငန်းများထူထောင်နိုင်သည်အထိ လုပ်ကိုင်နိုင်ရန်ရည်ရွယ်၍ နယ်စပ်ရေးရာဝန်ကြီးဌာန၊ ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာနမှ ဖွင့်လှစ်သင်ကြားပေးနေခြင်းဖြစ်ကြောင်းနှင့် ယခုဖွင့်လှစ်သည့် စက်ချုပ်သင်တန်းကို သင်တန်းသူ ၃၀ ဦးဖြင့် ၂၀၂၅ ခုနှစ်၊ မတ်လ ၂၈ ရက်နေ့အထိ သင်ကြားပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (၁၀၀)

### ရှေ့ဖုံးမှအဆက်

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က ဒေသခံပြည်သူ ၇၅ ဦးတို့ကို ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ ကလေးရောဂါ၊ အရိုး/အကြောရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ မျက်စိရောဂါ၊ နား/နှာခေါင်း/လည်ချောင်းရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့်ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများဆောင်ရွက်ပေးသည်။

ယင်းသို့ဆောင်ရွက်ပေးနေမှုများကို တိုက်ကြီးတပ်နယ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး အဆိုပါကျောင်းတိုက်ရှိ ဆရာတော်၊ သံဃာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။ (၁၀၀)

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေး ပိုစတာ၊ ဗီဒီယိုနှင့် ဆောင်းပါးပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်နိုင်သည့်ရက် ထပ်မံတိုးမြှင့်ခြင်း

နေပြည်တော် အောက်တိုဘာ ၂၈

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သည် ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ ၉ ရက်နေ့တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ အဂတိလိုက်စားမှုတိုက်ဖျက်ရေးနေ့အထိမ်းအမှတ်အဖြစ် **“အဂတိပယ်ခွာ ပြည်သာယာ”** ခေါင်းစဉ်ဖြင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေး ပိုစတာ၊ ဗီဒီယိုနှင့်ဆောင်းပါးများကို ပြိုင်ပွဲဝင်နိုင်ကြောင်း ဖိတ်ခေါ်ခဲ့ပြီး ပြိုင်ပွဲဝင်လျှောက်လွှာတင်သွင်းရမည့် နောက်ဆုံးရက်အား ၃၀-၁၀-၂၀၂၄ ရက်နေ့ဟု သတ်မှတ်ခဲ့ပါသည်။ ယခုအခါလျှောက်လွှာတင်သွင်းရမည့် နောက်ဆုံးရက်အား ၁၀-၁၁-၂၀၂၄ ရက်နေ့အထိ ထပ်မံတိုးမြှင့်ထားပါကြောင်း အသိပေးကြေညာအပ်ပါသည်။

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်

## “ပြည်သူ့ကြားကပြည်သူ့စကား” အစီအစဉ်

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ရင်တွင်းခံစားချက်စကားသံများအား သဇင် FM ၏ **“ပြည်သူ့ကြားကပြည်သူ့စကား”** အစီအစဉ်မှ **“ပြည်သူကို လုပ်ကြံသတ်ဖြတ်လျက် အကြမ်းဖက် PDF”** ခေါင်းစဉ်ဖြင့် ၃၀-၁၀-၂၀၂၄ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်ပါသည်။ လာမည့်အပတ် ဗုဒ္ဓဟူးနေ့မွန်းလွဲ ၁ နာရီတွင် **“အေးချမ်းစွာ ပညာသင်ကြားနေတဲ့ စာသင်ကျောင်းကိုပါ အကြောင်းမဲ့ပစ်ချတိုက်ခိုက်လာကြတဲ့ အကြမ်းဖက်သောင်းကျန်းသူများ”** ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့ မနက် ၁၀ နာရီ အချိန်မှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉၈၉၉၀၉၉၅၈၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ပါကြောင်းနှင့် ပါဝင်လာသည့်ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များအား လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

## မိုးအနည်းငယ် ရွာနိုင်

နေပြည်တော် အောက်တိုဘာ ၂၈

မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းပြီး မိုးထစ်ချုန်း၍ နေရာကွက်ကျားမိုးအနည်းငယ်ရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။ (မိုး/ဇလ)

# အနာဂတ်ကို ပခုံးပြောင်းယူကြမည့်လူငယ်များ စာပေဖတ်ရှုကြစေလို

## ဆုလတ်မေ

**❖ စာပေမှရရှိသည့် ဘဝအတွေ့အကြုံတို့ကြောင့် ပိုမိုရင့်ကျက်သူဖြစ်စေ . . .**

**❖ လူ့အဖွဲ့အစည်းတွင် ဉာဏ်ပညာ ဗဟုသုတပြည့်စုံသူ၊ စောင့်စည်းမှုရှိသူ၊ ရင့်ကျက်တည်ငြိမ်သူတို့မှာ ရှေ့တန်းမှ ဦးဆောင်တာဝန်ယူကြရမြဲဖြစ် . . .**

**❖ ယနေ့ခေတ်ကာလတွင် စာအုပ်စာပေများကို အလွယ်တကူဖတ်ရှုလေ့လာနိုင်ပြီဖြစ်သဖြင့် စာအုပ်စာပေသည် မိမိ၏ဘဝတိုးတက်ခြင်းကို တစ်ထောင့်တစ်နေရာမှ အကျိုးပြုနေမည်မှာ မလွဲကေန်ပင်ဖြစ် . . .**

နိုင်ငံ၏ လူမှုရေးဦးတည်ချက် တတိယအချက်တွင် “နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကိုမြှင့်တင်ဆောင်ရွက်ရေး” ဟူ၍ ချမှတ်ထားရှိပြီး လူငယ်ပြုစုပျိုးထောင်ရေးလုပ်ငန်းများကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဆောင်ရွက်လျက်ရှိပါသည်။ လူငယ်ဘဝတွင် အနာဂတ်အတွက် မျှော်လင့်ချက်များနှင့်အတူ အားမာန်နှင့်ပြည့်စုံခြင်း၊ နိုးကြားတက်ကြွခြင်း၊ သွက်လက်ဖျတ်လတ်ခြင်း၊ စူးစမ်းလိုခြင်းနှင့် စွန့်စားလိုစိတ်ရှိခြင်း၊ တီထွင်ဖန်တီးတတ်ခြင်း စသည့်အရည်အသွေးကောင်းများ ပေါ်လွင်ထင်ရှားစွာရှိနေကြရာ လူငယ်များအား ကာယ၊ ဉာဏ၊ စာရိတ္တ၊ မိတ္တ၊ ဘောဂ ဗလငါးတန်ပြည့်စုံလာအောင် လေ့ကျင့်ပေးခြင်းဖြင့် နိုင်ငံ့အနာဂတ်အတွက် ကောင်းမွန်သည့် အင်အားစုများ ရရှိလာမည်ဖြစ်သည်။

လူငယ်ဆိုသည်မှာ လူ့ဘောင်အဖွဲ့အစည်းတစ်ခုတွင် အားကိုးအားထားပြုရသည့် လူ့စွမ်းအားအရင်းအမြစ်များပင်ဖြစ်သည်။ ခေတ်စနစ်များမည်သို့ပင် ဖြတ်သန်းပြောင်းလဲနေသည်ဖြစ်စေ လူငယ်မျိုးဆက်သစ်များအနေဖြင့် အတွေးအခေါ်ပိုင်း၊ အတွေ့အကြုံပိုင်း၊ အရည်အသွေးနှင့်ကိုယ်စွမ်းကိုယ်စအပိုင်းများတွင် ထူးချွန်ထက်မြက်နေရန် လိုအပ်မည်ဖြစ်သည်။ ထိုသို့ဖြစ်ပေါ်လာစေရန်အတွက် လူငယ်များ၏ကြိုးစားအားထုတ်မှုအခွင့်အလမ်းများနှင့် စွမ်းရည်မြှင့်တင်ရေးအပိုင်းများကို ဖွံ့ဖြိုးရေးလမ်းကြောင်းပေါ်တွင် တစိုက်မတ်မတ်တည်ရှိနေအောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်သည်။

လူငယ်လူရွယ်များသည် တိုင်းပြည်၏ အနာဂတ်အတွက် ခေါင်းဆောင်ကောင်းများဖြစ်ပြီး နိုင်ငံတော်၏တာဝန်များကို ပခုံးပြောင်းတာဝန်ထမ်းဆောင်ကြမည့်သူများဖြစ်သည်။ ထို့ကြောင့် လူငယ်လူရွယ်များ၏ အကျင့်စာရိတ္တများကောင်းမွန်စေရေး၊ တိုင်းချစ်ပြည်ချစ်စိတ်များရှိပြီး တိုင်းပြည်၏ဂုဏ်ကိုမြှင့်တင်လိုစိတ်၊ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားတိုးတက်လိုသောစိတ်ဓာတ်များဖြစ်ပေါ်လာစေရေး စနစ်တကျပျိုးထောင်မွေးမြူလျက်ရှိသည်။ လူငယ်လူရွယ်များကို ဤသို့မြှင့်တင်ပေးနေခြင်းသည် အစိုးရတစ်ရပ်အတွက် ဆောင်ရွက်နေခြင်းမဟုတ်ဘဲ လူငယ်လူရွယ်များအနာဂတ်နှင့် တိုင်းပြည်၏ အနာဂတ်ပိုမိုကောင်းမွန်ဖြစ်ထွန်းလာစေရေးအတွက် ဆောင်ရွက်ပေးနေခြင်းဖြစ်သည်။

မြန်မာနိုင်ငံတွင် ပညာတတ်လူဦးရေ အလွန်နည်းပါးလျက်ရှိပြီး လူငယ်လူရွယ်ကျောင်းသားအများစုသည် မူလတန်းပြီးဆုံးချိန်တွင် ပညာသင်ကြားမှုကို စွန့်လွှတ်သွားခဲ့ပြီး ကြုံရာကျပန်းလုပ်ကိုင်နေကြသဖြင့် နိုင်ငံအနာဂတ်အတွက် ရင်လေးဖွယ်ဖြစ်သည်။ မည်သို့ပင်ဖြစ်စေ နိုင်ငံအတွင်းရှိ ပြည်သူများအနေဖြင့် အကြောင်းကြောင်းကြောင့် ပညာကိုပြီးဆုံးအောင်မသင်ကြားနိုင်ခဲ့သော အခြေအနေကို ဖြေရှင်းပေးနိုင်ရန်အတွက် အလယ်တန်းပညာပြီးဆုံးအောင်သင်ကြားခဲ့သူများ အသက်မွေးဝမ်းကျောင်းပညာ၊ အထက်တန်းပညာများ ဆက်လက်ဆည်းပူးနိုင်အောင် နိုင်ငံတော်က စီမံဆောင်ရွက်ပေးလျက်ရှိသည်။ ပညာမသင်ကြားနိုင်သော လူငယ်အများစုအတွက် အသိပညာဗဟုသုတပညာရပ်များရရှိနိုင်သည့် အခွင့်အလမ်းဖြစ်သည့် စာကြည့်တိုက်များ တိုးချဲ့ဖွင့်လှစ်ပေးပြီး လူငယ်များစာဖတ်လိုစိတ်မြင့်မားလာရေးနှင့် စာပေဖတ်ရှုလေ့လာနိုင်သည့် ပတ်ဝန်းကျင်ကောင်းများ ဖန်တီးဆောင်ရွက်ပေးလျက်ရှိသည်။

### သုတ၊ ရသ စာပေရှာဖွေဖတ်ရှု

စာတတ်ပါလျက်နှင့် စာမဖတ်သူတို့များပြားနေခြင်းသည် ကာယကံရှင်နှင့် နိုင်ငံအတွက် ဆုံးရှုံးမှုတို့ကို ဖြစ်ပေါ်စေပါသည်။ စာတတ်ပါလျက်နှင့်စာမဖတ်ခြင်းက ကျောင်းနေ၍ ပညာသင်ကြားခဲ့ရခြင်း၏အနက်အဓိပ္ပာယ်ကို သေးသိမ်ကျဉ်းမြောင်းသွားစေပြီး သေစာရှင်စာမျှသာ စာဖတ်သူအဖြစ်ရောက်ရှိသွားစေသည်။ စာပေတွင် ရသစာပေနှင့် သုတစာပေဟူ၍ရှိရာ လူတို့၏နှလုံးသားအာဟာရ၊ ဦးနှောက်အာဟာရတို့အတွက် သုတ၊ ရသစာပေများကို ဖတ်ရှုကြရမည်ဖြစ်သည်။ ရသစာပေကို ဖတ်ရှုရသည့်အခါ စာပေ၏အစွမ်းကြောင့် စာဖတ်သူသည် မိမိပတ်ဝန်းကျင်နှင့် လောကကို သတိပြုလာစေပြီး ကြည့်တတ်၊ မြင်တတ်လာစေသည်။ ဘဝအောင်မြင်ရေးအတွက် အရေးပါစေသည့် အရည်အသွေးများဖြစ်သော အီးကျူ ခေါ် စိတ်နှလုံးခံစားမှုအရည်အသွေး၊ စီကျူ ခေါ် မတူကွဲပြားသည့် ယဉ်ကျေးမှုများ၊ လူ့အဖွဲ့အစည်းအပေါ် နားလည်လက်ခံနိုင်စွမ်းရှိသည့် အရည်အသွေး စသည်တို့သည် ရသစာပေကောင်းများကို ဖတ်ရှုရာမှရရှိစေသည်။ သုတစာပေကမူ အသိပညာဗဟုသုတတို့ တိုးပွားစေသည့် စာပေမျိုးဖြစ်ပြီး အသိအမြင်၊ အတွေးအခေါ်တို့ကို ကျယ်ပြန့်စေသည်။ စာပေမှရရှိသည့် ဘဝအတွေ့အကြုံတို့ကြောင့် ပိုမိုရင့်ကျက်သူဖြစ်စေသည်။ လူ့အဖွဲ့အစည်းတွင် ဉာဏ်ပညာ ဗဟုသုတပြည့်စုံသူ၊ စောင့်စည်းမှုရှိသူ၊ ရင့်ကျက်တည်ငြိမ်သူတို့မှာ ရှေ့တန်းမှ ဦးဆောင်တာဝန်ယူကြရမြဲဖြစ်သည်။ သို့ဖြစ်ရာ လူငယ်လူရွယ်များအနေဖြင့် အရွယ်အလျောက် သုတဖြစ်စေ၊ ရသဖြစ်စေ စာကောင်းပေမွန်တို့ကို စွဲစွဲမြဲမြဲဖတ်ရှုသည့် အလေ့အကျင့်ရှိရန်လိုအပ်သည်။

တိုးတက်လိုသူလူငယ်များအနေဖြင့် ငွေကြေး၊ အချိန်နှင့် အခြေအနေများမရှိကြသည့်တိုင် စာအုပ်စာပေများကို ကျားကုတ်ကျားခဲ ရှာဖွေဖတ်ရှုကြသည်ကို တွေ့ရှိရသည်။ စာဖတ်သည့် အလေ့အထဖြစ်လာရန်မှာ မိမိကိုယ်တိုင်၏ လိုချင်စိတ်အပေါ် မူတည်နေသည်ကို တွေ့ရှိရပါသည်။ စာဖတ်ခြင်းက စိတ်အာဟာရကို နှီးဆော်ပေးစွမ်းသည်ဟု ဆိုလေ့ရှိကြသည်။ စိတ်အာဟာရဆိုသည်မှာ စိတ်ကောင်း၊ နှလုံးကောင်း၊ ကိုယ်ရည်ကိုယ်သွေးကောင်းနှင့် ရင့်ကျက်ကြံ့ခိုင်မှု ဆုလာဘ်တစ်မျိုးပင်ဖြစ်သည်။ စာကောင်းပေကောင်းများက အယူအဆနှင့်လုပ်ရပ် အမှား၊ အမှန်ကို ဝေဖန်ခွဲခြားတတ်စေပြီး မှန်တာကိုလုပ်၊ မှားတာဆိုမလုပ်တတ်သည့် ရိုးသားခြင်းဟူသော ဂုဏ်ကိုလည်းပေးပါသည်။ မသိတာများသိရ၊ ပညာဗဟုသုတများရသဖြင့် အချင်းချင်းဆွေးနွေး၊ မေးမြန်း၊ ဖြေကြားရာတွင်လည်း မိမိကိုယ်မိမိ လူရာဝင်သလိုဖြစ်ကာ အပေါင်းအသင်းဆံ့ပြီး ယုံကြည်မှုကိုတိုးစေသည်။

### တစ်ထောင့်တစ်နေရာမှအကျိုးပြု

လူငယ်များအဖို့အောင်မြင်သောဘဝ တက်လှမ်းနိုင်ရေးအတွက် အရေးပါသောအချက်မှာ စာအုပ်စာပေဖတ်ရှုခြင်းဖြစ်သည်။ စာဖတ်ခြင်းက လောကတွင် သင်စရာ၊ သိစရာတို့ကို အချိန်တိုတိုအတွင်း သင်နိုင်၊ သိနိုင်သည့် အလွယ်ကူဆုံးနည်းလမ်းတစ်ခုဖြစ်သည်။ စာပေလေ့လာဖတ်ရှုခြင်းဖြင့် ဘဝတွင် ထိပ်တန်းသို့ တက်လှမ်းနိုင်ခဲ့သူများ ထင်ထင်ရှားရှားရှိပါသည်။ စာတစ်ကြောင်း၊ တစ်ပိုဒ်မျှကပင် ဘဝတစ်သက်တာကို အကျိုးပြုသွားသည့်သာဓကများစွာရှိပါသည်။

မြန်မာနိုင်ငံတွင် သူလိုငါလိုမထင်မရှားဘဝမှနေ၍ စာဖတ်ခြင်းဟူသော အချိန်မှန်မှန် ဖွဲသန်သန်လုပ်ငန်းကြောင့် ကမ္ဘာကျော်ခဲ့သူများရှိပါသည်။ ဂျပန်နိုင်ငံ အိုဆာကာနိုင်ငံခြားဘာသာတက္ကသိုလ်တွင် မြန်မာစာပါမောက္ခအဖြစ် တာဝန်ထမ်းဆောင်ခဲ့သူ ကွယ်လွန်သူစာရေးဆရာကြီး ဒေါက်တာနိုင်ပန်းလှ စာပေ၊ ဂီတ၊ ကဗျာ၊ ရုပ်ရှင်၊ အနုပညာကို တစိုက်မတ်မတ်လေ့လာကြိုးစားခဲ့၍ ၂၀၀၀ ပြည့်နှစ် ရန်ကုန်တက္ကသိုလ်ဘွဲ့နှင်းသဘင်အခမ်းအနား၌ ဂုဏ်ထူးဆောင်စာပေပါရဂူဘွဲ့ကို ပေးအပ်ချီးမြှင့်ခြင်းခံရသူ နိုင်ငံကျော်စာရေးဆရာ ဒါရိုက်တာဆရာကြီးဦးသုခ၊ ငယ်စဉ်က အလွန်ဆိုးသွမ်းခဲ့သော်လည်း စာကောင်းပေကောင်း တစ်အုပ်ကိုဖတ်ရှုမိပြီး အသိဉာဏ်ပွင့်လင်းကာ စီးပွားရေးလုပ်ငန်းကိုတိုးတက်အောင် ဆောင်ရွက်ခဲ့သူ၊ စာပေရန်ပုံငွေ ၇၆ သိန်းကျော် မတည်လှူဒါန်းခဲ့သူ ပခုက္ကူစာပေဆုအလှူရှင် ပခုက္ကူဦးအုံးဖေ စသည်တို့သည် စာဖတ်ခြင်းကြောင့် ဘဝမြင့်မားခဲ့ရသူများဖြစ်သည်။

စာဖတ်ခြင်းသည် တစ်နည်းအားဖြင့် စိတ်ကို အစာကျွေးခြင်းဖြစ်သည်။ ထို့ကြောင့်ငယ်စဉ်ကပင် စာဖတ်သည့်အလေ့အထကို စွဲမြဲအောင်ပြုစုပျိုးထောင်ရမည် ဖြစ်သည်။ စာဖတ်မှုပြုစုပျိုးထောင်မှုအလေ့အကျင့်များလာလျှင် စာဖတ်ဝါသနာပါလာပြီး စာအုပ်များကို စွဲစွဲလမ်းလမ်း နှစ်ခြိုက်စွာ ဖတ်ရှုတတ်လာမည်ဖြစ်သည်။ စာအုပ်ကို မိမိ၏ခင်မင်ရင်းနှီးသောမိတ်ဆွေသဖွယ် သဘောထားပြီဆိုလျှင် စာဖတ်ဝါသနာရှိလာပြီဟု ဆိုရမည်ဖြစ်သည်။ ယနေ့ကာလသည် ကြီးပွားတိုးတက်ရေးကို ရှေ့တန်းတင်ဦးတည်နေရသောခေတ်ဖြစ်ရာ စာမဖတ်သူမှာ အရာရာတွင် ခြေတစ်လှမ်းနောက်ကျကျန်ရစ်ခဲ့မည်ကို သတိမူသင့်ပါသည်။ စာအုပ်မျိုးစုံ၊ စာနယ်ဇင်းမျိုးစုံထွက်ရှိနေသော ယနေ့ခေတ်ကာလတွင် စာအုပ်စာပေများကို အလွယ်တကူ ဖတ်ရှုလေ့လာနိုင်ပြီဖြစ်သဖြင့် စာအုပ်စာပေသည် မိမိ၏ဘဝတိုးတက်ခြင်းကို တစ်ထောင့်တစ်နေရာမှ အကျိုးပြုနေမည်မှာ မလွဲကေန်ပင်ဖြစ်သည်။

### စာဖတ်ခြင်းကို ကျင့်ယူပါ

စင်စစ်စာဖတ်ခြင်းဝါသနာသည် ငယ်ဘဝကပင်စတင်ခြင်းဖြစ်သည်။ စဉ်ဆက်မပြတ် စာဖတ်သူများဖြစ်လာကြရေးအတွက် ကျောင်းစာကြည့်တိုက်များ၊ ရပ်ရွာစာကြည့်တိုက်များက ကောင်းစွာအထောက်အကူပြုနိုင်မည်ဖြစ်သည်။ စာကြည့်တိုက်များရှိ စာကောင်းပေကောင်းတို့ထဲမှအတွေ့အကြုံဗဟုသုတတို့ကိုယူဆောင်လျက် မိမိတို့ပန်းတိုင်သို့အရောက်သွားကာ မိမိဘဝကိုအလှဆင်နိုင်ရပါမည်။ မိမိစွမ်းဆောင်ရည်ကိုမြှင့်တင်ပြီး ဘဝတိုးတက်မြင့်မားရေးအတွက် တစ်ဆင့်ပြီးတစ်ဆင့် ကြိုးစားရပေမည်။ စာပေသုတနှင့် ဘဝအလှကို ဖန်တီးတည်ဆောက်ကာ မိမိအရည်အသွေး၊ မိမိတန်ဖိုးကိုမြှင့်တင်ရပေမည်။ အသိဉာဏ်ပညာရှိနိုင်ရေး ရသစာပေများများဖတ်မှတ်ကျင့်သုံးရန် လိုအပ်ပေသည်။ သို့မှသာ မိမိဘဝ၊ မိမိ အသိုက်အဝန်း၊ မိမိကျေးရွာမှနိုင်ငံအဆင့်တိုင်ပိုမိုတင့်တယ်လှပပေမည်။ ရသစာပေဝမ်းစာပြည့်ဝ၍ ပရဟိတနှင့် လောကကောင်းကျိုးကိုသယ်ပိုးဆောင်ရွက်နိုင်မည်ဖြစ်သည်။

လူငယ်များကို စာဖတ်စေရန်အားပေးခြင်းသည် မိမိဘဝတစ်သက်စာအတွက်ဖြစ်ကြောင်း မြင်အောင်ပြသပေးရမည်။ စာဖတ်ခြင်းက ဘဝအပေါ်မှန်ကန်သည့်အမြင်၊ မှန်ကန်သည့် အမူအကျင့်များအထိ ပြောင်းလဲနိုင်စွမ်းရှိပြီး မိမိတို့လူ့ဘဝတန်ဖိုးမြင့်တက်လာစေရန် စာများများဖတ်ခြင်းက အရေးပါကြောင်းကို လူငယ်များအနေဖြင့်လည်း သိရှိရန်လိုအပ်ပါသည်။ စာဖတ်ဝါသနာပါလာလျှင် စာဖတ်သည့်စရိုက်လည်း အလိုလိုဖြစ်ကာ စာပေကိုချစ်မြတ်နိုးလာမည်ဖြစ်သည်။

အချုပ်ဆိုရပါလျှင် စာပေနှင့် မိမိတက်လမ်းအား မြှင့်တင်ပေးနိုင်သကဲ့သို့ မိမိတိုင်းပြည်နှင့် လူမျိုးကောင်းကျိုးများကိုလည်း ဖန်တီးတည်ဆောက်ရမည်ဖြစ်သည်။ ဘဝကိုရုန်းကန်လှုပ်ရှားကြရာ၌ စာပေကိုမမေ့မလျော့ဘဲ စာပေမှသုတရသတို့ကို ဆင်မြန်းကာ အောင်မြင်မှုသရဖူကို လှမ်းယူနိုင်ရေး ကြိုးစားရမည်ဖြစ်သည်။ “အောင်မြင်သောလူမျိုးသည် စာဖတ်၍ စာဖတ်သောလူမျိုးသည် အောင်မြင်သည်” ဟုအဆိုရှိပါသည်။ ထို့ကြောင့် အနာဂတ်ကို ပခုံးပြောင်းယူမည့် လူငယ်များအနေဖြင့် အောင်မြင်ထွန်းပေါက်သောလူငယ်များဖြစ်လာစေရေး စာဖတ်သည့်အလေ့အထကို ကျင့်ယူသွားကြတတ်စေရန် တိုက်တွန်းနှိုးဆော်ရေးသားလိုက်ရပါသည်။ ။

# ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ခြောက်ဦးတွေ့ရှိ

နေပြည်တော် အောက်တိုဘာ ၂၈

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိရာ ၂၀-၁၀-၂၀၂၄ ရက် ည ၈ နာရီမှ ၂၇-၁၀-၂၀၂၄ ရက် ည ၈ နာရီအထိ ရက်သတ္တပတ်အတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း ၁၀၇၆၂ ခုအားစစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ခြောက်ဦး တွေ့ရှိရသည်။ ထို့ကြောင့် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ သုည ဒသမ ဝ၆ ရာခိုင်နှုန်းဖြစ်သည်။ အစီရင်ခံကာလအတွင်း ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိပါ။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်သည်။

ကျန်းမာရေးဝန်ကြီးဌာန

# ၂၀၂၄ ခုနှစ် ပဉ္စမအကြိမ်အမျိုးသားအားကစားပွဲတော်သို့ ဝင်ရောက်ယှဉ်ပြိုင်နိုင်ရေးနှင့် အောင်မြင်မှုများရရှိရေး ညှိနှိုင်းအစည်းအဝေးကျင်းပ



ပဲခူး အောက်တိုဘာ ၂၈

ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံးတော်ဝင်ဟံသာအစည်းအဝေးခန်းမ၌ ယနေ့နံနက်ပိုင်းက ၂၀၂၄ ခုနှစ် ပဉ္စမအကြိမ်အမျိုးသားအားကစားပွဲတော်သို့ ဝင်ရောက်ယှဉ်ပြိုင်နိုင်ရေးနှင့်အောင်မြင်မှုများရရှိရေး ညှိနှိုင်းအစည်းအဝေးကျင်းပရာ ဦးစီးကော်မတီဥက္ကဋ္ဌ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက တက်ရောက်အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် အားကစားနည်းအလိုက်ယှဉ်ပြိုင်နိုင်ရေးကော်မတီဥက္ကဋ္ဌ၊ အစိုးရအဖွဲ့ဝင်ဝန်ကြီးများက တာဝန်ယူထားသည့် အားကစားနည်းအလိုက်စခန်းသွင်းလေ့ကျင့်နေမှုနှင့် ပံ့ပိုးကူညီဆောင်ရွက်ပေးလျက်ရှိနေသည့် အခြေအနေများအားလည်းကောင်း၊ စခန်းသွင်းလေ့ကျင့်နေမှုအပေါ် အနီးကပ်ကြီးကြပ်ဆောင်ရွက်လျက်ရှိသည့် တိုင်းဒေသကြီးအဆင့်ဌာနဆိုင်ရာများက လေ့ကျင့်ရေးစခန်းများအလိုက် အားကစားသမားများ စားသောက်နေထိုင်ရေး၊ ကျန်းမာရေးနှင့် အုပ်ချုပ်မှုပိုင်းဆိုင်ရာကိစ္စရပ်များအားလည်းကောင်း အသီးသီးတင်ပြဆွေးနွေးခဲ့ကြသည်။

ယင်းနောက် ပဲခူးတိုင်းဒေသကြီး အားကစားနှင့်ကာယပညာဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူးက ၂၀၂၄ ခုနှစ် ပဉ္စမအကြိမ်အမျိုးသားအားကစားပွဲတော်သို့ ပဲခူးတိုင်းဒေသကြီးကိုယ်စားပြုဝင်ရောက်ယှဉ်ပြိုင်သွားနိုင်ရေး နည်းပြများနှင့် အကောင်းဆုံးလေ့ကျင့်သင်ကြားနေမှု၊ ယှဉ်ပြိုင်ရမည့်ပုံစံနှင့် နည်းစနစ်ပိုင်းဆိုင်ရာများအား အသေးစိတ်ရှင်းလင်းတင်ပြကြောင်း သိရသည်။

(၄၀၁)၊ တင်စိုး(ပဲခူး)

# ရန်ကုန်တိုင်းဒေသကြီးတွင် ကျောင်းသား၊ကျောင်းသူများအတွက် ဥပဒေအသိပညာပြန့်ပွားရေးဆရာဖြစ် သင်တန်းဖွင့်လှစ်သင်ကြား




ရန်ကုန် အောက်တိုဘာ ၂၈

ရန်ကုန်တိုင်းဒေသကြီးတွင် Grade 11, Grade 12 တက်ရောက်နေသည့်ကျောင်းသား၊ ကျောင်းသူများအတွက် ဥပဒေအသိပညာပြန့်ပွားရေးဆရာဖြစ်သင်တန်း(Training of Trainer) အမှတ်စဉ်(၁/၂၀၂၄) ဖွင့်ပွဲကို ယနေ့နံနက်ပိုင်းက အလုံမြို့နယ် အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်း သီရိရတနာခန်းမ၌ပြုလုပ်သည်။

ရှေးဦးစွာ ရန်ကုန်တိုင်းဒေသကြီး ဥပဒေအသိပညာပြန့်ပွားရေး ဆရာဖြစ်သင်တန်းကျင်းပရေး ဦးစီးကော်မတီနာယက တိုင်းဒေသကြီးဝန်ကြီးချုပ်ဦးစိုးသိန်းက အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က သင်တန်းသား၊ သင်တန်းသူ ဆရာ၊ဆရာမများအတွက် ဗလာစာအုပ်များထောက်ပံ့ပေးအပ်ရာ တိုင်းဒေသကြီးပညာရေးမှူး ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာချိုချိုမြတ်အောင်ကလက်ခံရယူသည်။

ယင်းနောက် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် ဥပဒေချုပ် ဒေါ်ဖြူမာဝေက ဥပဒေအသိပညာပြန့်ပွားရေး ဆရာဖြစ်သင်တန်းဖွင့်လှစ်ရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ရန်ကုန်တိုင်းဒေသကြီးဥပဒေချုပ်ရုံးက သင်တန်းဆရာများအဖြစ်ဆောင်ရွက်၍ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဆရာ၊ ဆရာမများက သင်တန်းသားများအဖြစ် တက်ရောက်ပြီး ရရှိလာသော ဥပဒေအသိပညာများကို ကျောင်းသား၊ ကျောင်းသူများသို့ ထိရောက်စွာပြန်လည်သင်ကြားပေးကြမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါသင်တန်းအား သင်တန်းဌာန(၁) အဖြစ် စမ်းချောင်းမြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းတွင် ကျောက်တံတား၊အလုံ၊မရမ်းကုန်းနှင့် ကမာရွတ်ခရိုင်၊ သင်တန်းဌာန(၂)အဖြစ် သဃ်န်းကျွန်းမြို့နယ်အခြေခံပညာအထက်တန်းကျောင်းသုဝဏ္ဏတွင် သဃ်န်းကျွန်း၊ ဗိုလ်တထောင်၊ဒဂုံမြို့သစ်ခရိုင်၊ သင်တန်းဌာန(၃)အဖြစ် အင်းစိန်မြို့နယ် အမှတ်(၇) အခြေခံပညာအထက်တန်းကျောင်းတွင် တိုက်ကြီး၊လှည်းကူး၊မှော်ဘီ၊ မင်္ဂလာဒုံနှင့် အင်းစိန်ခရိုင်၊ သင်တန်းဌာန(၄)အဖြစ် အလုံမြို့နယ် အမှတ် (၄)အခြေခံပညာအထက်တန်းကျောင်းတွင် သန်လျင်နှင့် တွံတေးခရိုင်တို့ရှိ အခြေခံပညာကျောင်းမှ ၄၀၈ ဦး၊ ကိုယ်ပိုင်ကျောင်းများမှ ၁၉၉ ဦး၊ International School မှ ၆၄ ဦး စုစုပေါင်း ဆရာ၊ ဆရာမ ၆၇၁ ဦးအား ဥပဒေဘာသာရပ်များကိုအောက်တိုဘာလ ၂၈ ရက်မှ နိုဝင်ဘာလ ၁၁ ရက်အထိ သင်ကြားပို့ချပေးမည်ဖြစ်ကြောင်း သိရသည်။

ဝန်းရံခ

# ဂေါက်သီးရိုက်ပြိုင်ပွဲယှဉ်ပြိုင်ရန်နှင့် ဆက်စပ်အစည်းအဝေးများတက်ရောက်ရန် မြန်မာဂေါက်သီးရိုက်အားကစားအဖွဲ့ထွက်ခွာ

ရန်ကုန် အောက်တိုဘာ ၂၈

အောက်တိုဘာလ ၃၀ ရက်မှနိုဝင်ဘာလ ၁ ရက်အထိ ဗီယက်နမ်နိုင်ငံ Vinperal Golf Hai Phong ၌ ကျင်းပမည့် 2024 ASIA-PACIFIC SENIOR AMATEUR CHAMPION-SHIP ဂေါက်သီးရိုက်ပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်ရန်နှင့် ဆက်စပ်အစည်းအဝေးများတက်ရောက်ရန် မြန်မာစီနီယာအပျော်တမ်း ဂေါက်သီးရိုက်အဖွဲ့သည် အောက်တိုဘာလ ၂၈ ရက်က ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာသွားသည်။

မြန်မာစီနီယာ အပျော်တမ်းဂေါက်သီးရိုက်အဖွဲ့တွင် အဖွဲ့ခေါင်းဆောင်နှင့်ကစားသမားအဖြစ် ဦးကိုကိုအေး(ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ ဂေါက်သီးအားကစားအဖွဲ့ချုပ်)၊ အားကစားသမားများဖြစ်ကြသော ဦးတင်မောင်မောင်ဝင်း(ဗဟိုအလုပ်အမှုဆောင်၊ မြန်မာနိုင်ငံဂေါက်သီးအားကစားအဖွဲ့ချုပ်) ဦးစိုး(ဗဟိုအလုပ်အမှုဆောင်၊ မြန်မာနိုင်ငံဂေါက်သီးအားကစားအဖွဲ့ချုပ်)နှင့်ဦးဆန်းမင်း(မလမ)တို့ ပါဝင်သွားပြီး ပြိုင်ပွဲလေ့လာသူများအဖြစ် ဦးတင်ကိုကို(ဒုတိယဥက္ကဋ္ဌ၊ မြန်မာနိုင်ငံဂေါက်သီးအားကစားအဖွဲ့ချုပ်)၊ ဦးသန့်ဇင်(ဗဟိုအလုပ်အမှုဆောင်၊ မြန်မာနိုင်ငံ ဂေါက်သီးအားကစားအဖွဲ့ချုပ်)နှင့် ဦးသိန်းဇော်ထွန်းတို့လည်း လိုက်ပါသွားသည်။

စီနီယာအပျော်တမ်း ဂေါက်သီးရိုက်ပြိုင်ပွဲဖြစ်သောကြောင့် အသက် ၅၅ နှစ်နှင့်အထက် အားကစားသမားများသာ ဝင်ရောက်ယှဉ်ပြိုင်ရခြင်းဖြစ်သည်။ မြန်မာစီနီယာအပျော်တမ်းဂေါက်သီးရိုက်အဖွဲ့သည် ဒေသတွင်းအပျော်တမ်းဂေါက်သီးရိုက်ပြိုင်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့သော်လည်း ယခုကျင်းပမည့် ASIA-PACIFIC SENIOR AMATEUR CHAMPIONSHIP ဂေါက်သီးရိုက်ပြိုင်ပွဲတွင်မူ ပထမဆုံးဝင်ရောက်ယှဉ်ပြိုင်ခြင်းဖြစ်ကြောင်းသိရသည်။

(၅၀၀)

# မြန်မာနေရှင်နယ်လိဂ်ယူ-၂၀ ပြိုင်ပွဲတွင် ဒဂုံပေ့ါအသင်းနိုင်ပွဲရရှိ

ရန်ကုန် အောက်တိုဘာ ၂၈

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် မြန်မာနေရှင်နယ်လိဂ်ကော်မတီက ကြီးမှူးကျင်းပလျက်ရှိသည့် မြန်မာနေရှင်နယ်လိဂ်ယူ-၂၀ ပြိုင်ပွဲ ပွဲစဉ်(၂၁)ပွဲစဉ်များကို ယနေ့ညနေပိုင်းက ရန်ကုန်မြို့တွင်ကျင်းပခဲ့ရာ ဒဂုံပေ့ါအသင်းနိုင်ပွဲရရှိခဲ့ပြီး မဟာယူနိုက်တက်အသင်းနှင့် ဟံသာဝတီယူနိုက်တက်အသင်းတို့ သရေရလဒ်ထွက်ပေါ်ခဲ့ကြောင်း သိရသည်။

မြန်မာနေရှင်နယ်လိဂ်ယူ-၂၀ ပြိုင်ပွဲ ပွဲစဉ်(၂၁)အဖြစ် ယနေ့ညနေ ၃ နာရီခွဲက ရန်ကုန်မြို့ တက္ကသိုလ်အားကစားကွင်းတွင် မြဝတီအက်ဖ်စီအသင်းနှင့် ဒဂုံပေ့ါအသင်းတို့ကစားခဲ့ရာ ဒဂုံပေ့ါအသင်းက ၂ ဂိုး ၁ ဂိုးဖြင့်အနိုင်ရရှိခဲ့ပြီး ဒဂုံပေ့ါအသင်းအတွက် သွင်းဂိုးများကို ပွဲချိန် ၁၃ မိနစ်တွင် နိုင်ကိုကို၊ ပွဲချိန် ၆၅ မိနစ်တွင် ကျော်ထူးတို့က သွင်းယူပေးနိုင်ခဲ့ပြီး မြဝတီအက်ဖ်စီအသင်းအတွက် သွင်းဂိုးကို ပွဲချိန် ၄၅ မိနစ်အပြီးအချိန်ပို ၂ မိနစ်တွင် မင်းမင်းခန့်က သွင်းယူပေးနိုင်ခဲ့သည်။

အလားတူ ညနေ ၃ နာရီခွဲက ပဒုမ္မာအားကစားကွင်းတွင် မဟာယူနိုက်တက်အသင်းနှင့် ဟံသာဝတီယူနိုက်တက်အသင်းတို့ကစားခဲ့ရာ တစ်ဂိုးစီသရေရလဒ်ထွက်ပေါ်ခဲ့ပြီး မဟာယူနိုက်တက်အသင်းအတွက် သွင်းဂိုးကို ပွဲချိန် ၃၁ မိနစ်တွင် နေနိုင်လင်းက သွင်းယူပေးနိုင်ခဲ့ကာ ဟံသာဝတီယူနိုက်တက်အသင်းအတွက် သွင်းဂိုးကို ပွဲချိန် မိနစ် ၉၀ တွင် မင်းခန့်ဇော်က သွင်းယူပေးနိုင်ခဲ့သည်။

မြန်မာနေရှင်နယ်လိဂ်ယူ-၂၀ ပြိုင်ပွဲ ပွဲစဉ်(၂၁)အဖြစ် အောက်တိုဘာလ ၂၉ ရက် ညနေ ၃ နာရီခွဲတွင် ရန်ကုန်မြို့စလင်းအားကစားကွင်း၌ ရှမ်းယူနိုက်တက်အသင်းနှင့် ရန်ကုန်ယူနိုက်တက်အသင်း၊ ပဒုမ္မာအားကစားကွင်း၌ သစ္စာအားမာန်အသင်းနှင့် ရတနာပုံအက်ဖ်စီအသင်းတို့ အသီးသီး ဆက်လက်ကစားသွားမည်ဖြစ်ကြောင်း သိရသည်။

စည်သူအောင်

# လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

**“လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့အစမ္မဝင်ရောက်နေထိုင်နေသည့်မြို့၊ ရွာများ၌ တပ်မတော်၏တန်ပြန်ထိုးစစ်ဆင်မှုများကိုကာကွယ်ရန်အတွက် ပြည်သူတို့၏နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အအုံများကိုအသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကိုလုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါလက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလိုတုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အစမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်ကြောင်း။”**

(၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့်ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအားပြောကြားသည့် အမှာစကားမှကောက်နုတ်ချက်)

## တိုးတက်ပြောင်းလဲလာသည့် နည်းပညာခေတ်တွင် ဝန်ထမ်းများအရည်အသွေးပြည့်ဝရန်လို

နေပြည်တော် အောက်တိုဘာ ၂၈

တိုးတက်ပြောင်းလဲလာသည့်နည်းပညာခေတ်တွင် ဝန်ထမ်းများ အရည်အသွေးပြည့်ဝရန်နှင့်လုပ်ရည်ကိုင်ရည်တိုးတက်ရန် သိသင့်သိထိုက်သည်များကို အစဉ်လေ့လာသင်ယူရန်လိုအပ်ကြောင်း ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက ယနေ့နံနက်ပိုင်းတွင် ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် နေပြည်တော်၊ စစ်ကိုင်း၊ ပဲခူး၊ မကွေး၊ မန္တလေး၊ ရန်ကုန်၊ ဧရာဝတီတိုင်းဒေသကြီးတို့မှ ဦးစီးအရာရှိအဆင့်အရာရှိသင်တန်းသား ၂၀ ဦးနှင့်တွေ့ဆုံစဉ် ထည့်သွင်းပြောကြားသည်။



ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက ပြည်သူလူထုနှင့် ထိတွေ့နေရသည့်ဌာနဖြစ်သည့်အတွက် ဝန်ထမ်းများကိုယ်တိုင် အတွေးအခေါ်၊ အယူအဆ ရင့်သန်ရန်နှင့် စိတ်ဓာတ်ကောင်းမွန်ရန်လိုအပ်ကြောင်း၊ ဌာန၏လုပ်ငန်းများ အမှန်တကယ် ထိထိရောက်ရောက် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်နှင့် ဝန်ထမ်းများ၏ လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားလာစေရန် အပတ်တကုတ် ကြိုးစားကြရမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန စုပေါင်းခန်းမ၌ကျင်းပသည့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လုပ်ငန်းစွမ်းဆောင်ရည် မြှင့်တင်ရေးသင်တန်း(၂/၂၀၂၄)ဖွင့်ပွဲ အခမ်းအနားသို့ အမြဲတမ်းအတွင်းဝန် ဦးဝင်းကျော်အောင်၊ ဌာနဆိုင်ရာအကြီးအကဲများ၊ တာဝန်ရှိသူများနှင့်သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြကြောင်း သိရသည်။

(၅၀၀)

⏭ **ရှေ့ဖုံးမှအဆက်**

“ဒီနှစ် မိုးသီးနှံစိုက်ပျိုးချိန် စစ်ကိုင်းမြို့နယ်မှာ ဧက ၁၅၀၀၀ ကျော်စိုက်ပျိုးနိုင်ခဲ့တာပါ။ ဝါသီးနှံများ စိုက်ပျိုးထုတ်လုပ်ရာမှာ သီးနှံမျိုးကောင်းမျိုးသန့်တွေ တောင်သူများ လွယ်ကူစွာ စိုက်ပျိုးရာသီအမီ စိုက်ပျိုးသွားနိုင်ဖို့ ဝါမျိုးစေ့တွေ ထောက်ပံ့ပေးနေတယ်” ဟု စစ်ကိုင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးဇော်ဦးကပြောသည်။

ယခုနှစ် စစ်ကိုင်းမြို့နယ်၌ ဝါသီးနှံစိုက်ပျိုးတောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ဝါမျိုးကောင်းမျိုးသန့်များရရှိစေရေး၊ ဝါသီးနှံဖြစ်ထွန်းအောင်မြင်စေရန် ပိုးမွှားရောဂါ ကြိုတင်ကာကွယ်နိုင်ရေး၊ အထွက်နှုန်းကောင်းမွန်စေရန် စိုက်နည်းစနစ်မှန်ကန်စေရေးတို့ကို နည်းပညာပေးသင်တန်းများဖွင့်လှစ်ပို့ချပေးပြီး ဝါစိုက်တောင်သူလိုအပ်သည့် နည်းပညာများကို ဆောင်ရွက်ပေးလျက်ရှိသည်။

ဝါသီးနှံကို စစ်ကိုင်းတိုင်းဒေသကြီးရှိ စစ်ကိုင်း၊ မုံရွာ၊ ယင်းမာပင်၊ ရွှေဘိုနှင့် ကန့်ဘလူခရိုင်အတွင်းရှိ မြို့နယ်၁၉ မြို့နယ်တွင် အောင်မြင်စွာစိုက်ပျိုးထုတ်လုပ်လျက်ရှိကြောင်းသိရသည်။

(၄၀၉)

## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး အတည်ပြုခန့်ထားခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး၊ စီးပွားရေးရာဌာနကြီး ညွှန်ကြားရေးမှူးချုပ် ဦးအောင်လှိုင်မိုးကို အစမ်းခန့်ကာလ (၁)နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

## လန်ချန်း-မဲခေါင် ပူးပေါင်းဆောင်ရွက်မှု ပိုက်ကျော်ခြင်းပြိုင်ပွဲတွင် မြန်မာ့လက်ရွေးစင်အသင်း ငွေနှစ်ခု၊ ကြေးနှစ်ခုဆွတ်ခူးရရှိ

ရန်ကုန် အောက်တိုဘာ ၂၈

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွမ်ရှီးကျွမ့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နန်နင်းမြို့၌ ၂၀၂၄ ခုနှစ် အောက်တိုဘာလ ၂၃ ရက်မှ ၂၇ ရက်အထိ ကျင်းပသည့် လန်ချန်း-မဲခေါင်ပူးပေါင်းဆောင်ရွက်မှု ပိုက်ကျော်ခြင်းပြိုင်ပွဲသို့ မြန်မာ့လက်ရွေးစင် ပိုက်ကျော်ခြင်းအားကစားသမားများ သွားရောက်ယှဉ်ပြိုင်ခဲ့ရာ ငွေတံဆိပ်နှစ်ခု၊ ကြေးတံဆိပ် နှစ်ခုရရှိခဲ့ကြောင်း သိရသည်။

မြန်မာပိုက်ကျော်ခြင်းအားကစားအဖွဲ့အား အဖွဲ့ခေါင်းဆောင်ဦးစိုင်းဇော်ထွန်းလင်းမှဦးဆောင်၍ နည်းပြများ၊ အုပ်ချုပ်သူများ၊ ဒိုင်များ၊ အားကစားသမားများသည် ယနေ့ညနေပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ပြန်လည်ရောက်ရှိကြရာ မြန်မာနိုင်ငံပိုက်ကျော်ခြင်းအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးအောင်မြင့်မြတ်နှင့် အမှုဆောင်များ၊ အားကစားနှင့် ကာယပညာဦးစီးဌာနမှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ခဲ့ကြသည်။

အဆိုပါပိုက်ကျော်ခြင်းပြိုင်ပွဲတွင် မြန်မာပိုက်ကျော်ခြင်းအားကစားအဖွဲ့သည် အမျိုးသားလေးယောက်တွဲပြိုင်ပွဲ၌ ဒုတိယရရှိခဲ့ပြီး ဗီယက်နမ်(A)အသင်းက ပထမ၊ လာအိုနှင့်ဗီယက်နမ်(B)အသင်းတို့က ပူးတွဲတတိယ၊ အမျိုးသမီးလေးယောက်တွဲပြိုင်ပွဲ၌ မြန်မာအသင်းက ဒုတိယ၊ ဗီယက်နမ်(A)အသင်းက ပထမ၊ တရုတ်နှင့်ဗီယက်နမ်(B)အသင်းတို့က ပူးတွဲတတိယဆု ရရှိခဲ့ကြသည်။

ထို့အတူ အမျိုးသားသုံးယောက်တွဲပြိုင်ပွဲတွင် မြန်မာနှင့်လာအိုတို့က ပူးတွဲတတိယ၊ ထိုင်းကပထမ၊ ဗီယက်နမ်(A)အသင်းက ဒုတိယ၊ အမျိုးသမီးသုံးယောက်တွဲပြိုင်ပွဲတွင် မြန်မာနှင့်တရုတ်တို့က ပူးတွဲတတိယ၊ ထိုင်းကပထမ၊ ဗီယက်နမ်(A)အသင်းက ဒုတိယဆုရရှိခဲ့ကြသည်။ ယင်းပြိုင်ပွဲတွင် မြန်မာနိုင်ငံအပါအဝင် တရုတ်၊ ထိုင်း၊ ကမ္ဘောဒီးယား၊ လာအိုနှင့် အိမ်ရှင်ဗီယက်နမ်နိုင်ငံအသင်းတို့ ပါဝင်ယှဉ်ပြိုင်ခဲ့ကြကြောင်း သိရသည်။

**ဝန်းရံခ**

## ထူးခြားသည့်နေ့အပူချိန်များ

၂၈-၁၀-၂၀၂၄

| | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|
| ဘားအံ | ၃၇ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယက် | ရွှေကျင် | ၃၆ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယက် |
| ချောက် | ၃၆ | ဒသမ | ၇ | ဒီဂရီဆဲလ်စီးယက် | မြဝတီ | ၃၆ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယက် |
| ဘီးလင်း | ၃၆ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယက် | ညောင်ဦး | ၃၅ | ဒသမ | ၇ | ဒီဂရီဆဲလ်စီးယက် |
| စစ်ကိုင်း | ၃၆ | ဒသမ | ၂ | ဒီဂရီဆဲလ်စီးယက် | ကော့ကရိတ် | ၃၅ | ဒသမ | ၇ | ဒီဂရီဆဲလ်စီးယက် |
| ရွှေဘို | ၃၆ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယက် | အောင်လံ | ၃၅ | ဒသမ | ၆ | ဒီဂရီဆဲလ်စီးယက် |

## ဘင်္ဂလားပင်လယ်အော်အခြေအနေ

နေပြည်တော် အောက်တိုဘာ ၂၈

ကပ္ပလီပင်လယ်ပြင်တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေပြီး ဘင်္ဂလားပင်လယ်အော်တွင် တိမ်အနည်းငယ်ဖြစ်ထွန်းနေသည်။

(မိုး/ဇလ)

# ရှမ်းပြည်နယ်(တောင်ပိုင်း)ရှိ အခြေခံပညာကျောင်းများကို ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေ ကြည့်ရှုစစ်ဆေး

နေပြည်တော် အောက်တိုဘာ ၂၈

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေ၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်နှင့် တာဝန်ရှိသူများသည် ယနေ့နံနက်ပိုင်းတွင် ရေကြီးနစ်မြုပ်မှုဖြစ်ပေါ်ခဲ့သည့် ကလောမြို့နယ် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းသို့ရောက်ရှိပြီး အဆောက်အအုံများ ပျက်စီးဆုံးရှုံးခဲ့မှု၊ ပြုပြင်ထိန်းသိမ်းထားရှိမှု၊ ဆောင်ရွက်ပြီးစီးမှုနှင့် ထပ်မံဖြည့်ဆည်းဆောင်ရွက်ပေးရမည့်လုပ်ငန်းများကိုကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် ကျောင်းသား၊ ကျောင်းသူများ အစားထိုး နှစ်ဝက်ဆုံး တတ်မြောက်မှုစစ်ဆေးအကဲဖြတ်သည့်စာမေးပွဲ ဖြေဆိုနေမှုကို လှည့်လည်ကြည့်ရှုအားပေးကာ ဆရာ၊ ဆရာမများ၏ တင်ပြချက်များကို ညှိနှိုင်းဆောင်ရွက်ပေးသည်။



ယင်းနောက် အမှတ်(၇) အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အထက်တန်းကျောင်း (အင်းခေါင်း)နှင့် အမှတ်(၄) အခြေခံပညာအလယ်တန်းကျောင်း(ခွဲ) တို့သို့ သွားရောက်ပြီး မြို့နယ်အဆင့် တာဝန်ရှိသူများ၊ ကျောင်းအုပ်ကြီး၊ ဆရာ၊ ဆရာမများနှင့် တွေ့ဆုံ၍ ကလောမြို့နယ်ရှိကျောင်းများ ပြန်လည်ဖွင့်လှစ် သင်ကြားသင်ယူမှု အခြေအနေများ၊ ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများနှင့်စပ်လျဉ်း၍ တင်ပြချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

မွန်းလွဲပိုင်းတွင် တောင်ကြီးမြို့ အမှတ်(၅) အခြေခံပညာအထက်တန်းကျောင်း၌ ရှမ်းပြည်နယ်တောင်ပိုင်း (တောင်ကြီး) မှ ပညာရေးဝန်ကြီးဌာန အရာထမ်း၊ အမှုထမ်းများ၊ အခြေခံပညာအထက်တန်း၊ အလယ်တန်း၊ မူလတန်း ကျောင်းအုပ်ကြီးများနှင့်တွေ့ဆုံပြီး ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် ပညာရေးဘွဲ့ ၅ နှစ် သင်တန်းအမှတ်စဉ် (၆) ကျောင်းသား၊ ကျောင်းသူများ တွေ့ဆုံပွဲ၌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ကျောင်းသား၊ ကျောင်းသူများ၏ စိတ်ဓာတ်၊ စည်းကမ်း၊ ပညာကို မှန်ကန်အောင် တည့်မတ်ပေးရေးသည် ဆရာ၊ ဆရာမများ၏တာဝန်ပင်ဖြစ်ကြောင်း၊ ထို့ပြင် တာဝန်ကျရာဒေသအသီးသီးက စာသင်ကျောင်းများတွင် ကျောင်းနေအရွယ်ကလေးတိုင်းကျောင်းနေရာခိုင်နှုန်းမြင့်မားရေး၊ ကျောင်းသား၊ ကျောင်းသူများကို အတန်းပညာတတ်မြောက်စေရေး၊ တန်းစဉ်ကူးပြောင်းနှုန်း မြင့်မားစေရေး သာမက ဉာဏ်ပညာနှင့်တည်ဆောက်ထားသည့် လူ့ဘောင်အသိုင်းအဝိုင်း ဖြစ်ပေါ်လာစေရေးအတွက် အလေးထားကြိုးပမ်းဆောင်ရွက်သွားကြရန်ပြောကြားကာကျောင်းအလိုက် လိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့ပြင် ပြည်ထောင်စုဝန်ကြီးသည် တောင်ကြီးမြို့ အခြေခံပညာအလယ်တန်းကျောင်း ဘုရားဖြူ(မြောက်)နှင့် အမှတ်(၇) အခြေခံပညာအထက်တန်းကျောင်းတို့သို့ သွားရောက်၍ ဆရာ၊ ဆရာမများ၊ ကျောင်းအကျိုးတော်ဆောင်နှင့် ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ကာ ကျောင်းအတွင်းတည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၀)

# သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ၂၀၂၄ ခုနှစ် ပြည်ထောင်စုဝန်ကြီးဖလားအားကစားပြိုင်ပွဲများ ဆက်လက်ကျင်းပ




နေပြည်တော် အောက်တိုဘာ ၂၈

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ၂၀၂၄ ခုနှစ် ပြည်ထောင်စုဝန်ကြီးဖလား အားကစားပြိုင်ပွဲများကို နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိအားကစားကွင်းနှင့် ဝန်ကြီးဌာနပိုင် အားကစားကွင်းများတွင် ဆက်လက်ကျင်းပ ယှဉ်ပြိုင်လျက်ရှိကြောင်း သိရသည်။

ယမန်နေ့က အမျိုးသားဘောလုံးပြိုင်ပွဲများကို ဝဏ္ဏသိဒ္ဓိအားကစားကွင်း လေ့ကျင့်ရေးကွင်း (၁)၌လည်းကောင်း၊ အမျိုးသားပိုက်ကျော်ခြင်းပြိုင်ပွဲကို အားကစားလေ့ကျင့်ရေးခန်းမ (၃)၌ လည်းကောင်း၊ ယနေ့တွင် အမျိုးသားဘော်လီဘောပြိုင်ပွဲ ပွဲစဉ်များကို ဝဏ္ဏသိဒ္ဓိအားကစားကွင်း အားကစားလေ့ကျင့်ရေးခန်းမ (၁)၌လည်းကောင်း ဆက်လက်ယှဉ်ပြိုင်ခဲ့ကြသည်။

အဆိုပါပြိုင်ပွဲများ ယှဉ်ပြိုင်နေမှုကို သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျ၊ ညွှန်ကြားရေးမှူးချုပ်များ၊ တာဝန်ရှိသူများနှင့် ကျောင်းသားများ တက်ရောက်ကြည့်ရှုအားပေးကြပြီး ပွဲစဉ်များအပြီးတွင် အားကစားသမားများကို ရင်းရင်းနှီးနှီးနှုတ်ဆက်အားပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

**နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအားနှောင့်ယှက်ခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# ချောင်းသာနှင့်ရွှေသောင်ယံကမ်းခြေဒေသ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုး ကွင်းဆင်းဆောင်ရွက်

နေပြည်တော် အောက်တိုဘာ ၂၈

ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုးသည် ယမန်နေ့နံနက်ပိုင်းက ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင်အတွင်းရှိ ရွှေသောင်ယံကမ်းခြေဒေသ Sea & Lake အပန်းဖြေစခန်းသို့ ရောက်ရှိပြီး ဒီရေတောစိုက်ခင်းများအား စနစ်တကျထိန်းသိမ်း၍ ခရီးသွားဆွဲဆောင်မှုတစ်ခုအနေဖြင့် စီစဉ်ဆောင်ရွက်ထားမှု၊ ကျောက်စိမ်းပြတိုက်နှင့် သစ်သားပန်းပုပြတိုက်များခင်းကျင်းပြသထားမှု၊ အမှတ်တရပစ္စည်းအရောင်းဆိုင်များ ဖွင့်လှစ်ထားရှိမှုနှင့် စွန့်စားအားကစားခရီးသွားလုပ်ငန်းအစီအစဉ်များဖြစ်သည့် Zip Lining၊ Wall Climbing၊ Quick Jump အစရှိသည့် အားကစားနည်းများ ဆောင်ရွက်နိုင်ရေးအတွက် ပြင်ဆင်ထားရှိမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

မွန်းလွဲပိုင်းတွင် ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန ချောင်းသာရုံးခွဲမှ ဝန်ထမ်းများနှင့်တွေ့ဆုံ၍ ချောင်းသာကမ်းခြေခရီးစဉ်ဒေသ စနစ်တကျပိုမိုဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်းဆောင်ရွက်သွားရန် မှာကြားပြီး ဌာနပိုင်အဆောက်အအုံများနှင့် တည်ဆောက်ဆဲဟိုတယ်များကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ညနေပိုင်းတွင် ချောင်းသာကမ်းခြေဒေသ စီမံခန့်ခွဲရေးအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဟိုတယ်လုပ်ငန်းရှင်များနှင့် ချောင်းသာကမ်းခြေဒေသ Azura Beach ဟိုတယ်၌တွေ့ဆုံ၍ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်မှု အခြေအနေများကိုရှင်းလင်းပြောကြားပြီး ချောင်းသာကမ်းခြေဒေသသို့ ခရီးသွားဧည့်သည်များ ပိုမိုလာရောက်လည်ပတ်စေရေး မြှင့်တင်ဆောင်ရွက်ရန် ဆွေးနွေးမှာကြားကာ ချောင်းသာကမ်းခြေသို့ ခရီးသွားဧည့်သည်များ လာရောက်လည်ပတ်မှုအခြေအနေနှင့် ဝန်ဆောင်မှုပေးနေမှုများ၊ ကမ်းခြေသန့်ရှင်းသာယာလှပရေးနှင့် ခရီးသွားဆွဲဆောင်ရာနေရာများကို လှည့်လည်ကြည့်ရှုခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



| မြို့ | အနိမ့်ဆုံး | / | အမြင့်ဆုံးအပူချိန် |
|---|---|---|---|
| နေပြည်တော် | ၂၄˚C | / | ၃၄.၄˚C |
| ရန်ကုန် | ၂၅˚C | / | ၃၄.၈˚C |
| မန္တလေး | ၂၄˚C | / | ၃၄.၀˚C |

**လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ**

**အဖိုးတန်ရေချိုကို ချွေတာကြပါစို့**

# အမျိုးသားမြေဥပဒေရေးဆွဲပြုစုရေးနှင့် မြေစီမံခန့်ခွဲမှုဆိုင်ရာ ဥပဒေများ သဟဇာတဖြစ်ရေးလုပ်ငန်းကော်မတီ အဌမအကြိမ် အစည်းအဝေးကျင်းပ




နေပြည်တော် အောက်တိုဘာ ၂၈

အမျိုးသားမြေဥပဒေရေးဆွဲပြုစုရေးနှင့် မြေစီမံခန့်ခွဲမှုဆိုင်ရာဥပဒေများ သဟဇာတဖြစ်ရေးလုပ်ငန်းကော်မတီ၏အဌမအကြိမ် အစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၌ကျင်းပရာ လုပ်ငန်းကော်မတီဥက္ကဋ္ဌ-၁ ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင် တက်ရောက် အမှာစကားပြောကြားပြီး လုပ်ငန်းကော်မတီဝင်များ၊ အထောက်အကူပြုလုပ်ငန်းအဖွဲ့ဥက္ကဋ္ဌများနှင့် ဥပဒေရေးဆွဲရေးအဖွဲ့ငယ် အဖွဲ့ခေါင်းဆောင်များက လုပ်ငန်းကဏ္ဍအလိုက် ဆွေးနွေးတင်ပြခဲ့ကြကြောင်း သိရသည်။

အဆိုပါအစည်းအဝေးတွင် အမျိုးသားမြေဥပဒေပထမ(မူကြမ်း)အခန်း(၁)မှ (၁၅) အထိ ပြန်လည်သုံးသပ်ဆွေးနွေးခြင်း၊ ယခင်အစည်းအဝေးများတွင် ယာယီသဘောတူအတည်ပြုထားသည့် ဥပဒေမူကြမ်းနှစ်ခုကို စုစည်းပေါင်းစပ်ပြီး ဥပဒေတစ်ရပ်လုံး မူကြမ်းအဖြစ် ပြုစုထားမှုများ ဆွေးနွေးခြင်းတို့ ဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# နယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့ညစ်ညမ်းမှုထိန်းချုပ်ရေးဆိုင်ရာ ပူးတွဲလုပ်ငန်းစီမံချက် မိတ်ဆက်ပွဲနှင့်ဆွေးနွေးပွဲသို့ တက်ရောက်ရန် ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ ထိုင်းနိုင်ငံ ဘန်ကောက်မြို့သို့ ထွက်ခွာ

နေပြည်တော် အောက်တိုဘာ ၂၈

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးခင်မောင်ရီ ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ယနေ့ နံနက်ပိုင်းတွင် ထိုင်းနိုင်ငံ ဘန်ကောက်မြို့၌ အောက်တိုဘာလ ၂၉ ရက်တွင်ကျင်းပမည့် နယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့ညစ်ညမ်းမှုထိန်းချုပ်ရေးဆိုင်ရာ ပူးတွဲလုပ်ငန်းစီမံချက် မိတ်ဆက်ပွဲနှင့်ဆွေးနွေးပွဲသို့ တက်ရောက်ရန် ရန်ကုန်မြို့မှ ထိုင်းနိုင်ငံ ဘန်ကောက်မြို့သို့ လေကြောင်းခရီးဖြင့် ထွက်ခွာသွားကြောင်း သိရသည်။

(သတင်းစဉ်)

**မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊** Mobile SIM Card၊ Mobile Payment Account၊ Bank Account **များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ငှားရမ်းအသုံးပြုစေခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသရှိ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအသင်းအဖွဲ့များနှင့် ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင် တွေ့ဆုံဆွေးနွေး

တောင်ကြီး အောက်တိုဘာ ၂၈

တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်သည် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်းရှိ တိုင်းရင်းသားစာပေနှင့်ယဉ်ကျေးမှုအသင်းအဖွဲ့များအား ယနေ့နံနက်ပိုင်းတွင် ဟိုပုံးမြို့နယ် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အစည်းအဝေးခန်းမ၌ တွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးသည် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်ရေးပင်ဖြစ်ကြောင်း၊ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒေသတည်ငြိမ်အေးချမ်းမှုရှိရန်လိုအပ်ကြောင်း၊ စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ထားရှိကြရန်လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် တိုင်းရင်းသားရေးရာဝန်ကြီး ဦးအောင်ကြည်ဝင်းနှင့် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသစီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးခွန်ရဲထွေးတို့က ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်း ဖွံ့ဖြိုးရေးဆိုင်ရာကိစ္စရပ်များ၊ တိုင်းရင်းသားစာပေယဉ်ကျေးမှုကိစ္စရပ်များ ဆောင်ရွက်ထားရှိမှုအခြေအနေများကိုလည်းကောင်း၊ တိုင်းရင်းသားစာပေနှင့်ယဉ်ကျေးမှုအဖွဲ့များက တိုင်းရင်းသားရေးရာကိစ္စရပ်များ၊ ဒေသဖွံ့ဖြိုးရေးကိစ္စရပ်များကိုလည်းကောင်း ဆွေးနွေးတင်ပြကြပြီး တိုင်းရင်းသားအခွင့်အရေးများကာကွယ်စောင့်ရှောက်ရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများက လိုအပ်ချက်များကို ဖြည့်စွက်ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးပြီး တိုင်းရင်းသားစာပေနှင့်ယဉ်ကျေးမှုအဖွဲ့များကို ထောက်ပံ့ငွေများ ပေးအပ်သည်။



မွန်းလွဲပိုင်းတွင် တောင်ကြီးမြို့နယ် အေးသာယာမြို့ ခပေါင်းရေကြည်ရပ်ကွက်ရှိ ရှမ်းပြည်နယ် တိုင်းရင်းသားရေးရာနှင့် သက်မွေးပညာသင်တန်းစင်တာသို့ သွားရောက်ကြည့်ရှုပြီး သင်တန်းများ စဉ်ဆက်မပြတ် ဖွင့်လှစ်သင်ကြားပေးရေး မှာကြားသည်။

ရှမ်းပြည်နယ် တိုင်းရင်းသားရေးရာနှင့် သက်မွေးပညာ သင်တန်းစင်တာတွင် ရှမ်းပြည်နယ်အတွင်းရှိ တိုင်းရင်းသားလူမျိုးများ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများ ရရှိနိုင်ရေးအတွက် ဆက်စပ်သင်တန်းများကို ဆက်လက်ဖွင့်လှစ်သင်ကြားပေးနိုင်ရေး စနစ်တကျစီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ (၅၀၀)

# နယ်စပ်ရေးရာဝန်ကြီးဌာနရှိ အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်တန်းကျောင်းများ၌ သင်တန်းများဖွင့်လှစ်

နေပြည်တော် အောက်တိုဘာ ၂၈

နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန ကွပ်ကဲမှုအောက်ရှိ အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း ၁၅ ကျောင်းတွင် နယ်စပ်ဒေသအပါအဝင် အလုပ်အကိုင်အခွင့်အလမ်းနည်းပါးသော ဒေသများမှ အမျိုးသမီးငယ်များအား အဆင့်မြင့်စက်ချုပ်ပညာရပ်များ သင်ကြားတတ်မြောက်စေခြင်းဖြင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ပြီး မိသားစုအပိုဝင်ငွေရရှိနိုင်စေရေး၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းအဖြစ် အထည်ချုပ်စက်ရုံများတွင် ဝင်ရောက်လုပ်ကိုင်နိုင်ရေးနှင့် ကိုယ်ပိုင်စက်ချုပ်ဆိုင်များ ဖွင့်လှစ်လုပ်ကိုင်နိုင်စေရေးရည်ရွယ်၍ အဆင့်မြင့်အိမ်တွင်းမှုစက်ချုပ်သင်တန်း၊ ရိုးရာဂျပ်ခုတ်သင်တန်း၊ အခြေခံလက်ရက်ကန်းသင်တန်း၊ ဟိုတယ်ဝန်ဆောင်မှုဆိုင်ရာသင်တန်းတို့အား ယနေ့နံနက်ပိုင်းတွင် ဖွင့်လှစ်ခဲ့သည်။

ထိုသို့ဖွင့်လှစ်ရာ၌ ဘားအံမြို့ အိမ်တွင်းမှုသင်တန်းကျောင်းတွင် ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦး၊ မုဒုံမြို့ အိမ်တွင်းမှု သင်တန်းကျောင်းတွင် မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း၊ လပွတ္တာမြို့ အိမ်တွင်းမှုသင်တန်းကျောင်းတွင် ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ လဟယ်မြို့ အိမ်တွင်းမှုသင်တန်းကျောင်းတွင် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဥက္ကဋ္ဌ ဦးထွန်းထွန်းဝင်း၊ မြိုင်ကြီးငူမြို့ အိမ်တွင်းမှုသင်တန်းကျောင်းတွင် ကရင်ပြည်နယ်အစိုးရအဖွဲ့ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးမင်းသူကျော်၊ ဆိုက်ခေါင်အိမ်တွင်းမှုသင်တန်းကျောင်းတွင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးစိန်ဝင်း၊ တာချီလိတ်မြို့ အိမ်တွင်းမှုသင်တန်းကျောင်းတွင် နယ်မြေခံတပ်မှ ဒုတိယဗိုလ်မှူးကြီး သန့်လှိုင်ဝင်းတို့ တက်ရောက်ဖွင့်လှစ်ပေးပြီး ကျန်သင်တန်းကျောင်းများ၌ နယ်စပ်ရေးရာဝန်ကြီးဌာန ကွပ်ကဲမှုအောက်ရှိ ဦးစီးဌာနများမှ တိုင်းဒေသကြီး/ ပြည်နယ်ဦးစီးမှူးများနှင့် ခရိုင်/ မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့မှတာဝန်ရှိသူများ တက်ရောက်ဖွင့်လှစ်ပေးခဲ့သည်။

အဆိုပါသင်တန်းကျောင်း ၁၅ ကျောင်းတွင် အဆင့်မြင့်အိမ်တွင်းမှုစက်ချုပ်သင်တန်းသူ ၄၂၀ ဦး၊ ရိုးရာဂျပ်ခုတ်သင်တန်းသူ ငါးဦး၊ အခြေခံလက်ရက်ကန်းသင်တန်းသူ ငါးဦး၊ ဟိုတယ်ဝန်ဆောင်မှုဆိုင်ရာသင်တန်းသူ ၄၀ ဦး၊ သင်တန်းသူစုစုပေါင်း ၄၇၀ ဦးတက်ရောက်၍ ၂၀၂၄ ခုနှစ် အောက်တိုဘာလ ၂၈ ရက်မှ ၂၀၂၅ ခုနှစ် မတ်လ ၂၈ ရက်အထိ ရက်သတ္တ ၂၂ ပတ်ကြာ ဖွင့်လှစ်သွားမည်ဖြစ်ပြီး နေထိုင်စားသောက်ရေးနှင့် သင်တန်းသုံးပစ္စည်းများ အခမဲ့ထောက်ပံ့ပေးသွားမည်ဖြစ်သည်။



အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်တန်းကျောင်းများတွင် ဘဏ္ဍာရေးနှစ်တစ်နှစ်လျှင် သင်တန်းနှစ်ကြိမ်ဖွင့်လှစ်ပေးလျက်ရှိရာ သင်တန်းသူစုစုပေါင်း ၉၆၈၄၁ ဦး သင်ကြားလေ့ကျင့်မွေးထုတ်ပေးခဲ့ပြီးဖြစ်ကြောင်း သတင်းရရှိသည်။

(၅၀၀)


Myawady In English
www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com

# Mount Popa, Mount Popa National Geopart Park attract the visitors

POPA October 28

The Mount Popa National Geopart Park near the Mont Popa in Kyaukpadaung township of Mandalay Region boasts minerals of an old volcano some 320,000 years ago and natural beauty in tropical regions to attract local and foreign travellers in monsoon and dry seasons.

The Mount Popa and Mount Popa National Park seem to be decorated with picturesque scenes in every season, and the visitors can observe the herbs, sandalwood, golden deer, dusky leaf monkey, bird species and wildlife in Indaing and deciduous forests in the rainy season.



The Mount Popa National Geopark was established on 20 March 2024, and it is a national-level geopark to conserve ancient geological heritages, biodiversity, culture and ancient heritages, and history and conduct educating programmes to value the local products and enatural beauty and sustainable development plans for the development of research and locals. The government makes efforts to establish 10 per cent of the country's total land as protected areas. There are 59 natural protected areas covering 6.42 percent of total land areas.

The Mount Papa National Geopark is organized with 15 geosites and is also the first national-level geopark in Myanmar.

"The Mount Popa National Geopark is in a tropical zone with cool mountains and ancient geological features that always welcome visitors. It has various biodiversity and rare wild animals. The visitors can study the mineral resources of old volcanoes and enjoy the natural beauty of mountains, villages and local products. It lies on the way to the Bagan Ancient Cultural Heritage Zone, and so we arrange for the visitors to tour 15 geosites," said an official of the geopark.

The visitors to Mount Popa National Geopark can visit such geosites as the peak of Mount Popa, volcanic basalt and Ayeyawady sandstone layer, three-layered basalt volcanic stone, Ayeyawady stone layer, Taung-nitaung Chalcedony and clay mineral, herbal garden and educating booth, sandalwood and Myanma Golden Deer, bird nest cliff, landscape, basaltic lava flow site, Taungpawywa, fossil wood, Taungnataung site, crater and Gamo Lake.

SK

# Farmers finish cultivation of vegetables on croplands in Kanbalu District

KANBALU October 28

According to the statistics of Kanbalu District Agriculture Department, a total of 2,431 acres of vegetables were planted in Kanbalu District of Sagaing Region this monsoon.

Local authorities earmarked cultivation of 2,475 acres of vegetables in the district as monsoon crops in 2024-2025 monsoon season but local farmers have planted 1,916 acres of vegetables in Kanbalu Township and 515 acres in Kyunhla Township, totalling 2,431 acres against the target cultivation.

Daw Mar Mar Win, Head of Kanbalu District Agriculture Department said: "This monsoon, a plan was set to grow 2,475 acres of vegetables in Kanbalu District. So far, local farmers have planted 2,431 acres of crops. They are trying hard to meet the target cultivation. They grow mustard, chilli, spicy, potato, cabbage, eggplant, cauliflower, Chinese cabbage and other crops. Our department shared agricultural techniques with local farmers and urged them to use GAP system. Moreover, farmer awareness was raised for production of healthy crops with least chemical residues."

In 2024-2025 monsoon season, Kanbalu Township set a plan to grow 1,963 acres of vegetables and Kyunhla Township, 512 acres, totalling 2,475 acres.

This year, officials of the Township Agriculture Department conducted the training courses for local farmers and agricultural staff in order to enhance their capacity for growing vegetables with least chemical residue. Moreover, the department urged local farmers to expand sown acreage of vegetable plantations.

Seasonal vegetable plants are thriving in Kanbalu Township. Hence, local farmers earn increased incomes for their families. Officials of Township Agriculture Department share knowledge about use of correct agricultural techniques, prevention of pests, and making fertilizers and pests to cut agricultural costs.

SK

# Mawlamyinegyun Township supplies 85,000 bags of Ziya rice to Yangon market

MAWLAMYINEGYUN October 28

"Local businesspersons and farmers from Mawlamyinegyun Township of Ayeyawady Region sent 85,000 bags of Ziya rice to Yangon market in September," said Daw Marlar, the owner of rice and paddy trading centre in Mawlamyinegyun Township.

They could supply 57,000 bags of rice to Yangon market in August but 85,000 bags in September.

Daw Marlar commented: "Last month, we sent a large number of rice bags to Yangon market. Local businesspersons focus on sale of agricultural produce to Yangon market. Ziya rice is a good quality for consumption. Merchants from Yangon market demand to purchase Ziya rice from Mawlamyinegyun Township. Currently, they offer to purchase Ziya rice from our township."

Thanks to demand from Yangon market, those in production chain of rice are convenient in earning incomes for their families.

SK

# More than 35,000 acres of monsoon pigeon pea planted in Myinmu Township

MYINMU October 28

Sagaing District Agriculture Department stated that a total of 35,220 acres of pigeon pea has been planted as monsoon crops in Myinmu Township of Sagaing Region.

In 2024-2025 monsoon season, the township earmarked 35,220 acres of pigeon pea and local farmers met the target cultivation, accounting for cent per cent.

Daw Thida Lwin, Head of Sagaing District Agriculture Department said: "This monsoon, local farmers could meet the target cultivation of 35,220 acres of pigeon pea. Our department helped local farmers thrive the crops for boosting per-acre yield. They grow pigeon pea as mixed crops in other crop plantations."

Officials of the township agriculture department urged local farmers to select quality strains of crops, apply agricultural techniques and prevent pests for boosting per-acre yield of crops.

Agricultural staff members share the techniques of making folio fertilizers with local farmers to cut costs in purchase of pesticides.

SMK

# MMMC to offer diploma courses for 2025-2026 academic year

YANGON October 28

Myanmar Mercantile Marine College (MMMC) will begin offering diploma courses for cadets in January 2025 for the 2025-2026 academic year.

These two-year courses include the Mercantile Marine Cadet Course (CD/52), Mercantile Marine Engineering Cadet Course (CE/50), and Mercantile Marine Electrical Cadet Course (CME/05). Upon successful completion, cadets will be awarded diplomas in nautical studies, maritime technology, or marine electrical engineering.

Applicants must have passed the Grade-12 examination and must not be older than 21 years of age as of 31 December 2024. Those applying for the Mercantile Marine Cadet Course and Marine Engineering Cadet Course must have passed with subject combinations including chemistry and physics, and must have achieved a total score of at least 400 marks. Applicants for the Mercantile Marine Electrical Cadet Course must have passed with subject combinations including chemistry and physics, and must have a minimum total score of 390 marks.

Applications can be submitted in person until 31 August. The college will admit 130 trainees for the Mercantile Marine Cadet Course, 130 for the Marine Engineering Cadet Course, and 40 for the Mercantile Marine Electrical Cadet Course.

Applicants will be selected through personal interviews, and more detailed information can be obtained from the Office of the Registrar and the Training Department during office hours.

**SK**

# Shwe Padauk fish market, Baho Sanpya fish market mainly provide fishery products for Yangon

YANGON October 28

The Shwe Padauk fish market and Baho Sanpya fish market mainly provide marine products to cover the daily consumption in Yangon, where about seven million people reside. During the monsoon season, the Shwe Padauk fish market distributes about 300,000 visses of freshwater fishery products and 150,000 visses of saltwater fishery products daily.

The market receives 14 freshwater products and 15 saltwater products from Yangon Region, Ayeyawady Region, Bago Region, Rakhine State, Mon State and Taninthayi Region. It also distributes marine products to hilly areas, as well as the central and lower parts of Myanmar and Bangladesh. The freshwater rohu and river catfish are mainly exported to Bangladesh, and to Dubai and Saudi Arabia through Bangladesh port.



"The arrival of freshwater and saltwater products this year is not much different from last monsoon season. The fishery product sales are in normal condition. The Shwe Padauk fish market is a focal hub for customers and Yangon Region. It boasts proper transport systems like land and waterway, and it is a main trading hub for local and foreign. We export rohu and striped catfish and other fish to Bangladesh. The saltwater fishery products are transported to companies and cold storage facilities, and the local consumption rate is high for freshwater fishery products except for the export volume of rohu and river catfish to Bangladesh. There is foreign demand for rohu and river catfish. If they are exported directly to foreign countries without any agents, there will be foreign income, which will earn extra revenue for the country. It will also benefit the fish farmers and exporters," said U Kyin Saw, chairman of the market development committee.

The fish and prawn are produced in different regions and states, and the saltwater products are exported to Thailand, China, and Japan. These two fish markets receive most of the freshwater products for local consumption. The Shwe Padauk fish market opens from 3 am to 5 pm daily. The market is on 8.172 acres of land and has eight complexes, 444 shops, and over 90 vendor stalls. It mainly distributes 20 types of freshwater fish and 25 kinds of saltwater fish daily.

Establishing a fish export market can double the export volume and revenue of the country and create economic opportunities for fish farmers.

**SMK**

# More than 35,000 acres of peanut plantations thriving in Taze Township

TAZE October 28

YeU District Agriculture Department stated that a total of 35,740 acres of monsoon groundnut has been planted in Taze Township of Sagaing Region.

In 2024-2025 monsoon season, Taze Township earmarked cultivationb of 35,710 acres of peanut but local farmerd cultivated 35,740 acres of peanut exceeding the target.

U Zaw Myint Tun, Head of YeU District Agriculture Department explained: "This monsoon, local farmers planted 35,740 acres of peanut exceeding the target of 35,710 acres of monsoon peanut. At present, the oil crop plantations are successfully thriving in the croplands.

Farmers need to cost more than Ks-200,000 per acre of oil crop for quality strain of seeds, labour charge and pesticide with using 1.5 baskets of seeds per acre, and it yields more than 50 baskets of peanut per acre.

This year, staff of the township agriculture department make field trips to the cropland inspect thriving of crops, prevention of pests, and weeding for boosting per-acre yield.

**SMK**

# Plan underway to grow more than 15,000 acres of winter sunflower in Htigyaing Township

HTIGYAING October 28

Local authorities will plan to grow 15,360 acres of winter sunflower in Htigyaing Township of Sagaing Region in coming winter this year, according to the township agriculture department.

Local farmers will cultivate sunflower in Htigyaing Township from October to December this year.

U Ko Ko Aung, Head of Htigyaing Township Agriculture Department commented: "Local authorities set plans to grow more than 15,000 acres of sunflower in coming winter this year. They will provide assistance for local farmers to grow the crops for meeting the target cultivation. Sown acreage of sunflower will be expanded with the aim of reducing import of palm oil. Yield of oil from sunflower is higher than groundnut and sesame. Local farmers prefer to grow sunflower in winter."

Township Agriculture Department conducts training courses for local farmers and agricultural staff to enhance their capacity for growing sunflower.

This year, local authorities have arranged to provide quality seeds of sunflower and sell urea fertilizers at fair prices to local farmers and managed seed barter system among the farmers.

**SK**

# Roundup: Polls show majority of Americans support abolishing Electoral College



LOS ANGELES October 28

According to a flurry of recent public polls, the majority of Americans favored abolishing the Electoral College for the presidential election, a mechanism made the United States' executive president be indirectly elected via a group of presidential electors instead of decided by voters directly.

The Pew Research Center survey released last month indicated that 63 percent of Americans favored a direct popular vote for the nation's president over the Electoral College, with around 80 percent of Democrats and 47 percent of Republicans in favor of doing away with the process.

The Public Policy Institute of California's October poll also showed that seven out of 10 voters in California, the most populous state of the country, wanted the Electoral College abolished.

The University of Massachusetts Amherst League of Women Votes (UMass Amherst) poll published on Friday showed six out of 10 American women favored abolishment of the Electoral College.

"The Electoral College is an outdated racist relic with harmful implications for all voters," said Celina Stewart, CEO of the League of Women Voters, in a statement. "So, it is no surprise that women are advocating for a more representative system that prioritizes the power of the people. Voters, not politically motivated electors, must choose the president."

No surprise there, since states whose electoral votes can swing the election despite losing the national vote tend to be Republican. Donald Trump's 2016 victory despite losing the popular vote by a significant margin fueled public debate on the Electoral College's legitimacy and underscored the reason, for many, why it has to be repealed.

For over two centuries, the U.S. Electoral College has decided presidential elections, yet a majority of Americans now prefer a shift to a popular vote system that guarantees a democracy based on "One person, One vote."

The Electoral College works by assigning each state a number of "electors" based on how many congressional representatives it has.

Total electoral votes add up to 538, with most states awarding all their votes to the candidate who wins that state in the popular vote. The candidate who receives 270 electoral votes wins the presidency.

**Xinhua**

# Russian army ranked world's strongest by US magazine



MOSCOW October 28

Last year, Global Firepower's Military Strength Ranking put the Russian army on the second spot after the US military.

Russia has the strongest military in the world, a US News and World Report magazine ranking has shown.

"Various attributes and nations were presented in a survey of nearly 17,000 people from across the globe," conducted from March 22 to May 23, 2024, according to the news outlet.

**Sputnik**

# IRGC calls Israeli strike on Iranian territory miscalculation with 'bitter consequences'



TEHRAN October 28

Israel's strike on Iranian territory shows Tel Aviv's desperation and miscalculation, this strike will have "unimaginably bitter consequences" for Israel, Islamic Revolutionary Guard Corps (IRGC) Commander-in-Chief Hossein Salami said on Monday.

On Saturday night, the Israel Defence Forces announced strikes on military targets in Iran in response to the attacks on the Jewish state on October 1. CBS News reported citing a source that the Israeli attack on Iran had been limited to military targets, bypassing nuclear or oil facilities. According to IRNA, none of Iran's oil facilities were damaged.

**Sputnik**

# Social Democratic Party wins Lithuania's parliamentary runoff

VILNIUS October 28

Lithuania's opposition Social Democratic Party (LSDP) won parliamentary election runoff on Sunday, according to preliminary results of the Central Electoral Commission.

In the first round two weeks ago, LSDP won 20 seats in the Seimas, Lithuania's parliament, and in the second round held on Sunday, the party secured 32 single-mandate constituencies.

The ruling Homeland Union-Lithuanian Christian Democrats came second in the elections and will provisionally have a faction of 28 members in the Seimas.

The Dawn of Nemunas will have 20 seats, followed by the Union of Democrats "For Lithuania" (DSVL) with 14. The Liberal Movement of the Republic of Lithuania will have 12 seats in the Seimas, and the Lithuanian Peasant Popular Union (LVZS) eight.

"We, the Social Democrats, have achieved a historic victory, something we probably haven't seen in decades," LSDP leader Vilija Blinkeviciute told Baltic News Service (BNS) on Monday.

Blinkeviciute said negotiations on the formation of a coalition with both DSVL and LVZS will continue. The final decision on the governing coalition will be made by the presidium of LSDP, and then the council, she said, adding that the presidium's meeting is scheduled for Wednesday, while the council plans to vote next week.

If the three parties coalition is formed, they will become the ruling majority with 74 out of 141 seats in the Seimas.

Gabrielius Landsbergis, chairman of TS-LKD, announced at a press conference on Monday that he is stepping down as the party's leader after the Seimas elections. He told local media that he sees outgoing Prime Minister Ingrida Simonyte as the party's next leader.

Landsbergis also announced that he will not serve in the next Seimas, which means that the mandate will go to the next politician on the party's list in the multi-member constituency.

Around 41.3 percent of voters cast ballots in the second round, data from the Central Electoral Commission showed on Sunday night after the polls closed.

The turnout is higher than in the runoff round of parliamentary elections in 2020, but below this year's first round turnout.

**Xinhua**

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Gartner: Global EV adoption to hit 85 million by 2025



Gartner forecasts 85 million EVs worldwide by 2025, with China and Europe leading the way and battery recycling playing a crucial role.

According to a forecast from Gartner, Inc., by the close of 2025, 85 million EVs including cars, buses, vans and heavy trucks are expected to be in use globally. Despite challenges facing the EV market, significant growth is still anticipated, driven by key markets such as China and Europe.

**Steady growth amid challenges**

According to Jonathan Davenport, Senior Director Analyst at Gartner, the EV market has faced several hurdles over the past year, including delayed model launches and infrastructure concerns.

However, despite these obstacles, the global EV fleet is projected to grow significantly, from 64 million units in 2024 to a 33 percent increase, totalling 85 million by 2025.

"Many companies overestimated how quickly the switch to EVs would occur," Jonathan noted. The overestimation led to delays in launching new EV models. Yet, the outlook for 2025 remains optimistic, with 58 percent of EV sales expected to come from China and 24 percent from Europe, representing 82 percent of the world's EV market.

**Dominance of battery electric vehicles (BEVs)**

According to Gartner's data, of the 85 million EVs forecasted to be on the road by 2025, 73 percent will be Battery Electric Vehicles (BEVs). The number of BEVs is projected to increase by 35 percent from 2024, totalling almost 62 million units by the end of 2025.

Meanwhile, Plug-in Hybrid Electric Vehicles (PHEVs) are expected to grow slower, with a projected base of 23 million units by 2025, up 28 percent from 2024.

**Regional Insights: China Leads the Charge**

Regionally, China is steadily growing EVs across both regions. Europe's solid regulatory push for sustainability and North America's increasing investment in EV infrastructure will play key roles in this growth.



**A Circular Future: Recycling 95 percent of EV Batteries by 2030**

As the number of EVs increases, so does the need for sustainable practices, particularly regarding battery production and recycling. The global demand for EV batteries has put immense pressure on the supply of raw materials, which is becoming a critical concern for automakers.

According to Gartner, by 2030, 95 percent of EV batteries will be recycled as part of automakers' efforts to mitigate the risks of raw material shortages. Jonathan highlighted the importance of recycling, stating,

"A robust recycling effort to take advantage of materials in spent batteries and scrap from the manufacturing process could reduce the need for more mineral excavation."

The EU's push for mandatory battery recycling will significantly alleviate the pressure on natural resources. Recycling reduces the demand for newly mined materials and decreases costs, potentially making EVs more affordable in the long run.

Jonathan elaborated, "Because concentrations of rare metals in batteries are higher than in natural ores, spent batteries can be seen as highly enriched ore."

In addition to economic benefits, battery recycling will help prevent improper disposal, reducing the environmental risks associated with landfills and unethical waste management.

**Looking forward**

With EV sales forecasted to rise year-over-year and significant progress in battery recycling efforts, the EV market is on the cusp of transformative growth.

While the industry has faced challenges, particularly around supply chains and infrastructure, the combination of regional demand, technological advancements and sustainability initiatives ensures a bright future for EV adoption worldwide.

By 2030, focusing on reducing waste and reusing valuable materials will be critical in meeting the growing demand for EVs and ensuring their commercial viability globally.

**EV Magazine**

# INNOVATION

## နည်းပညာအသစ်ကြောင့် လျှပ်စစ်အမှိုက်များမှ ရွှေကို ၁၀ ဆပိုမိုထုတ်ယူနိုင်

စင်ကာပူအမျိုးသားတက္ကသိုလ်မှ သိပ္ပံပညာရှင်များက လျှပ်စစ်အမှိုက်တွေကနေ ရွှေကို ပိုမိုထုတ်ယူနိုင်စေမယ့်နည်းပညာအသစ်ကို ဖန်တီးလိုက်ပါတယ်။ အဲဒီနည်းပညာကတော့ ချီတိုဆန်နဲ့ဂရပ်ဖင်းအောက်ဆိုက်တို့ကို ပေါင်းစပ်ဖန်တီးထားတဲ့ ရေမြှုပ်တစ်မျိုးကိုထုတ်လုပ်တဲ့နည်းပညာပါပဲ။

လျှပ်စစ်အမှိုက်ဆိုတာက အသုံးမလိုတော့တဲ့ ဆားကစ်ပြားတွေလိုမျိုးပစ္စည်းတွေကိုခေါ်တာဖြစ်ပြီး အဲဒီပစ္စည်းတွေကို ရွှေသတ္တုလေးတွေ ထည့်သွင်းပြီးပြုလုပ်ထားတာဖြစ်ပါတယ်။ အရင်တုန်းကဆိုရင် အဲဒီလျှပ်စစ်အမှိုက်တွေထဲကရွှေကို ထုတ်ယူရာမှာ အရည်ဖျော်တဲ့နည်းလမ်းနဲ့ထုတ်ယူနေကြတာပါ။ အဲဒီနည်းလမ်းကအန္တရာယ်လည်းများသလို အဆိပ်သင့်မှုလည်းရှိပါတယ်။

အခုနည်းလမ်းကတော့ သမားရိုးကျနည်းလမ်းကို လုံးလုံးလျားလျားပြောင်းလဲလိုက်စေနိုင်ပါတယ်။ ဒါ့အပြင် အသုံးပြုရာမှာလည်း ဈေးသက်သာတယ်။ သန့်ရှင်းမှုလည်းပိုရှိတယ်။ ထိရောက်မှုလည်းပိုများပြီး ယခင်ထက်ရွှေကို ၁၀ ဆပိုမိုထုတ်ယူနိုင်တယ်လို့ဆိုပါတယ်။ သုတေသနပညာရှင်များက သူတို့ဖန်တီးထားတဲ့ ရေမြှုပ်ကို လျှပ်စစ်အမှိုက်တွေဆီကနေ ရွှေထုတ်ယူခြင်းအားဖြင့် လက်တွေ့စမ်းသပ်မှုလုပ်ထားတာပါ။ Ref: IE

K.H




## လေထဲမှ ရေထုတ်ယူပေးနိုင်သည့် လက်ကိုင်ကိရိယာတစ်ခုကို အမေရိကန်တီထွင်

ကမ္ဘာတစ်ဝန်းမှသိပ္ပံပညာရှင်များက အဆင်သင့်ရရှိနိုင်တဲ့သောက်သုံးရေကို ဘယ်လိုနည်းလမ်းနဲ့ထုတ်လုပ်နိုင်မလဲဆိုတာ အမြဲမပြတ်တွေးတောကြံစည်တီထွင်မှုတွေလုပ်နေကြပါတယ်။ အဓိကကတော့ ခြောက်သွေ့တဲ့ရာသီဥတုအခြေအနေမျိုးမှာ သောက်ရေထုတ်ယူနိုင်မယ့် နည်းလမ်းကို တီထွင်ကြတာပါ။

ဒီအချိန်မှာ အမေရိကန်နိုင်ငံ အိုဟိုင်းယိုးပြည်နယ်တက္ကသိုလ်မှ သုတေသနအဖွဲ့တစ်ဖွဲ့က လေထဲကနေ ရေထုတ်ယူနိုင်မယ့် လက်ကိုင်ကိရိယာတစ်ခုကို တီထွင်ဖန်တီးလိုက်နိုင်ပါပြီ။ အဲဒီကိရိယာက တခြားကိရိယာတွေထက် ပိုပြီးရိုးရှင်းတယ်။ ပိုပြီးထိရောက်တယ်။ သယ်သွားရတာကလည်း ပိုပြီးလွယ်ကူစေပါတယ်။

သုတေသီများက လေမှရေထုတ်စက်ကို အပူချိန်ပြောင်းလဲမှုအတိုင်း လျင်မြန်စွာပြောင်းလဲတတ်တဲ့ နီကယ်တိုက်တေနီယံကိုအခြေခံပြီး ဖန်တီးထားတာပါ။ သူ့ရဲ့အရွယ်အစားက ကျောပိုးအိတ်ထဲ ထည့်သယ်သွားလို့ရတဲ့အထိ ကျစ်ကျစ်လျစ်လျစ်ရှိလှပါတယ်။

ဒါ့အပြင် သူကစွမ်းအင်ကိုတော့နည်းပါးစွာအသုံးပြုပါတယ်။ သာမန်အားဖြင့် အသုံးပြုနေတဲ့ လေမှရေထုတ်စက်ကြီးတွေနည်းတူ ရေပမာဏကိုထုတ်ပေးနိုင်ချိန်မှာ အသုံးပြုရတဲ့စွမ်းအင်ပမာဏက ထက်ဝက်ကျသွားပါတယ်။ Ref: IE

K.H



# MILITARY

## ရုရှားကုမ္ပဏီများက Kalibr ဒုံးကျည်တင်စစ်သင်္ဘောပုံစံအသစ်ကို တာဝန်ရှိသူများထံတင်ပြ



ရုရှားနိုင်ငံသင်္ဘောတည်ဆောက်ရေးကုမ္ပဏီများက Kalibr အနိမ့်ပျံဒုံးကျည်အစင်း ၂၀ အထိတင်ဆောင်ပစ်ခတ်နိုင်တဲ့ စစ်သင်္ဘောအသစ်တစ်မျိုးရဲ့ပုံစံကို တာဝန်ရှိသူများထံတင်ပြခဲ့တယ်လို့ Ak Bars သင်္ဘောတည်ဆောက်ရေးကော်ပိုရေးရှင်းမှ ညွှန်ကြားရေးမှူးချုပ် ရီနတ်မီစတာကော့ကပြောပါတယ်။

အဲဒီစစ်သင်္ဘောအသစ်က ဘက်စုံသုံး Buyan အတန်းအစား ကော်ဗက်စစ်ရေယာဉ်ကို အဆင့်မြှင့်တင်ထားတဲ့ပုံစံဖြစ်လာပါလိမ့်မယ်။ သင်္ဘောတန်ချိန်သည်လည်း တန်ချိန် ၁၅၀၀ အထိရှိလာမှာပါ။ သူ့မှာ Kalibr ဒုံးကျည်အပြင် အဆင့်မြင့်လေကြောင်းရန်ကာကွယ်ရေးစနစ်များ၊ စက်အမြောက်များနဲ့ ဒုံးကျည်စနစ်များစွာလည်း ပါဝင်လာဦးမှာဖြစ်ပါတယ်။ Kalibr အမျိုးအစားဒုံးကျည်ဆိုတာ လက်ရှိမှာ အမြင့်ဆုံးတိုက်ပွဲဝင်နိုင်စွမ်းရှိတဲ့ ဒုံးကျည်ဖြစ်ပါတယ်။ Ref: Sputnik

K.H

## အိန္ဒိယ၌ ပထမဆုံးပုဂ္ဂလိကစစ်လေယာဉ်ထုတ်လုပ်ရေးစက်ရုံဖွင့်လှစ်



အိန္ဒိယက နိုင်ငံအတွက်ပထမဆုံးဖြစ်တဲ့ပုဂ္ဂလိကစစ်သုံးလေယာဉ်ထုတ်လုပ်ရေးစက်ရုံကို ဖွင့်လှစ်ခြင်းအားဖြင့် လေကြောင်းလုပ်ငန်းကို အဆင့်မြှင့်တင်လိုက်ပါပြီ။ အဲဒီစက်ရုံက ဂူဂျာရတ်ပြည်နယ်မှာရှိပြီး C-295 အမျိုးအစား စစ်သုံးသယ်ယူပို့ဆောင်ရေးလေယာဉ်တွေကို ထုတ်လုပ်သွားမှာပါ။

ဒီစက်ရုံကိုဖွင့်လှစ်နိုင်ဖို့အတွက် ဥရောပရဲ့ Airbus ကုမ္ပဏီနဲ့ပူးပေါင်းဆောင်ရွက်ခဲ့တာဖြစ်ပါတယ်။ အောက်တိုဘာလ ၂၈ ရက်မှာကျင်းပတဲ့စက်ရုံဖွင့်ပွဲကို အိန္ဒိယဝန်ကြီးချုပ်နဲ့ စပိန်သမ္မတတို့အပြင် သက်ဆိုင်ရာတာဝန်ရှိသူများကိုယ်တိုင် တက်ရောက်ကြပါတယ်။

အိန္ဒိယက C-295 လေယာဉ် ၅၆ စင်းဝယ်ယူထားပြီး ၁၆ စင်းကိုတင်သွင်းကာ အစင်း ၄၀ ကို အခုစက်ရုံကနေထုတ်လုပ်သွားမှာဖြစ်ပါတယ်။ Ref: AR

K.H

## ပေါ်တူဂီက RapidRanger ဖြင့် လေကာစနစ်ကိုအဆင့်မြှင့်တင်

ပေါ်တူဂီစစ်ဘက်က လေကြောင်းရန်ကာကွယ်ရေးစနစ်အတွက် Thales ရဲ့ RapidRanger ကိုအသုံးပြုခြင်းအားဖြင့် အဆင့်မြှင့်တင်လိုက်ပါတယ်။ ဒီလိုမျိုးအဆင့်မြှင့်တင်ဖို့အတွက် ၂၀၁၇ ခုနှစ်ကတည်းကကြိုးပမ်းခဲ့ပေမယ့် ၂၀၂၃ ခုနှစ်အကုန်မှာ အပြီးသတ်တင်ဒါခေါ်ခဲ့တာပါ။

အဲဒီတင်ဒါကိုတော့ ကုမ္ပဏီခြောက်ခုကဝင်ရောက်ယှဉ်ပြိုင်ပြီး သူတို့ရဲ့အဆင့်မြင့်လေကာစနစ်တွေကို ပြသခဲ့ပါတယ်။ နောက်ဆုံးမှာ Thales ကုမ္ပဏီရဲ့ RapidRanger ကိုရွေးချယ်လိုက်တာပါ။



RapidRanger ဆိုတာက ယာဉ်တင်အလိုအလျောက်လေကာစနစ်တစ်မျိုးဖြစ်ပြီး ဝေဟင်နဲ့မြေပြင်ကြားကနေထွက်ပေါ်လာမယ့် အန္တရာယ်ဟူသမျှကိုအမြန်ဆုံးနဲ့အထိရောက်ဆုံး တုံ့ပြန်နိုင်တဲ့ လေကာစနစ်တစ်မျိုးဖြစ်ပါတယ်။ Ref: AR

K.H

# အန်ကောဒေသမှ တံခါးစောင့်ရုပ်တု ၁၂ ခုကိုတူးဖော်တွေ့ရှိ

ဖနွမ်းပင်၊ ရှေးဟောင်းပစ္စည်း

ကမ္ဘောဒီးယားနိုင်ငံရှိ အန်ကောဒေသ၏ နန်းတော်ရာမြောက်ဘက်တံခါးပေါက်မှ တံခါးစောင့်ရုပ်တု ၁၂ ခုကို မကြာသေးမီက တူးဖော်တွေ့ရှိကြောင်း အန်ကောရှေးဟောင်းဒေသထိန်းသိမ်းရေး အာဏာပိုင်အဖွဲ့ (ANA)က အောက်တိုဘာလ ၂၈ ရက်တွင် ထုတ်ပြန်ထားသည်။

ထိုရှေးဟောင်းရုပ်တုများ ရှာဖွေတူးဖော်ရေးလုပ်ငန်းကို ANA နှင့် အန်ကောရှေးဟောင်းဒေသကာကွယ်ရေးဆိုင်ရာ တရုတ်-ကမ္ဘောဒီးယားအစိုးရအဖွဲ့ (CCSA) တို့ကြား ပူးပေါင်းဆောင်ရွက်မှုအဖြစ် လုပ်ဆောင်ခဲ့ခြင်းဖြစ်ကြောင်း ရှေးဟောင်းသုတေသီဆွန်းချန်သွန်းက ပြောသည်။

ပညာရှင်များအနေဖြင့် မြောက်ဘက်တံခါးပေါက်၏ တည်ဆောက်မှုပုံစံကို လေ့လာစဉ်နှင့် ပြိုကျသွားသောကျောက်တုံးများကိုရှာဖွေနေစဉ် အဆိုပါရုပ်တုများကို တွေ့ရှိရခြင်းဖြစ်ကြောင်း ဆွန်းချန်သွန်းက ဆက်ပြောသည်။

ထိုရုပ်တုများသည် သဲကျောက်အမျိုးအစားရုပ်တုများဖြစ်ပြီး အရွယ်အစားကွာခြားမှုရှိကြောင်းနှင့် ပုံစံမှာလည်း မတူညီ ကြောင်းသိရသည်။

Ref: Xinhua



# လာအိုက ဝန်ထမ်းများကိုလစာတိုးပေးရန် စဉ်းစားနေ

ဗီယန်ကျင်း၊ ပြည်တွင်းရေး

လာအိုအစိုးရက လက်ရှိဖြစ်ရင်ဆိုင်နေရသည့်စီးပွားရေးစိန်ခေါ်မှုများကြားတွင် နိုင်ငံ့ဝန်ထမ်းများ၏ အခြေခံလိုအပ်ချက်များပြည့်မီနိုင်စေရေးအတွက် အနည်းဆုံးလုပ်ခလစာကိုတိုးပေးရန် စဉ်းစားလျက်ရှိကြောင်းသိရသည်။

ဝန်ကြီးဌာနများ၊ အစိုးရအဖွဲ့အစည်းများ၊ ပြည်နယ်ဝန်ကြီးချုပ်များက အောက်တိုဘာလ ၂၈ ရက်တွင်လုပ်ဆောင်သောလပတ်အစည်းအဝေး၌ နိုင်ငံ့ဝန်ထမ်းများကို လစာတိုးပေးရန်၊ ဝန်ထမ်းအင်အားညှိနှိုင်းရန်တို့ကို အဓိကဦးစားပေးဆွေးနွေးခြင်းဖြစ်သည်ဟု တာဝန်ရှိသူများကပြောသည်။

ထို့နောက်အစည်းအဝေးတက်ရောက်သူများသည် ပြည်ထဲရေးဝန်ကြီးဌာနတင်သွင်းသော နိုင်ငံ့ဝန်ထမ်းများနှင့်သက်ဆိုင်သည့်အဆိုပြုမှုကို ထောက်ခံသည်ဟု ပြည်တွင်းသတင်းဌာနက ဖော်ပြထားသည်။

တစ်ချိန်တည်းမှာပင် ငွေကြေးဖောင်းပွမှုကို ကိုင်တွယ်ထိန်းချုပ်နိုင်ရေးအတွက် ယခင်သဘောတူထားသည့် ဆောင်ရွက်ချက်များကို ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း တာဝန်ရှိသူများက ပြောသည်ဟုသိရသည်။

Ref: Xinhua




## သတင်းတိုကဏ္ဍ

### အီရန်က နျူကလီးယားမူဝါဒကိုပြန်လည်သုံးသပ်ရန် အစီအစဉ်မရှိဟုဆို

အစ္စရေးက အီရန်ကိုတိုက်ခိုက်မှုများ လုပ်ဆောင်ပြီးနောက် နိုင်ငံ၏နျူကလီးယားမူဝါဒကို ပြန်လည်သုံးသပ်ရန်အစီအစဉ်မရှိကြောင်း အီရန်နိုင်ငံခြားရေးဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူ အက်စမေးဘာဂါအီက အောက်တိုဘာလ ၂၈ ရက် တွင်ပြောသည်။

အီရန်က အစ္စရေးကိုအောက်တိုဘာလ ၁ ရက်တွင်ဒုံးကျည်များဖြင့်တိုက်ခိုက်ပြီးနောက် အစ္စရေးက ပြီးခဲ့သည့်သီတင်းပတ်တွင် အီရန်ကိုလက်တုံ့ပြန်တိုက်ခိုက်ခြင်းဖြစ်သည်။ ထိုတိုက်ခိုက်မှုကို အကန့်အသတ်ဖြင့်လုပ်ဆောင်သောတိုက်ခိုက်မှုဟု အစ္စရေးကပြောသည်။

ထို့နောက် အီရန်နိုင်ငံအနေဖြင့် နျူကလီးယားလက်နက်များနှင့်ပတ်သက်၍ ရပ်တည်ချက်အပေါ်ပြောင်းလဲမှုမရှိကြောင်း၊ နျူကလီးယားကို စစ်လက်နက်အဖြစ်အသက်သွင်းရန် လုပ်ဆောင်သွားမည်မဟုတ်ကြောင်းနှင့် နိုင်ငံ၏ရပ်တည်ချက်သည် ယခင်ပြဋ္ဌာန်းထားပြီးသည့်အတိုင်းပင်ဖြစ်ကြောင်း ပြောရေးဆိုခွင့်ရှိသူကပြောသည်။

Ref: Sputnik

### ဆူဒန်နိုင်ငံ၌ အရပ်သားများအပေါ် လူအစုလိုက်အပြုံလိုက်သတ်ဖြတ်မှုတစ်ခုဖြစ်ပွား

ဆူဒန်နိုင်ငံ အယ်ဂျီဇီရာပြည်နယ်တွင် အရပ်သားများအပေါ်ပစ်မှတ်ထားသည့် လူအစုလိုက် အပြုံလိုက်သတ်ဖြတ်မှုတစ်ခုဖြစ်ပွားကြောင်း ဒေသတွင်းရှိ တက်ကြွလှုပ်ရှားသူများကပြောသည်။

ဆူဒန်နိုင်ငံသည် လက်နက်ကိုင်အဖွဲ့နှစ်ဖွဲ့ကြားပြည်တွင်းစစ်နှင့်ရင်ဆိုင်နေရသည့် နိုင်ငံဖြစ်ပြီး နောက်ဆုံးဖြစ်ပွားခဲ့သော လူအစုလိုက်အပြုံလိုက်သတ်ဖြတ်မှုတွင် အနည်းဆုံးလူ ၁၂၄ ဦးပါဝင်သည်ဟု ဆူဒန်ဆရာဝန်များကွန်ရက်ကပြောသည်။

ထို့ပြင် တိုက်ပွဲများကြောင့် ဒဏ်ရာရရှိသူများနှင့် ရွှေ့ပြောင်းနေထိုင်ရသူအရေအတွက်မှာလည်း များစွာမြင့်တက်လာသည်ဟု ထိုအဖွဲ့ကဆက်ပြောသည်။

ဆူဒန်တပ်မတော်နှင့် လက်နက်ကိုင်ပြည်သူ့စစ်အဖွဲ့ဖြစ်သည့် RSF တို့ကြားတိုက်ပွဲများဖြစ်ပွားနေသည့် အယ်ဆာရီဟာကျေးရွာ၌ RSF အဖွဲ့က အရပ်သားများကိုသတ်ဖြတ်ခဲ့ခြင်းဖြစ်ကြောင်းသိရသည်။

Ref: RT

### အစ္စရေးက အီရန်ကိုတိုက်ခိုက်ပြီးနောက် ရေနံစိမ်းဈေးနှုန်း တစ်စည်လျှင် လေးဒေါ်လာကျော်ကျဆင်း

ပြီးခဲ့သည့်သီတင်းပတ်တွင် အစ္စရေးကအီရန်ကို ဒုံးကျည်များဖြင့်တိုက်ခိုက်မှုလုပ်ဆောင်ပြီးနောက် အောက်တိုဘာလ ၂၈ ရက်တွင် ရေနံစိမ်းဈေးနှုန်းသည် တစ်စည်လျှင်လေးဒေါ်လာကျော်ကျဆင်းလာကြောင်းသိရသည်။

ထိုသို့တိုက်ခိုက်မှုများဖြစ်ပွားခဲ့သော်လည်း စွမ်းအင်ထောက်ပံ့မှုကွင်းဆက်ကို ထိခိုက်ခြင်းမရှိသည့်အပြင် ရေနံနှင့်နျူကလီးယားစက်ရုံများအပေါ် ထိခိုက်ခြင်းမရှိသောကြောင့် ရေနံစိမ်းဈေးနှုန်းကျဆင်းလာခြင်းဖြစ်သည်။

ဈေးကွက်စဖွင့်ချိန်မှာပင် ဘရန့်ရေနံစိမ်းက တစ်စည်လျှင် ၄ ဒသမ ၂၈ ဒေါ်လာကျဆင်းကာ ၇၁ ဒသမ ၇၇ ဒေါ်လာဖြင့်လည်းကောင်း၊ WTI ရေနံစိမ်းက တစ်စည်လျှင် ၄ ဒသမ ၂၅ ဒေါ်လာကျဆင်းပြီး ၆၇ ဒသမ ၅၃ ဒေါ်လာဖြင့်လည်းကောင်း ပေါက်ဈေးရှိသည်။

ယခုကဲ့သို့ရေနံစိမ်းဈေးနှုန်းကျဆင်းခြင်းသည် အောက်တိုဘာလ ၁ ရက်မှစ၍ အနိမ့်ဆုံးအဆင့်သို့ ကျဆင်းလာခြင်းဖြစ်ကြောင်းသိရသည်။

Ref: RTA

### ဒေါ်နယ်ထရမ့်က သမ္မတဖြစ်လျှင် ပြည်ပစစ်များကိုဆင်နွှဲမည်မဟုတ်ဟု ကတိပြု

အမေရိကန်သမ္မတရွေးကောက်ပွဲဝင်ကိုယ်စားလှယ်ဖြစ်သည့် ဒေါ်နယ်ထရမ့်က ၎င်းသာသမ္မတအဖြစ်ရွေးကောက်ခံရပါက ပြည်ပစစ်ပွဲများကိုဆင်နွှဲသွားမည်မဟုတ်ကြောင်း၊ အမေရိကန်နိုင်ငံသားများကို သူတို့အနေဖြင့်ကြားပင်မကြားဖူးသည့် ပြည်ပနိုင်ငံများသို့စေလွှတ်ပြီး တိုက်ခိုက်သေဆုံးစေမည်မဟုတ်ကြောင်း ကတိပြုထားသည်။

ထို့ပြင် ထရမ့်က ၎င်းသာလျှင်ကမ္ဘာ့ပဋိပက္ခကြီးများဖြစ်ပွားမှုကို ကာကွယ်ပေးနိုင်သည့် တစ်ဦးတည်းသောသူဖြစ်ကြောင်း ပြီးခဲ့သည့်သီတင်းပတ်တွင် ပန်ဆယ်ဗေးနီးယားပြည်နယ်၌ ပြုလုပ်သည့်မဲဆွယ်စည်းရုံးပွဲတွင် ပြောသည်။

အလားတူ ၎င်း၏ပြိုင်ဘက်ဖြစ်သည့် ကမ်မလာဟဲရစ်သာ ရွေးကောက်ခံရလျှင် ပြည်သူသန်းပေါင်းများစွာ၏ အသက်များနှင့်ဘဝများကို လောင်းကြေးထပ်ရမည်ဖြစ်ကြောင်းနှင့် တတိယကမ္ဘာစစ်ကိုဖန်တီးသူမှာ ကမ်မလာဟဲရစ်သာဖြစ်မည်ဖြစ်ကြောင်း ဒေါ်နယ်ထရမ့်ကပြောထားသည်ဟုသိရသည်။

Ref: RT

❑ ကျောဖုံးမှအဆက်

လက်ရှိတွင် မုန်တိုင်းထရမ်မီသည် ဗီယက်နမ်နိုင်ငံသို့ ဝင်ရောက်တိုက်ခတ်နေဆဲဖြစ်ပြီး မုန်တိုင်းကြောင့် မိုးသည်းထန်စွာရွာသွန်းမှုနှင့်အတူ သစ်ပင်များမှာလည်း အမြစ်မှကျွတ်ထွက်မှုများဖြစ်ပွားသည်။

တစ်ချိန်တည်းမှာပင် ကောင်းရေးဟု အမည်ပေးထားသည့် အားကောင်းသောအပူပိုင်းမုန်တိုင်းတစ်လုံးက ဖိလစ်ပိုင်ပင်လယ်အတွင်းဖြစ်ပေါ်လျက်ရှိရာ ယင်းမုန်တိုင်းသည် အောက်တိုဘာလ ၂၉ ရက်တွင် တိုင်ဖွန်းမုန်တိုင်းအဖြစ်ပြောင်းလဲလာကာ ဖိလစ်ပိုင်နိုင်ငံသို့ ဦးတည်လာနိုင်ကြောင်း မိုးလေဝသဌာနက အောက်တိုဘာလ ၂၈ ရက်တွင် ထုတ်ပြန်ထားသည်။

ထို့နောက် မုန်တိုင်းသည်လေတိုက်နှုန်း တစ်နာရီလျှင် ကီလိုမီတာ ၁၀၀ နှုန်းဖြင့် အောက်တိုဘာလ ၃၀ ရက်တွင် ဖိလစ်ပိုင်နိုင်ငံမြောက်ပိုင်းရှိ ကျွန်းစုငယ်များအနီးမှ ဖြတ်သန်းသွားမည်ဖြစ်ကြောင်း မိုးလေဝသဌာန၏ထုတ်ပြန်ချက်တွင် ဆက်လက်ဖော်ပြထားသည်။

မုန်တိုင်းကောင်းရေးသည် အောက်တိုဘာလ ၃၁ ရက်တွင် ထိုင်ဝမ်ကျွန်း၏အရှေ့ဘက်ကမ်းရိုးတန်း ကုန်းတွင်းပိုင်းသို့ဝင်ရောက်မည်ဖြစ်ကြောင်း တာဝန်ရှိသူများက သတိပေးထားသည်။

မုန်တိုင်းထရမ်မီကြောင့် ဖိလစ်ပိုင်နိုင်ငံ၌ ရေကြီးမှုများ၊ မြေပြိုမှုများဖြစ်ပွားရာ သေဆုံးသူ ၁၁၆ ဦးအထိမြင့်တက်ပြီး ၃၉ ဦး ပျောက်ဆုံးနေဆဲဖြစ်ကြောင်း ဖိလစ်ပိုင်သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲရေးဌာနက ထုတ်ပြန်ထားသည်။

Ref: Xinhua, Philstar

# ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက ထိန်းသိမ်းထားသောရေလှောင်တမံနှင့် ရေထိန်းတမံများ ကြံ့ခိုင်မှုကောင်းမွန်လျက်ရှိပြီး စိုးရိမ်ရန်မရှိ

နေပြည်တော်  အောက်တိုဘာ  ၂၈

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက ပြည်ထောင်စုနယ်မြေနေပြည်တော်တွင် ထိန်းသိမ်းထားသော ရေလှောင်တမံနှင့် ရေထိန်းတမံစုစုပေါင်း ၁၂ ခု ရှိရာ အောက်တိုဘာလ ၂၈ ရက်၌ ပေါင်းလောင်းရေလှောင်တမံတွင် HED ရေတံခါးအချပ် ၂၀ ထောင်ထားပါသဖြင့် ရေပိုလွှဲမှ ရေကျော်စီးဆင်းမှုမရှိတော့ဘဲ ရေပိုမိုသိုလှောင်ထားသည်။

အဆိုပါရေလှောင်တမံများ၏ ကြံ့ခိုင်မှုအခြေအနေမှာ ကောင်းမွန်လျက်ရှိပြီး တာဝန်ကျဝန်ထမ်းများအား ၂၄ နာရီ ရေကင်းတာဝန်ချထား၍ အနီးကပ်စောင့်ကြပ်စစ်ဆေးလျက်ရှိကြောင်းနှင့် စိုးရိမ်ရန်မရှိကြောင်း သိရသည်။ **(သတင်းစဉ်)**

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**
**ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်**

ရက်စွဲ - ၂၈.၁၀.၂၀၂၄

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်

(၆ : ၀၀) နာရီ

**အကြောင်းအရာ ။ ။ ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်လက်အောက်ရှိ ရေလှောင်တမံများ၏ ရေမှတ်များပေးပို့ခြင်း။**

| စဉ် | ရေလှောင်တမံအမည် | ကန်ရေပြည့် | | ကန်ရေသေ | | (၂၈.၁၀.၂၀၂၄)နေ့ရှိ | | | ယနေ့ ထုတ်လွှတ်သည့် ရေပမာဏ (ဧကပေ) | ကန်ရေပြည့်ရန် လိုအပ်သည့် | | ကန်ရေပြည့်ပြီး | | မိုးရေချိန် (လက်မ) | ယခင်နေ့ ရေမှတ် |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ရေမှတ် (ပေ) | သိုလှောင်ရေ ပမာဏ (ဧကပေ) | ရေမှတ် (ပေ) | သိုလှောင်ရေ ပမာဏ (ဧကပေ) | ဝင်ရေ (ဧကပေ) | ရေမှတ် (ပေ) | သိုလှောင် ပမာဏ (ဧကပေ) | | ရေအနက် (ပေ) | သိုလှောင် ပမာဏ (ဧကပေ) | အမြင့် (ပေ) | ပိုလျှံရေ ပမာဏ (ဧကပေ) | | |
| ၁ | ပေါင်းလောင်းတမံ | ၆၂၃.၃၉ | ၅၄၉၄၂၀ | ၅၄၁.၃၆ | ၂၇၃၆၆၀ | ၁၅၅၅၇ | ၆၂၃.၅၈ | ၅၅၀၂၆၁ | ၁၈၃၁၁ (လျှပ်စစ်ထုတ်ရေ) | - | - | - | - | - | ၆၂၄.၂၄ |
| ၂ | မဒန်းတမံ | ၆၃၅.၀၀ | ၃၆၅၀၀ | ၅၉၀.၀၀ | ၅၂၀၀ | ၁၃ | ၆၂၇.၇၀ | ၂၈၈၀၇ | - | ၇.၃၀ | ၇၆၉၃ | - | - | - | ၆၂၇.၇၀ |
| ၃ | ချောင်းမငယ်တမံ | ၅၂၀.၀၀ | ၉၁၇၇၀ | ၄၈၀.၀၀ | ၁၅၃၀၀ | ၄၀ | ၅၁၉.၁၀ | ၈၉၃၁၃ | - | ၀.၉၀ | ၂၄၅၇ | - | - | - | ၅၁၉.၁၀ |
| ၄ | ဖောင်းလောင်တမံ | ၅၁၂.၀၀ | ၁၂၂၅၇ | ၄၉၀.၅၀ | ၂၅၄၀ | - | ၅၀၉.၆၀ | ၁၀၅၀၄ | ၁ | ၂.၄၀ | ၁၇၅၃ | - | - | - | ၅၀၉.၆၅ |
| ၅ | ရေဆင်းတမံ | ၄၃၉.၀၀ | ၇၃၀၀၀ | ၃၆၈.၄၀ | ၁၀၄၀ | ၂၃၂ | ၄၃၇.၇၈ | ၆၉၃၄၀ | ၂၀၈ | ၁.၂၂ | ၃၆၆၀ | - | - | - | ၄၃၇.၇၈ |
| ၆ | လေိုက်တမံ | ၅၃၅.၀၀ | ၇၅၀၀၀ | ၅၀၆.၀၀ | ၁၂၉၅၀ | ၃၄ | ၅၃၄.၉၅ | ၇၄၇၉၉ | - | ၀.၀၅ | ၂၀၁ | - | - | - | ၅၃၄.၉၅ |
| ၇ | သဲဖြူတမံ | ၄၁၈.၀၀ | ၈၇၁၈ | ၃၉၀.၀၀ | ၆၈၇ | ၁ | ၄၁၅.၆၉ | ၇၄၁၄ | ၁၁ | ၂.၃၁ | ၁၃၀၄ | - | - | - | ၄၁၅.၇၃ |
| ၈ | ဆင်သေတမံ | ၇၁၀.၀၀ | ၁၄၃၀၉၀ | ၆၇၄.၀၀ | ၁၇၃၀၃ | ၄၀ | ၇၀၃.၆၇ | ၁၀၈၃၅၇ | ၁၄၂ | ၆.၃၃ | ၃၄၇၃၃ | - | - | - | ၇၀၃.၇၀ |
| ၉ | ကင်းသာရေထိန်းတမံ | ၅၅၈.၅၀ | ၇၂ | ၅၄၅.၀၀ | ၈ | | | | | ရေတိုက်စား | | | | - | |
| ၁၀ | မုန်ရေထိန်းတမံ | ၆၀၂.၀၀ | ၅၀၀ | ၅၉၂.၀၀ | ၂၂၅ | ၁၁၂ | ၆၀၁.၈၅ | ၄၉၃ | ၆၁ | ၀.၁၅ | ၇ | - | - | - | ၆၀၁.၉၀ |
| ၁၁ | မြို့လှတမံ | ၈၇၀.၀၀ | ၁၄၆၀၀ | ၈၅၀.၀၀ | ၄၅၂၀ | ၃၅ | ၈၆၃.၄၅ | ၁၀၁၁၅ | ၂၈ | ၆.၅၅ | ၄၄၈၅ | - | - | - | ၈၆၃.၄၅ |
| ၁၂ | တောက်ပြိုတမံ | ၆၇၉.၀၀ | ၂၄၉၁ | ၆၅၉.၀၀ | ၄၇၅ | ၁ | ၆၇၄.၀၀ | ၁၈၃၈ | ၁ | ၅.၀၀ | ၆၅၃ | - | - | - | ၆၇၄.၀၀ |

မှတ်ချက် - ပေါင်းလောင်းတမံတွင် HED ရေတံခါးရွက် (၂၀) ချပ်ထောင်ထားပါသည်။

## လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ(၇)ရရှိသူ၏အခွင့်အရေးများ

(က) လယ်ယာမြေကို လက်ရှိထားပိုင်ခွင့်၊ လယ်ယာမြေလုပ်ပိုင်ခွင့်၊ ရာသီသီးနှံကို ပြောင်းလဲစိုက်ပျိုးနိုင်ခွင့်၊ ယင်းသို့လုပ်ပိုင်ခွင့်မှ ပေါ်ထွက်လာသည့်အကျိုးအမြတ်ကိုခံစားပိုင်ခွင့်၊

(ခ) လယ်ယာမြေကို အားလုံးဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းဖြစ်စေ၊ လုပ်ပိုင်ခွင့်အား သတ်မှတ်ထားသောစည်းကမ်းချက်များနှင့်အညီ ရောင်းချခွင့်၊ ပေါင်နှံခွင့်၊ ငှားရမ်းခွင့်၊ လဲလှယ်ခွင့်နှင့်ပေးကမ်းခွင့်၊

(ဂ) လယ်ယာမြေလုပ်ပိုင်ခွင့်ကို အမွေဆက်ခံခြင်းနှင့်စပ်လျဉ်း၍ အငြင်းပွားမှုပေါ်ပေါက်လာပါက တည်ဆဲဥပဒေနှင့်အညီ သက်ဆိုင်ရာတရားရုံး၏ အဆုံးအဖြတ်ခံယူနိုင်ခွင့်၊

(ဃ) သတ်မှတ်သည့်စည်းကမ်းချက်များကို ဖောက်ဖျက်ခြင်းမရှိသရွေ့ လယ်ယာမြေလုပ်ပိုင်ခွင့်၊

(င) လယ်ယာမြေတွင် စိုက်ပျိုးရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိုးရသို့မဟုတ် အစိုးရအသိအမှတ်ပြုထားသည့် အဖွဲ့အစည်း၊ အသင်းအဖွဲ့များ၏ ရင်းနှီးမြှုပ်နှံမှုဖြင့်လည်းကောင်း၊ ပုဂ္ဂလိကရင်းနှီးမြှုပ်နှံသူများနှင့်လည်းကောင်း အကျိုးတူလုပ်ကိုင်ခွင့်၊

(စ) လယ်ယာမြေတွင် နိုင်ငံခြားသား သို့မဟုတ် နိုင်ငံခြားသားပါဝင်သောအဖွဲ့အစည်းနှင့်ပူးပေါင်း၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ အကျိုးတူလုပ်ကိုင်ခွင့်။

(လယ်ယာမြေဥပဒေပုဒ်မ ၉)

**ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့**

## လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ(၇)ရရှိသူလိုက်နာရမည့်စည်းကမ်းချက်များ

(က) ဤဥပဒေတွင် ပြဋ္ဌာန်းထားသည့်အတိုင်း လယ်ယာမြေကို လုပ်ကိုင်ရမည်။

(ခ) လယ်ယာမြေနှင့်စပ်လျဉ်း၍ တည်ဆဲဥပဒေတစ်ရပ်ရပ်အရ စည်းကြပ်သောမြေခွန်နှင့် အခြားအခွန်အခများကို ပေးဆောင်ရမည်။

(ဂ) လယ်ယာမြေလုပ်ပိုင်ခွင့်ကို ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ငှားရမ်းခြင်း၊ လဲလှယ်ခြင်းနှင့် ပေးကမ်းခြင်းတို့ကို ဆောင်ရွက်သည့်အခါ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့က သတ်မှတ်သည့်တန်ဖိုးနှင့်အညီ တည်ဆဲဥပဒေအရ သတ်မှတ်သောတံဆိပ်ခေါင်းခွန်နှင့် ဦးစီးဌာနကသတ်မှတ်သည့် စာချုပ်စာတမ်းမှတ်ပုံတင်ခတို့ကို ပေးဆောင်၍ သက်ဆိုင်ရာမြို့နယ်ဦးစီးဌာနရုံးတွင် မှတ်ပုံတင်ရမည်။

(ဃ) တည်ဆဲဥပဒေနှင့်အညီ အမွေဆက်ခံခြင်းဖြင့် လယ်ယာမြေလုပ်ပိုင်ခွင့်ကိုရရှိသည့်အခါ သတ်မှတ်ချက်များနှင့်အညီ သက်ဆိုင်ရာမြို့နယ်ဦးစီးဌာနရုံးတွင် မှတ်ပုံတင်ရမည်။

(င) စိုက်ပျိုးထုတ်လုပ်မှုအရင်းအနှီးအတွက်သာ လယ်ယာမြေလုပ်ပိုင်ခွင့်ကို ပေါင်နှံခွင့်ရှိပြီး အစိုးရဘဏ် သို့မဟုတ် အစိုးရကအသိအမှတ်ပြုသောဘဏ်တွင်သာ ပေါင်နှံရမည်။

(စ) လယ်ယာမြေကို ခွင့်ပြုမိန့်မရရှိဘဲ အခြားနည်းသုံးစွဲခြင်းမပြုရ။

(ဆ) လယ်ယာမြေကို ရာသီသီးနှံအမျိုးအစားမှ အခြားသီးနှံအမျိုးအစားသို့ ခွင့်ပြုချက်မရှိဘဲ ပြောင်းလဲစိုက်ပျိုးခြင်းမပြုရ။

(ဇ) ခိုင်လုံသောအကြောင်းပြချက်မရှိဘဲ လယ်ယာမြေကို လုပ်ထားခြင်းမပြုရ။ သို့ရာတွင် လယ်ယာမြေကို လုပ်ထားရန် အကြောင်းတစ်စုံတစ်ရာပေါ်ပေါက်ပါက မြေတည်ရှိရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့မှတစ်ဆင့် မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သို့ တင်ပြရမည်။ ယင်းသို့လုပ်ထားခြင်းသည်လည်း ရွှေ့ပြောင်းတောင်ယာမြေမှအပ နှစ်နှစ်ဆက်တိုက်ထက် မပိုစေရ။


(ဈ) လယ်ယာမြေလုပ်ပိုင်ခွင့်မရမီကာလအတွင်း သို့မဟုတ် လယ်ယာမြေလုပ်ပိုင်ခွင့်နှင့်စပ်လျဉ်း၍ အငြင်းပွားမှုဖြစ်ပေါ်နေသောကာလအတွင်း လယ်ယာမြေကိုရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ငှားရမ်းခြင်း၊ လဲလှယ်ခြင်း သို့မဟုတ် ပေးကမ်းခြင်းမပြုရ။

ထို့ပြင် လယ်ယာမြေနှင့်စပ်လျဉ်း၍ သက်ဆိုင်သူ မည်သူမဆို သက်ဆိုင်ရာလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့အဆင့်ဆင့်က ဥပဒေနှင့်အညီ ချမှတ်ထားသောအမိန့်ကိုလိုက်နာရမည်။

(လယ်ယာမြေဥပဒေပုဒ်မ ၁၂၊ ၁၃)

**ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့**

# ငါန်းဇွန်မြို့နယ်၊ ရဲပဒိုင်းကျေးရွာကို လုံခြုံရေးတပ်ဖွဲ့ဝင်များက မီးရှို့ဖျက်ဆီးခဲ့ကြောင်း သတင်းတု၊ သတင်းအမှားများ လုပ်ကြံရေးသားဖြန့်ဝေ




နေပြည်တော် အောက်တိုဘာ ၂၈

မန္တလေးတိုင်းဒေသကြီး၊ ငါန်းဇွန်မြို့နယ်၊ ရဲပဒိုင်းကျေးရွာကို အောက်တိုဘာလ ၂၆ ရက်က တိုက်ပွဲဖြစ်ပွားခြင်းမရှိဘဲ လုံခြုံရေးတပ်ဖွဲ့ဝင်များက မီးရှို့ဖျက်ဆီးခဲ့ကြောင်း သတင်းတု၊ သတင်းအမှားများကို တရားမဝင်ပြည်ဖျက်မီဒီယာများက လုပ်ကြံရေးသားဝါဒဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။

ဖြစ်စဉ်အမှန်မှာ ၎င်းရက်နေ့တွင် ရဲပဒိုင်းကျေးရွာနှင့် ရွာသစ်ကျေးရွာအကြား နယ်မြေလုံခြုံရေး ဆောင်ရွက်နေသည့် လုံခြုံရေးပူးပေါင်းတပ်ဖွဲ့ဝင်များကို ရဲပဒိုင်းကျေးရွာအတွင်းမှ PDF အမည်ခံအကြမ်းဖက်သမားများက လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့သည့်အတွက် နှစ်ဖက်ထိတွေ့တိုက်ပွဲများဖြစ်ပွားခဲ့ကြောင်း၊ ထို့နောက် လုံခြုံရေးပူးပေါင်းတပ်ဖွဲ့ဝင်များက ဝိုင်းဝန်းပိတ်ဆို့တိုက်ခိုက်ခဲ့သည့်အတွက် ကျေးရွာအတွင်းမှအကြမ်းဖက်သမားများ ဆုတ်ခွာထွက်ပြေးသွားခဲ့ကာ ဆုတ်ခွာထွက်ပြေးစဉ် လမ်းတစ်လျှောက်ရှိနေအိမ်များကို မီးရှို့ဖျက်ဆီးသွားခဲ့ကြောင်း လုံခြုံရေးတာဝန်ရှိသူတစ်ဦး၏ပြောကြားချက်အရ သိရှိရသည်။

ထိုသို့ PDF အမည်ခံအကြမ်းဖက်သမားများက ကျေးရွာများအနီးတွင် တိုက်ပွဲများဖော်ဆောင်ပြီး ၎င်းတို့ထွက်ပြေးလွတ်မြောက်ရန်နှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် အထင်အမြင်လွဲမှားစေရန်အတွက် ပြည်သူများ၏နေအိမ်များအား ယခုကဲ့သို့ မီးရှို့ဖျက်ဆီးနေသည်ကို တရားမဝင်ပြည်ဖျက်မီဒီယာများက လုပ်ကြံရေးသားဝါဒဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း သတင်းရရှိသည်။ (၁၀၀)

# ပြည်ပတွင် သွားရောက်အလုပ်လုပ်ကိုင်မည့်သူများအနေဖြင့် မလိုလားအပ်သောဆုံးရှုံးမှုများ မဖြစ်ပေါ်စေရေး သတိမှတ်ချက်များနှင့်အညီဆောင်ရွက်ရန် တိုက်တွန်းနှိုးဆော်ခြင်း

၁။ ပြည်ပတွင် သွားရောက်လုပ်ကိုင်မည့်သူများအနေဖြင့် ဥပဒေနှင့်အညီ မှတ်ပုံတင်ခြင်း၊ ပြည်ပအလုပ်အကိုင်အတွက် နိုင်ငံကူးလက်မှတ် (Passport for Job-PJ) လျှောက်ထားရယူခြင်း၊ ပြည်ပအလုပ်အကိုင်အလုပ်သမားသက်သေခံကတ် (OWIC) လျှောက်ထားရယူခြင်းတို့မရှိဘဲ ပြည်ပအလည်အပတ်နိုင်ငံကူးလက်မှတ် (Passport for Visit-PV) ကိုသာ လျှောက်ထားရယူထားပြီး ပြည်ပအလုပ်အကိုင်ဗီဇာများရယူကာ လေကြောင်းခရီးဖြင့် ပြည်ပထွက်ခွာရန် ဆောင်ရွက်လျက်ရှိကြသဖြင့် သက်ဆိုင်ရာက လေဆိပ်တွင် စိစစ်သည့်အခါ သတ်မှတ်ချက်များနှင့် မကိုက်ညီသည့်အတွက် ပြည်ပသို့ ထွက်ခွာခွင့်မရခြင်းများကြောင့် လေယာဉ်လက်မှတ်ခအပါအဝင် အခြားသောကုန်ကျစရိတ်များ ဆုံးရှုံးရသည့် ဖြစ်စဉ်များ ဖြစ်ပေါ်လျက်ရှိပါသည်။

၂။ သို့ပါ၍ ပြည်ပတွင် သွားရောက်အလုပ်လုပ်ကိုင်လိုသူများအနေဖြင့် မလိုလားအပ်သည့် ဆုံးရှုံးနစ်နာမှုများ မဖြစ်ပေါ်စေရေးအတွက်ဥပဒေနှင့်အညီ မှတ်ပုံတင်ခြင်း၊ ပြည်ပအလုပ်အကိုင်အတွက် နိုင်ငံကူးလက်မှတ် (Passport for Job-PJ) လျှောက်ထားရယူခြင်း၊ ပြည်ပအလုပ်အကိုင်အလုပ်သမားသက်သေခံကတ် (OWIC)လျှောက်ထားရယူခြင်းတို့အား ဆောင်ရွက်ပြီး တရားဝင်သွားရောက်ကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

**အလုပ်သမားဝန်ကြီးဌာန**

# အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

**နေပြည်တော် အောက်တိုဘာ ၂၈**

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသည့် CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကိုပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများသိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း အောက်တိုဘာလ ၂၇ ရက်နေ့တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့် "Get Well Soon Myanmar Platform" Facebook Page အဖွဲ့ဝင်များဖြစ်ကြသည့် ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ ကြို့ကုန်း(အနောက်)ရပ်ကွက်နေ သူရထွန်းအား နံနက် ၁၀ နာရီ ၁၅ မိနစ်တွင်လည်းကောင်း၊ မရမ်းကုန်းမြို့နယ်၊ အမှတ်(၂)ရပ်ကွက်နေ ဟိန်းထက်ဇော်(ခ) သားကြီးနှင့် ရဲဝင်းသူ တို့အား မွန်းလွဲ ၂ နာရီ ၂၀ မိနစ်တွင်လည်းကောင်း သက်ဆိုင်ရာရဲစခန်းအသီးသီး၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ် အရေးယူဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။ (၁၀၀)

# မိုးတိမ်တောင်ဖြစ်ပေါ်မှုအခြေအနေ

**နေပြည်တော် အောက်တိုဘာ ၂၈**

ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့်မွန်ပြည်နယ်တို့တွင် မိုးတိမ်တောင်များဖြစ်ထွန်းလျက်ရှိပြီး အဆိုပါမိုးတိမ်တောင်များရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့်မိုးသီးကြွေခြင်းစသည့် မိုးလေဝသဖြစ်စဉ်များဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။ **(မိုး/ဇလ)**

**○ ကျောဖုံးမှအဆက်**

အောက်တိုဘာလ ၂၇ ရက်နေ့ နံနက် ၆ နာရီခွဲတွင် ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ အမှတ်(၆၂)ရပ်ကွက်၊ ပတ္တမြားလမ်းရှိ အမှတ်(၃၀)အခြေခံပညာမူလတန်းကျောင်းအနီး၌ အမျိုးသားနှစ်ဦး မိုင်းပေါက်ကွဲစထိမှန်ဒဏ်ရာများဖြင့် လဲကျနေကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ အမှတ်(၇၈)ရပ်ကွက်နေ ဖိုးလပြည့်(၂၉)နှစ် (ဘ)ဦးသက်တိုးနှင့်အမှတ်(၉၄)ရပ်ကွက်နေ ပိုင်မင်းထက်(၂၀)နှစ် (ဘ)ဦးတင်ဝင်းတို့နှစ်ဦးအား မိုင်းပေါက်ကွဲစထိမှန်ဒဏ်ရာများဖြင့်တွေ့ရှိရသဖြင့် ဆေးကုသပေးနိုင်ရေး အမှတ်(၁)တပ်မတော်ဆေးရုံ (ခုတင်-၁၀၀၀) သို့ပို့ဆောင်၍ ထိန်းသိမ်းစစ်ဆေးခဲ့သည်။


တရားခံ ဖိုးလပြည့်(သေဆုံး)


တရားခံ ပိုင်မင်းထက်(သေဆုံး)


တရားခံ ငွေစိုး




ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၌ မိုင်းထောင်ဖောက်ခွဲရန်လာရောက်စဉ် ပေါက်ကွဲမှုဖြစ်ပွား၍ အမျိုးသားနှစ်ဦးသေဆုံးကာ တစ်ဦးအား လက်လုပ်မိုင်းတစ်လုံးနှင့်အတူ ဖမ်းဆီးရမိမှုမှတ်တမ်းဓာတ်ပုံ။

ထိုသို့စစ်ဆေးခဲ့ရာ ယင်းနေ့နံနက်၄ နာရီခွဲတွင် ဖိုးလပြည့်၊ ပိုင်မင်းထက်နှင့်အောင်နိုင်ထွန်း (ခ)ကရင်တို့သည် ငွေစိုး(၄၀)နှစ် မောင်းနှင်သည့် Toyota Corolla အမျိုးအစား YGN AA-4000 နံပါတ်ပါအဖြူရောင်အငှားယာဉ်ဖြင့် အမှတ်(၉၄)ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးအား မိုင်းထောင်ဖောက်ခွဲရန်သွားရောက်စဉ် အဆိုပါရုံးအနီးအရောက်၌ ယာဉ်ပေါ်တွင်သယ်ဆောင်လာသည့် လက်လုပ်မိုင်းမှာပေါက်ကွဲခဲ့သဖြင့် ဖိုးလပြည့်နှင့်ပိုင်မင်းထက်တို့နှစ်ဦးတွင် မိုင်းပေါက်ကွဲစထိမှန်ဒဏ်ရာများရရှိခဲ့ပြီး အောင်နိုင်ထွန်း(ခ)ကရင်မှာ ယာဉ်ပေါ်မှဆင်းပြေးသွားခဲ့ကာ ယာဉ်မောင်းဖြစ်သူငွေစိုးမှ ဖိုးလပြည့်နှင့် ပိုင်မင်းထက်တို့နှစ်ဦးအား တင်ဆောင်၍ ဆက်လက်မောင်းနှင်ကာ အမှတ်(၃၀)အခြေခံပညာမူလတန်းကျောင်းအနီးအရောက်၌ ယာဉ်ပေါ်မှ ချထားခဲ့ခြင်းဖြစ်ကြောင်း ဖော်ထုတ်သိရှိရသည်။


ဖိုးလပြည့်နှင့် ပိုင်မင်းထက်တို့နှစ်ဦး၏ ထွက်ဆိုချက်အရ လုံခြုံရေးတပ်ဖွဲ့ဝင်များက ယာဉ်မောင်းငွေစိုးအား ဖမ်းဆီးရမိနိုင်ရေး ပိတ်ဆို့ရှာဖွေစစ်ဆေးခြင်းများ ဆောင်ရွက်ခဲ့ရာ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ပြည်ထောင်စုလမ်းနှင့်မေယဝတီလမ်းထောင့်အနီးတွင် ငွေစိုးအား ၎င်းမောင်းနှင်သည့် အဖြူရောင်အငှားယာဉ်နှင့်အတူ တွေ့ရှိဖမ်းဆီးရမိခဲ့သဖြင့် မော်တော်ယာဉ်အား အသေးစိတ်စစ်ဆေးခဲ့ရာ ယာဉ်ပေါ်မှသံပိုက်ဖြင့် ပြုလုပ်ထားသည့်လက်လုပ်မိုင်းတစ်လုံးအား တွေ့ရှိရသဖြင့် သက်မဲ့ပြုလုပ်ဖယ်ရှားရှင်းလင်းခဲ့ကြောင်း သိရသည်။

အထက်ပါဖြစ်စဉ်မှ ဖမ်းဆီးရမိသူတရားခံသုံးဦးအနက် ဖိုးလပြည့်နှင့်ပိုင်မင်းထက်တို့မှာ ဆေးကုသမှုခံယူနေစဉ် ရရှိထားသောဒဏ်ရာများဖြင့် သေဆုံးသွားခဲ့ပြီး တရားခံငွေစိုးအား ဥပဒေနှင့်အညီ အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်းနှင့်ထွက်ပြေးတိမ်းရှောင်လျက်ရှိသူ တရားခံအောင်နိုင်ထွန်း(ခ)ကရင်အား ဖမ်းဆီးရမိနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ (၁၀၀)

# ရွှေဘိုခရိုင်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် ကြံကေလျာထားချက်ထက် ပိုမိုစိုက်ပျိုးနိုင်

ရွှေဘို အောက်တိုဘာ ၂၈

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် ကြံကေ ၇၃၁၄ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း ရွှေဘိုခရိုင်စိုက်ပျိုးရေးဦးစီးဌာန စာရင်းများအရ သိရသည်။



